သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



# SMART VILLAGE



# ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲ

(တတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ချက်)

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ

မာတိကာ

စီမံကိန်းအကျဉ်းချုပ်

အခန်း(၁) ........ ၁

စီမံကိန်းနောက်ခံအကြောင်းအရာ........ ၁

ရည်ရွယ်ချက် ........ ၂

စီမံကိန်းဧရိယာ........ ၂

စီမံကိန်းကာလ ........ ၂

ဆောင်ရွက်မည့်နည်းလမ်း........ ၂

ခေတ်မီစံပြကျေးရွာထူထောင်ရေးအဓိကလုပ်ငန်းစဉ်များ........ ၃

ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ........ ၄

သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှုထောက်ပံ့ကူညီခြင်းလုပ်ငန်းများ ........ ၄

အသက်မွေးဝမ်းကျောင်းနှင့်ကျေးလက်စီးပွားရေးမြင့်မားစေရေးလုပ်ငန်းများ........ ၅

အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်းနှင့်နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ........ ၅

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ........ ၆

သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ........ ၆

အကျိုးကျေးဇူး........ ၇

အခန်း(၂)........ ၈

စီမံကိန်းကျေးရွာရွေးချယ်ရာတွင် အခြေခံရမည့်မူများ........ ၈

စီမံကိန်းကျေးရွာများအတည်ပြုခြင်း ........ ၉

အခန်း(၃) ........ ၁၀

ကော်မတီများဖွဲ့စည်းခြင်းနှင့်တာဝန်များ........ ၁၀

ကျေးရွာကော်မတီဖွဲ့စည်းခြင်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း ........ ၁၁

စီမံကိန်းမိတ်ဆက်ခြင်း ........ ၁၁

ကျေးရွာကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ........ ၁၁

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း.......................................................................................၁၂

အခန်း(၄) ....................................................................................................................................... ၁၄

ဌာနအလိုက်တာဝန်ခွဲဝေဆောင်ရွက်မှု ............................................................................................ ၁၄

လုပ်ငန်းကဏ္ဍအလိုက် ရန်ပုံငွေသုံးစွဲမည့်အစီအစဉ်ရေးဆွဲခြင်း.................................................. ၁၅

အခန်း(၅) ....................................................................................................................................... ၁၆

(က) ကျေးရွာချင်းဆက်လမ်းများနှင့်ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း . ၁၆

(ခ) ကျေးရွာကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ခြင်း ..................................................... ၁၈

(ဂ) သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်ခြင်း ............ ၁၈

(ဃ) စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတမံများ ပြုပြင်မွမ်းမံခြင်း ................................. ၂၀

(င) ကျေးရွာလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း ..................................................................... ၂၁

(စ) စာသင်ကျောင်း၊ ဆေးပေးခန်းများ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း ........................... ၂၂

(ဆ) အသိပညာပေးစင်တာ (Community Center)၊ ကျေးလက်ဈေး၊ ကျေးရွာ အားကစား ကွင်း (အပန်းဖြေနေရာ) တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း.................................................... ၂၃

(ဇ) ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာအထောက်အပံ့(သိုလှောင်ရုံ)များဆောက်လုပ်ခြင်း .... ၂၅

(ဈ) ဒီဂျစ်တယ်အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း ............................................... ၂၅

(ည) ကျေးလက်ဈေးများအဆင့်မြှင့်တင်ခြင်း(သို့)တည်ဆောက်ခြင်း(သို့)ပြုပြင်မွမ်းမံခြင်း........ ၂၇

(ဋ) မီးသင်္ဂြိုလ်စက်တည်ဆောက်ခြင်း(သို့) ပြုပြင်မွမ်းမံခြင်း................................................. ၂၈

(ဌ) စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ခြင်း ......................................................................... ၂၈

အခန်း(၆) ....................................................................................................................................... ၃၁

(က) ကျေးရွာမတည်ရန်ပုံငွေထူထောင်ပေးခြင်း (မြစိမ်းရောင်ကျေးရွာစီမံကိန်း)...................... ၃၁

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း ........................................ ၃၈

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သွင်းအားစုများ ထောက်ပံ့ပေးခြင်း. ၄၀

(ဃ) ကုန်ထုတ်လုပ်မှုဆိုင်ရာ စက်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း................................ ၄၁

(င) Mobile-payment နှင့် Digital Payment စနစ်များ ဖွံ့ဖြိုးလာစေခြင်း ............................ ၄၁

အခန်း(၇) ............................................................................................................ ၄၄

(က) စိုက်ပျိုးရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း ............................................................................................................ ၄၄

(ခ) မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း ............................................................................................................ ၄၆

(ဂ) အိမ်တွင်းမှုနှင့်လက်မှုပညာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း... ၄၇

(ဃ) အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း ..................... ၄၈

(င) တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်မှု (Value-added) ဖွံ့ဖြိုးစေခြင်း................................ ၄၉

(စ) ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP)လုပ်ငန်းများ ဖွံ့ဖြိုးစေခြင်း........................... ၅၀

(ဆ) စက်မှုလယ်ယာအပါအဝင်အခြားဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း ....... ၅၂

(ဇ) စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအားအကျိုးတူလယ်ယာ (Contract Framing) စနစ်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ................................................................ ၅၄

(ဈ) ဈေးကွက်အချက်အလက်စုဆောင်းခြင်းနှင့် ဈေးကွက်ချိတ်ဆက်ပေးခြင်း ........................ ၅၆

(ည) အရောင်းပွဲတော်များကျင်းပပေးခြင်း၊ ရောင်းချမှုများ ဖွံ့ဖြိုးစေခြင်း................................ ၅၇

(ဋ) ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း (Rural Business Fund Project)..... ၅၈

အခန်း(၈) ............................................................................................................ ၆၅

(က) ကျေးရွာသမဝါယမအသင်းများ၊ စိတ်တူကိုယ်တူ (SHG) အဖွဲ့များဖွဲ့စည်းခြင်းနှင့် ခိုင်မာအားကောင်းစေခြင်း၊............................................................................................ ၆၅

(ခ) အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆောင်ရွက်ခြင်း၊.................................. ၆၈

(ဂ) အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊...................... ၆၈

(ဃ) တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း................................................... ၇၀

(င) စီးပွားဖြစ်စိုက်ပျိုးမွေးမြူထုတ်လုပ်မှုဆိုင်ရာနှင့် SME ဆိုင်ရာအမြင်ဖွင့်ခြင်းသင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ........................................................................................ ၇၃

အခန်း(၉) ...................................................................................................................၇၅

(က) ထိခိုက်လွယ်အုပ်စုများအတွက် ဦးတည်၍ Cash for Work စီမံကိန်းဆောင်ရွက်ခြင်း .......၇၆

(ခ) ကိုယ်ဝန်ဆောင်မိခင်များအားထောက်ပံ့ခြင်းနှင့် သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်း .၇၈

(ဂ) မိခင်နှင့် ကလေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ......................၇၉

(ဃ) မူကြိုနှင့် နေ့ကလေးထိန်းဌာနများ ထူထောင်ပေးခြင်း.......................................................၈၀

(င) အခမဲ့အာဟာရ ထောက်ပံ့ခြင်း၊ ကျွေးမွေးခြင်း .................................................................၈၀

(စ) ရပ်ရွာအခြေပြု လူထုအဖွဲ့အစည်းများ ခိုင်မာအားကောင်းစေခြင်း ..................................၈၀

(ဆ) မသန်စွမ်းနှင့် ထိခိုက်လွယ်အုပ်စုများအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ
ဖန်တီးပေးခြင်း.........................................................................................................၈၁

(ဇ) ကျား-မရေးရာတန်းတူမျှမှုရှိစေရေးဆောင်ရွက်ပေးခြင်း .................................................၈၁

(ဈ) ယင်လုံအိမ်သာသုံးစွဲမှု မြှင့်တင်ခြင်း........................................................................၈၃

(ည) ပြည်သူလူထုအား အသိပညာပေးလုပ်ငန်းများ (ကျန်းမာရေး၊ ယာဉ်စည်းကမ်းစသည်
ဖြင့်)ဆောင်ရွက်ခြင်း ......................................................................................................၈၃

အခန်း(၁၀)...................................................................................................................၈၅

(က) ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း ........................................၈၅

(ခ) အိမ်တွင်းလေထုညစ်ညမ်းမှုလျော့ချရေး အသိပညာပေးခြင်း .........................................၈၆

(ဂ) ကျေးရွာပိုင် ထင်းစိုက်ခင်း၊ အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်း.............................၈၇

ကျေးရွာပိုင်ထင်းစိုက်ခင်းထူထောင်ခြင်း ...........................................................................၈၇

ကျေးရွာအစုအဖွဲ့ပိုင်သစ်တောထူထောင်ခြင်း ....................................................................၈၈

(ဃ) ရေဝေရေလွှဲဒေသများတွင် သစ်ပင်စိုက်ပျိုးခြင်း...............................................................၈၉

(င) ကျေးရွာတွင်းနှင့်ပတ်ဝန်းကျင်စိမ်းလန်းစိုပြေသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ခြင်း.......၈၉

(စ)သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများ
ဆောင်ရွက်ခြင်း..............................................................................................................၉၁

(ဆ) အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း...................... ၉၂

(၈) ထင်းအစားထိုးလောင်စာ၊ စွမ်းအားမြင့်မီးဖိုသုံးစွဲရေး အသိပညာပေးဆောင်ရွက်ခြင်း........ ၉၂
ထင်းအစားထိုးလောင်စာတောင့်များ သုံးစွဲခြင်း.............................................................. ၉၃
စွမ်းအားမြင့်မီးဖိုသုံးစွဲရေး.......................................................................................... ၉၃
အခန်း(၁၁)..................................................................................................................... ၉၄
စီမံကိန်းသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်............................................................ ၉၄
ဝေဖန်အကြံပြုဖြေရှင်းဆောင်ရွက်ခြင်း ........................................................................ ၉၄
ပြည်သူ့ဆက်ဆံရေး ........................................................................................................ ၉၅
အခန်း(၁၂) ..................................................................................................................... ၉၆
စောင့်ကြည့်စစ်ဆေးခြင်း ............................................................................................... ၉၆
အစီရင်ခံစာများ ပြုစုပေးပို့ခြင်း.................................................................................... ၉၆
စီမံကိန်းဆောင်ရွက်မှု အကဲဖြတ်သုံးသပ်ခြင်း.............................................................. ၉၇
ဝေဖန်အကြံပြုတိုင်ကြားခြင်း........................................................................................ ၉၇

## ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးလက်စွဲစာစောင် အကျဉ်းချုပ်

၁။ ဤခေတ်မီစံပြကျေးရွာထူထောင်ရေးလက်စွဲစာစောင်သည် နိုင်ငံတော်အစိုးရက ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရေးအတွက် လူမှုရေး၊ စီးပွားရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ဘက်စုံပြုပြင်ပြောင်းလဲမှု မူဝါဒများချမှတ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု များရရှိအောင် ဆောင်ရွက်လျက်ရှိရာတွင် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။ ဤလက်စွဲစာစောင်ကိုပြင်ဆင်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ရေးလက်စွဲစာစောင်ကို စနစ်တကျရေးသားနိုင်ရန်အတွက် Task-Force အဖွဲ့ဖွဲ့စည်းပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကျေးရွာ(၃)ရွာမှရရှိခဲ့သော အတွေ့အကြုံများ၊ သင်ခန်းစာများအပေါ် အခြေခံ၍ ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

၂။ ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးစီမံကိန်း၏ အဓိကရည်မှန်းချက်မှာ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရန် မျှော်မှန်း၍ လူနေမှုအဆင့်အတန်းမြင့်မားပြီး စီးပွားရေးခိုင်မာအားကောင်းကာ အစိမ်းရောင်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို အားပေးသည့် ခေတ်မီစံပြကျေးရွာများ ထူထောင်နိုင်ရန် ဖြစ်ပါသည်။ စီမံကိန်းသည် ဒီဂျစ်တယ် နည်းပညာနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတို့၏ ပေါင်းစပ်ချဉ်းကပ်မှု နည်းလမ်းအပေါ်အခြေခံ၍ ကျေးလက်ဒေသများအား စီးပွားရေး၊ လူမှုရေးနှင့် ရုပ်ပိုင်းဆိုင်ရာတို့တွင် ရေရှည်တည်တံ့သောနေရာများအဖြစ်သို့ ပြုပြင်ပြောင်းလဲသွားမည် ဖြစ်ပြီး အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သည့် ဘက်စုံကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မည့် စီမံကိန်းတစ်ခု ဖြစ်ပါသည်။

၃။ ဤလက်စွဲစာစောင်တွင် အခန်း(၁၂)ခန်းဖြင့် ဖွဲ့စည်းထားရှိ ရေးဆွဲထားခြင်းဖြစ်သည်။ စီမံကိန်း၏ အဓိကလုပ်ငန်းကဏ္ဍများအနေဖြင့် ကျေးရွာအခြေခံ အဆောက်အအုံများဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးတို့ ဖြစ်ပါသည်။

၄။ **ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကဏ္ဍ**တွင် ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်း၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ လူမှုရေးဆိုင်ရာအဆောက်အအုံများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထောက်အကူပြုလုပ်ငန်းများနှင့်ပတ်သက်၍

ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ **သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍ**တွင် ကျေးရွာမတည် ရန်ပုံငွေထူထောင်ခြင်း၊ အသေးစားငွေကြေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သွင်းအားစုများ ကူညီထောက်ပံ့ပေးခြင်း၊ ကုန်ထုတ်လုပ်မှုဆိုင်ရာစက်ကိရိယာများ ထောက်ပံ့ပေးခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ Digital Services နှင့် Digital Payment စနစ်များ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

၅။ **ကျေးရွာအသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးမြင့်မားရေးကဏ္ဍ**တွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းများ၊ အိမ်တွင်းမှု လက်မှုပညာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ၊ စားသောက်ကုန်/လူသုံးကုန်အတွက် Value Added ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးလုပ်ငန်းများ၊ ဈေးကွက်အချက်အလက်စုဆောင်းခြင်းနှင့် ဈေးကွက်ချိတ်ဆက်ပေးခြင်းလုပ်ငန်းများ ပါဝင်ပါသည်။ **အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေရေးကဏ္ဍ**တွင် ကျေးရွာသမဝါယမအသင်းများ၊ စိတ်တူကိုယ်တူ (SHG) အဖွဲ့များ ထူထောင်ပေးခြင်း၊ စိုက်ပျိုးမွေးမြူရေး အသိပညာပေးအမြင်ဖွင့်သင်တန်းများ ပို့ချခြင်း၊ ပြန်လှန်လေ့လာရေး အစီအစဉ်များ ဆောင်ရွက်ခြင်းများ ပါဝင်ပါသည်။

၆။ **လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကဏ္ဍ**တွင် ထိခိုက်လွယ်အုပ်စုများအတွက် Cash for Work စီမံကိန်းများဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးပေးခြင်း၊ ကျား-မရေးရာအသိပညာပေးခြင်းများ ဆောင်ရွက်ခြင်းနှင့် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ **သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးကဏ္ဍ**တွင် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်း၊ အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်း၊ ကျေးရွာတွင်းနှင့် ဝန်းကျင်စိမ်းလန်း စိုပြေသာယာလှပရေး ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေးခြင်း၊ အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ထည့်သွင်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၇။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းသည် ကျေးရွာ၏ မူလအရင်းအမြစ်အားသာချက်များ၊ ပိုင်ဆိုင်မှုများနှင့် ဖွံ့ဖြိုးရေးအခွင့်အလမ်းများအပေါ် အခြေခံတည်ရှိသော ကျေးရွာလူမှုအဖွဲ့အစည်းများ၊ ရိုးရာယဉ်ကျေးမှုများ၊ ဆက်သွယ်မှုများနှင့် ဝန်ဆောင်မှုများကို ဒစ်ဂျစ်တယ်နည်းပညာများ၊ ဆန်းသစ်တီထွင်မှုများနှင့် ခေတ်မီအသိပညာများဖြင့် မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ခေတ်စနစ်နှင့်ကိုက်ညီပြီး ကျေးလက်လူနေမှုပုံစံများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်သည့် “ခေတ်မီစံပြကျေးရွာ” များကို ထူထောင်ပေးခြင်းပင် ဖြစ်ပါသည်။

# အခန်း(၁)

## စီမံကိန်းအကြောင်းအရာနှင့် အကျိုးကျေးဇူးများ

### စီမံကိန်းနောက်ခံအကြောင်းအရာ

၁။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး ၄၀ ရာခိုင်နှုန်းခန့်မှာ ဆင်းရဲသူများ ဖြစ်ပါသည်။ ကျေးလက်နေပြည်သူအများစုမှာ အသေးစားနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကျပန်းလုပ်ငန်းများလုပ်ကိုင်၍ အသက်မွေး ဝမ်းကျောင်းပြုကြသူများ ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်ဆန်းတွင် စတင်ဖြစ်ပွားခဲ့သော ကမ္ဘာလုံး ဆိုင်ရာ ကပ်ရောဂါ Covid-၁၉ ကူးစက်မှုကြောင့် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေ ရရှိရေးလုပ်ငန်းများ ဆိုးဝါးစွာထိခိုက်ခဲ့ရပြီး လူမှုစီးပွားဘဝများအပေါ် ကြီးစွာသောဆိုးကျိုးများ သက်ရောက်လျက်ရှိပါသည်။

၂။ ယင်းအခြေအနေကြောင့် နိုင်ငံတော်အစိုးရသည် မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ ဘဏ္ဍာရေးအရင်းအနှီးများထောက်ပံ့ခြင်း၊ အစီအစဉ်များကို စောင့်ကြည့်ကြီးကြပ်ခြင်း၊ အများပြည်သူဆိုင်ရာအခြေခံအဆောက်အအုံနှင့် ထိရောက်မြန်ဆန် သောဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်းတို့တွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက် ရာတွင် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးအတွက် ကျေးရွာအခြေခံ အဆောက်အအုံများဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ ကျေးလက်စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးရေး အတွက် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး (One Village One Product – OVOP) ထုတ်လုပ်နိုင် ရေးဆောင်ရွက်ခြင်း၊ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင် မိသားစုစီးပွားရေး လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ခြင်းနှင့် ပြည်သူများ တိုက်ရိုက်ပါဝင်သည့် သမဝါယမစနစ်ဖော်ဆောင်ရေးတို့အတွက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဖွဲ့စည်း ထူထောင်ခဲ့ပါသည်။

၃။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် သမဝါယမကဏ္ဍနှင့် အသေးစားစက်မှု လက်မှုလုပ်ငန်းများ စနစ်တကျထွန်းကားစေပြီး ကျေးလက်လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်လာစေရန် ရည်ရွယ်၍ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ဖြင့်ဖွဲ့စည်းထားပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်း များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ထိုသို့ဆောင်ရွက်ရာတွင် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးမျှော်မှန်း၍ လူနေမှုအဆင့်အတန်းမြင့်မားပြီး စီးပွားရေးခိုင်မာအား ကောင်းကာ အစိမ်းရောင်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို အားပေးသည့် ခေတ်မီစံပြကျေးရွာ (SMART Village) များကိုထူထောင်သွားမည်ဖြစ်ပါသည်။ အဆိုပါ ခေတ်မီစံပြကျေးရွာစီမံကိန်းသည် ဒီဂျစ်တယ်နည်း

ပညာနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတို့၏ပေါင်းစပ်ချဉ်းကပ်မှုနည်းလမ်း အပေါ်အခြေခံ၍ ကျေးလက်ဒေသများအား စီးပွားရေး၊ လူမှုရေး နှင့် ရုပ်ပိုင်းဆိုင်ရာတို့တွင် ရေရှည် တည်တံ့သောနေရာများအဖြစ်သို့ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ပြီး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက် သည့်ဘက်စုံကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်မည့်စီမံကိန်းတစ်ခုဖြစ်ပါသည်။

## ရည်ရွယ်ချက်

၅။ ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးစီမံကိန်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ခ) သွင်းအားစု၊ ငွေကြေးဝန်ဆောင်မှုနှင့် နည်းပညာများပံ့ပိုးပေးခြင်းဖြင့် ကျေးလက် စီးပွားရေး မြင့်မားလာစေရန်၊

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော နေချင့်စဖွယ်စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန်၊

(ဃ) ကျေးရွာသူ/သားများနှင့် ကျေးရွာအသင်းအဖွဲ့များ စွမ်းဆောင်ရည်မြင့်မားလာစေ ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ရန်။

## စီမံကိန်းဧရိယာ

၆။ စီမံကိန်းအား ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် ဆောင်ရွက်ရန်ရည်မှန်းထားပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု၊ ရန်ပုံငွေရရှိမှုတို့ အပေါ် မူတည်၍ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းသော ပြည်နယ်/တိုင်းဒေသကြီးများတွင် နှစ်စဉ်ကျေးရွာ(၃)ရွာစီခန့် တိုးချဲ့အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။

## စီမံကိန်းကာလ

၇။ စီမံကိန်းအားရွေးချယ်ထားသည့်စီမံကိန်းကျေးရွာများတွင် စတင်ဆောင်ရွက်သည့်ဘဏ္ဍာရေး နှစ်မှစတင်၍ (၅) နှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ဆောင်ရွက်မည့်နည်းလမ်း

၈။ ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးစီမံကိန်းအား အောက်ဖော်ပြပါ နည်းလမ်း (၂) ရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(က) ပြည်သူဗဟိုပြုစနစ်ဖြင့် ကျေးရွာ၏လိုအပ်ချက်များဖော်ထုတ်၍ ကျေးရွာဖွံ့ဖြိုးရေး နှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ခ) အစုအဖွဲ့၊ သမဝါယမစနစ်ဖြင့် ကျေးလက်စီးပွားရေးမြင့်မားရေး ဆောင်ရွက်ခြင်း။

**ခေတ်မီစံပြကျေးရွာထူထောင်ရေးအဓိကလုပ်ငန်းစဉ်များ**

၉။ ဒီဂျစ်တယ်နည်းပညာနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးပြု၍ ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးစီမံကိန်းအား အောက်ဖော်ပြပါ လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ပါသည် –

(က) ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊

(ခ) သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ထောက်ပံ့ကူညီခြင်း၊

(ဂ) အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊

(ဃ) အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊

(င) လူမှုကာကွယ်စောင့်ရှောက်ရေး၊

(စ) သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး။

**ခေတ်မီစံပြကျေးရွာထူထောင်ရေးအဓိကလုပ်ငန်းစဉ်အခြေပြစက်ဝန်း**



**ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ**

၁၀။ ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည် -

(က) ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

( ခ) ကျေးရွာကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ခြင်း၊

( ဂ) သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်ခြင်း၊

(ဃ) စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်းတမံများ ပြုပြင်မွမ်းမံခြင်း၊

( င) ကျေးရွာလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း၊

( စ) စာသင်ကျောင်း၊ ဆေးပေးခန်းများ ပြုပြင်မွမ်းမံခြင်း၊

(ဆ) အသိပညာပေးစင်တာ (Community Center)၊ ကျေးလက်ဈေး၊ ကျေးရွာအားကစားကွင်း (အပန်းဖြေနေရာ) တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

( ဇ) ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာ အထောက်အပံ့ (သိုလှောင်ရုံ)များ ဆောက်လုပ်ခြင်း၊

(ဈ) ဒီဂျစ်တယ်အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊

(ည) ကျေးလက်ဈေးများအဆင့်မြှင့်တင်ခြင်း (သို့) တည်ဆောက်ခြင်း (သို့) ပြုပြင်မွမ်းမံခြင်း၊

( ဋ) မီးသင်္ဂြိုလ်စက်တည်ဆောက်ခြင်း (သို့) ပြုပြင်မွမ်းမံခြင်း၊

( ဌ) စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ခြင်း၊

**သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှုထောက်ပံ့ကူညီခြင်းလုပ်ငန်းများ**

၁၁။ သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှု ထောက်ပံ့ကူညီပေးခြင်းလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည် -

(က) ကျေးရွာမတည်ရန်ပုံငွေ (မြစိမ်းရောင်) ထူထောင်ပေးခြင်း၊

( ခ) အသေးစားငွေရေးကြေးရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

( ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သွင်းအားစုများ ထောက်ပံ့ပေးခြင်း၊

(ဃ) ကုန်ထုတ်လုပ်မှုဆိုင်ရာ စက်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊

( င) Mobile-payment နှင့် Digital Payment စနစ်များ ဖွံ့ဖြိုးလာစေခြင်း။

## အသက်မွေးဝမ်းကျောင်းနှင့်ကျေးလက်စီးပွားရေးမြင့်မားစေရေးလုပ်ငန်းများ

၁၂။ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်စီးပွားရေးမြင့်မားစေရေး လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည် –

(က) စိုက်ပျိုးရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (အိမ်ခြံဝင်းသီးနှံ စိုက်ပျိုးခြင်းအပါအဝင်)၊

(ခ) မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) အိမ်တွင်းမှုနှင့် လက်မှုပညာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊

(ဃ) အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊

(င) စားသောက်ကုန်ထုတ်လုပ်ရောင်းချမှု (Value-added) ဖွံ့ဖြိုးစေခြင်း၊

(စ) ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP) လုပ်ငန်းများ ဖွံ့ဖြိုးစေခြင်း၊

(ဆ) စက်မှုလယ်ယာအပါအဝင် အခြားဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊

(ဇ) စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအား Contract Farming စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဈ) ဈေးကွက်သတင်းအချက်အလက်စုဆောင်းခြင်းနှင့် ဈေးကွက်ချိတ်ဆက်ပေးခြင်း၊

(ည) အရောင်းပွဲတော်များ ကျင်းပခြင်း၊ Online ရောင်းချမှုများ ဖွံ့ဖြိုးစေခြင်း၊

(ဋ) ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း (RBF)၊

## အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်းနှင့်နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ

၁၃။ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးပေးခြင်းလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည် –

(က) ကျေးရွာသမဝါယမအသင်းများ၊ စိတ်တူကိုယ်တူ (SHG) အဖွဲ့များ ဖွဲ့စည်းခြင်း၊ ခိုင်မာအားကောင်းစေခြင်း၊

(ခ) အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး (ငွေကြေးစီမံခန့်ခွဲမှု၊ ဈေးကွက်ချိတ်ဆက်မှု၊ စုဖွဲ့မှု၊ စိစစ်အကဲဖြတ်မှု စသည့်သင်တန်းများ) ဆောင်ရွက်ခြင်း၊

(ဂ) အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊

(ဃ) တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) စီးပွားဖြစ်စိုက်ပျိုးမွေးမြူထုတ်လုပ်မှုဆိုင်ရာနှင့် SME ဆိုင်ရာ အမြင်ဖွင့်ခြင်းများ၊ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း။

**လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

၁၄။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) ထိခိုက်လွယ်အုပ်စုများ ဦးတည်၍ Cash-for-Work စီမံကိန်းဆောင်ရွက်ခြင်း၊

(ခ) ကိုယ်ဝန်ဆောင်မိခင်နှင့် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်း၊

(ဂ) မိခင်နှင့်ကလေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) မူကြိုနှင့် နေ့ကလေးထိန်းဌာနများ ထူထောင်ပေးခြင်း၊ သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်း၊

(င) အခမဲ့အာဟာရ ထောက်ပံ့ခြင်း၊ ကျွေးမွေးခြင်း၊

(စ) ရပ်ရွာအခြေပြုလူမှုရေးအသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်း၊ အားပေးကူညီခြင်း၊

(ဆ) မသန်စွမ်းနှင့် ထိခိုက်လွယ်အုပ်စုများအတွက် အသက်မွေးကျောင်းလုပ်ငန်းများ ဖန်တီးပေးခြင်း၊

(ဇ) ကျား-မရေးရာ အသိပညာပေးခြင်းများဆောင်ရွက်ခြင်း၊

(ဈ) ယင်လုံအိမ်သာသုံးစွဲမှုမြှင့်တင်ခြင်း၊

(ည) ပြည်သူလူထုအား အသိပညာပေးလုပ်ငန်းများ (ကျန်းမာရေး၊ ယာဉ်စည်းကမ်း စသည်ဖြင့်) ဆောင်ရွက်ခြင်း။

**သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ**

၁၅။ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးခြင်း၊

(ဂ) ကျေးရွာပိုင် ထင်းစိုက်ခင်း၊ အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်း၊

(ဃ) ရေဝင်ရေလွှဲဒေသများတွင် သစ်ပင်စိုက်ပျိုးခြင်း၊

( င ) ကျေးရွာတွင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( စ ) သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခြင်း၊

(ဆ) အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဇ ) ထင်းအစားထိုးလောင်စာ၊စွမ်းအားမြင့်မီးဖိုသုံးစွဲရေးအသိပညာပေးဆောင်ရွက်ခြင်း။

**အကျိုးကျေးဇူး**

၁၆။ ခေတ်မီစံပြကျေးရွာ (SMART Village) ထူထောင်ရေးစီမံကိန်း ဆောင်ရွက်ခြင်းအားဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သည် –

(က) စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေခြင်း နှင့် မိသားစုများ ဝင်ငွေတိုးပွားစေခြင်း၊

(ခ) စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများအတွက် ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း၊

(ဂ) ကျေးလက်နှင့် မြို့ပြအကြား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်မှုများ စနစ်တကျ ပုံမှန်ချိတ်ဆက်ဆောင်ရွက်နိုင်စေခြင်း၊

(ဃ) ကျေးရွာစိတ်ဓာတ်၊ ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်များရှင်သန်ပြီး ကျေးရွာရှိအသင်းအဖွဲ့စနစ်များ ခိုင်မာအားကောင်း၍ တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူ့အဖွဲ့ အစည်းများ ဖြစ်ပေါ်လာစေခြင်း။

## အခန်း(၂)

## စီမံကိန်းကျေးရွာရွေးချယ်ခြင်းနှင့် အတည်ပြုခြင်း

### စီမံကိန်းကျေးရွာ ရွေးချယ်ရာတွင် အခြေခံရမည့်မူများ

၁။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဆောင်ရွက်ရန် ကျေးရွာများရွေးချယ်ရာတွင် အောက်ဖော်ပြပါအချက်များကိုအခြေခံ၍ ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ရမည်-

(က) ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ (စာသင်ကျောင်း၊ ဆေးပေးခန်း၊ လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေး စသည့်....) အသင့်အတင့်ရှိပြီးဖြစ်သော ကျေးရွာ၊

(ခ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသေးစားစီးပွားရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိပြီး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသောကျေးရွာ၊

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားအသေးစားထုတ်ကုန်များဈေးကွက်သို့ပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့သည့်ကျေးရွာ၊

(ဃ) အသက်မွေးဝမ်းကျောင်းလုပ်ငန်း (သို့မဟုတ်) မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် စုပေါင်းဆောင်ရွက်ရန် အလားအလာရှိသောကျေးရွာ၊

(င) ဖုန်း၊ အင်တာနက်လိုင်းအသင့်အတင့်ကောင်းမွန်သောကျေးရွာ၊

(စ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်သူထည့်ဝင်ငွေဖြင့် ဆောင်ရွက်လိုပြီး ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုသောကျေးရွာ၊

(ဆ) တရားဥပဒေစိုးမိုးခြင်းနှင့် လုံခြုံရေးကောင်းမွန်ပြီး နယ်မြေတည်ငြိမ်အေးချမ်းသော ကျေးရွာ၊

(ဇ) ကျေးရွာသူ/သားများ၏ စီမံကိန်းဆောင်ရွက်ရန် စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှုရှိပြီး ဖွံ့ဖြိုးရေးအမှန်တကယ်ဆောင်ရွက်ရန် လိုအပ်သည့်ကျေးရွာနှင့်

(ဈ) အကျိုးခံစားရမည့် အိမ်ထောင်စု (၇၀) နှင့်အထက်ရှိသော ကျေးရွာ။

၂။ ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ခရီးသွားလုပ်ငန်းမှတဆင့် အထောက်အကူပြုစေရန်နှင့်ခရီးသွားလုပ်ငန်း၏အကျိုးကျေးဇူးများကို ဒေသခံပြည်သူများတိုက်ရိုက်ခံစားရစေရန် စီမံကိန်းကျေးရွာများရွေးချယ်ရာတွင် ခရီးသွားကျေးရွာလုပ်ငန်းဆောင်ရွက်ရန် အလားအလာရှိသောကျေးရွာများကို ထည့်သွင်းစဉ်းစားရွေးချယ်သင့်ပါသည်။

၃။ ထို့ပြင် စီမံကိန်းကျေးရွာများရွေးချယ်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲ များနှင့် ဆွေးနွေးတိုင်ပင်ပြီး ရွေးချယ်ရမည်။

**စီမံကိန်းကျေးရွာများအတည်ပြုခြင်း**

၄။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်သူများမှ စံသတ်မှတ် ချက်များနှင့်အညီ ညှိနှိုင်းရွေးချယ်ထားသော စီမံကိန်းကျေးရွာများစာရင်းကို ပြည်နယ်/တိုင်း ဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတဆင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ဒေသကြီးကြပ်မှုကော်မတီထံ အတည်ပြုချက်တောင်းခံရမည်ဖြစ်ပါသည်။

၅။ ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီမှ စိစစ်အတည်ပြုထားသောကျေးရွာများ စာရင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) သို့ တင်ပြရမည်ဖြစ်ပါသည်။ စီမံကိန်း ကျေးရွာများရွေးချယ်ခြင်းအတွက် နောက်ဆုံးအတည်ပြုခြင်းအား ပြည်ထောင်စုအဆင့် ဗဟို ကြီးကြပ်မှုကော်မတီက အတည်ပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## အခန်း(၃)

## ကော်မတီများဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

### ကော်မတီများဖွဲ့စည်းခြင်းနှင့်တာဝန်များ

၁။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်တို့တွင် ကော်မတီအသီးသီးအား အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်–

(က) ပြည်ထောင်စုအဆင့် ဗဟိုကြီးကြပ်မှုကော်မတီ၊

(ခ) ပြည်နယ်/တိုင်းဒေသကြီးအဆင့် ကြီးကြပ်မှုကော်မတီ၊

(ဂ) ခရိုင်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ (DPIC)၊

(ဃ) မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ (TPIC)၊

(င) ခေတ်မီစံပြကျေးရွာကော်မတီ။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ (၄)၊ ပုဒ်မ (၅) အရ ပြည်ထောင်စုအဆင့် ဗဟိုကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များအတိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ (၆) နှင့် ပုဒ်မ (၇) အရ ပြည်နယ်/ တိုင်းဒေသကြီးအဆင့် ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ခရိုင်အဆင့်တွင် ခရိုင်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (DPIC) သည် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ခရိုင်ကော်မတီအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ မြို့နယ်အဆင့်တွင်မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) သည် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြို့နယ်ကော်မတီအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ မြို့နယ်ကော်မတီသည် ခေတ်မီစံပြကျေးရွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ/စီမံကိန်းများအား စီမံကိန်းကာလအတွင်း ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ကော်မတီများဖွဲ့စည်းရာတွင် လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းနိုင်ပါသည်။

## ကျေးရွာကော်မတီဖွဲ့စည်းခြင်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း

### စီမံကိန်းမိတ်ဆက်ခြင်း

၆။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဆောင်ရွက်ရာတွင် ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စီမံကိန်းဆောင်ရွက်မည့် ရည်ရွယ်ချက်၊ အကြောင်းအရာနှင့် ဆောင်ရွက်မည့်နည်းလမ်းများအား သက်ဆိုင်ရာအစိုးရအဖွဲ့ထံ ကြိုတင်ရှင်းလင်းတင်ပြရမည် ဖြစ်ပါသည်။

၇။ မြို့နယ်အဆင့်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနများဖိတ်ကြား၍ စီမံကိန်းမိတ်ဆက်ရှင်းလင်းရမည် ဖြစ်ပါသည်။

၈။ ကျေးရွာအဆင့်တွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းရာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ပူးပေါင်း၍ စီမံကိန်းအကြောင်းအရာမိတ်ဆက်ခြင်းအစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည် -

(က) ကျေးရွာသူ/သားများအားဖိတ်ကြားသွားရန်၊

(ခ) လေဝင်လေထွက်ကောင်းသော၊ ကျယ်ဝန်း၍ အစည်းအဝေးကျင်းပနိုင်မည့်နေရာ (ဥပမာ- ဘုန်းကြီးကျောင်း၊ ကျေးရွာခန်းမ၊ ဇရပ်၊ ဓမ္မာရုံ စသည့်) တို့တွင် ဆောင်ရွက်သွားရန်၊

(ဂ) ကျန်းမာရေးဝန်ကြီးဌာနထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားရန်၊

(ဃ) မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်နှင့်ဆောင်ရွက်သွားမည့်နည်းလမ်းများကိုမိတ်ဆက်ရှင်းလင်းရန်၊

(င) ကျေးရွာသူ/သားများမှ စီမံကိန်းအကြောင်းသိရှိလိုပါက ရှင်းလင်းဖြေကြားပေးရန်။

### ကျေးရွာကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ စီမံကိန်းမိတ်ဆက်ရှင်းလင်းပြီးပါက ခေတ်မီစံပြကျေးရွာကော်မတီဖွဲ့စည်းခြင်းကိုဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းကျေးရွာကော်မတီကို မြို့နယ်ကျေးလက်ဦးစီးဌာနမှဦးဆောင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖတို့က ကျေးရွာ/သားများ၏ အများသဘောတူညီချက်

ဖြင့် လုပ်ငန်းဆောင်ရွက်ရန်အချိန်ပေးနိုင်သူ၊ ကျေးရွာတွင်အခြေတကျနေထိုင်သူ၊ အသက် (၁၈) နှစ်အထက်ရှိသူ၊ ကျေးရွာလူထုမှ ယုံကြည်အားကိုးရသူများအား ကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ်ရမည်။ ကော်မတီဝင်အရေအတွက်ကို (၇) ဦးမှ (၉) ဦးအထိ ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်။ လုပ်ငန်းလိုအပ်ချက်များအရ ဆပ်ကော်မတီများ ထပ်မံဖွဲ့စည်းနိုင်ပါသည်-

- ကျေးရွာမှ ရွေးချယ်ထားသော ကိုယ်စားလှယ် (၁) ဦး ဥက္ကဋ္ဌ
- ကျေးရွာမှ ရွေးချယ်ထားသော ကိုယ်စားလှယ် (၅ / ၇) ဦး အဖွဲ့ဝင်များ
- ကျေးရွာမှ ရွေးချယ်ထားသော ကိုယ်စားလှယ် (၁) ဦး အတွင်းရေးမှူး

၁၀။ ခေတ်မီစံပြကျေးရွာကော်မတီမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးသည် လုပ်ငန်းတိုးတက်မှုများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊ အဖွဲ့ဝင်များသည် စီမံကိန်းအကောင်အထည်ဖော်ရာတွင် စောင့်ကြည့်ကြီးကြပ်ခြင်း၊ ဝေဖန်အကြံပြုချက်များ ဖြေရှင်းရာတွင်ပံ့ပိုးကူညီခြင်းများဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကော်မတီဝင်ပြောင်းလဲမည်ဆိုပါက မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ကျေးရွာတို့၏သဘောတူညီမှုဖြင့်ပြောင်းလဲဖွဲ့စည်း နိုင်ပါသည်။ ခေတ်မီစံပြကျေးရွာကော်မတီ၏သက်တမ်းမှာ စီမံကိန်းစတင်ချိန်မှစီမံကိန်းပြီးဆုံးပြီးစာရင်းစစ်ဆေးပြီးစီးသည် အထိဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း**

၁၁။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ဆောင်ရွက်မည့်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲသွားမည် ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဝန်ထမ်းများနှင့် ကျေးရွာလူထုပူးပေါင်း၍ ကျေးရွာ၏ ပကတိအခြေအနေများဖော်ထုတ်ပြီး စနစ်တကျရေးဆွဲပြုစုထားသော ကဏ္ဍအလိုက် ဦးစားပေးအစီအစဉ်များပါဝင်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲခြင်း (Village Development Plan) ကို အခြေခံ၍ ဆောင်ရွက်သွားရမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အဆင့်များအတိုင်း ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို စနစ်တကျရေးဆွဲဆောင်ရွက်ရမည် ဖြစ်ပါသည် -

(က) အဆင့် (၁)။ ကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ကျေးရွာ၏လိုအပ်ချက်များကို လူမှုစီးပွားဘဝအခြေအနေ ဆန်းစစ်ခြင်း (Participatory Rural Appraisal - PRA) ကိုအသုံးပြု၍ ကျေးရွာ၏ အခြေခံအချက်အလက်များဖြစ်သည့် လူဦးရေ၊ လုပ်သား၊ သဘာဝအရင်းအမြစ်၊ ထိခိုက်လွယ်မှုများ ကောက်ယူခြင်း၊

(ခ) အဆင့် (၂) ။ ထိုသို့ကောက်ယူရရှိလာသော အချက်အလက်များနှင့် လေ့လာတွေ့ရှိချက်များကို ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများတွင် မှန်ကန်စွာဖြည့်သွင်းခြင်း၊ ၎င်းအချက်အလက်များအပေါ်အခြေခံပြီး ကျေးရွာ၏ လက်ရှိကဏ္ဍအသီးသီးရှိ ဖွံ့ဖြိုးရေးဆိုင်ရာအခြေအနေများကိုလေ့လာဆန်းစစ်ခြင်း၊ ထိုမှတဆင့် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာရေးဆွဲသုံးသပ်ပြီး အလားအလာရှိသော ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေးဆွဲဖော်ထုတ်ခြင်း။

၁၂။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုတ်ဝေပြီးဖြစ်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ရေးလက်စွဲစာအုပ်ကို ကိုးကား၍ ဆောင်ရွက်နိုင်ပါသည်။

## အခန်း(၄)

## ဌာနအလိုက်တာဝန်ခွဲဝေမှုနှင့် ငွေကြေးအစီအစဉ်ရေးဆွဲခြင်း

### ဌာနအလိုက်တာဝန်ခွဲဝေဆောင်ရွက်မှု

၁။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းများအား အကျိုးထိရောက်မှုရှိစေရန်နှင့် မြန်ဆန်လွယ်ကူစေရန်အတွက် ဦးဆောင်ဌာနများမှ ဆက်စပ်ဦးစီး ဌာနများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင် ရွက်သွား ရမည် ဖြစ်ပါသည် –

| ကဏ္ဍ | လုပ်ငန်း | ဦးဆောင်ဌာန | အဓိကဆက်စပ်ဌာနနှင့် အဖွဲ့အစည်းများ |
|---|---|---|---|
| ၁ | အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး | ကျေးလက်ဦးစီး | အသေးစား၊ သမဝါယမ၊ ကျေးလက် လမ်း၊ စက်မှုလယ်ယာ၊ လယ်စီခန့်၊ ဆည်မြောင်းနှင့် ရေအရင်းအမြစ်၊ ပညာရေး၊ ကျန်းမာရေး၊ မြို့နယ်စည်ပင် သာယာရေး။ |
| ၂ | သွင်းအားစုနှင့် ငွေကြေး ထောက်ပံ့ ခြင်း | သမဝါယမဦးစီး၊ ကျေးလက်ဦးစီး | အသေးစား၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပုဂ္ဂလိက။ |
| ၃ | သက်မွေးဝမ်းကျောင်းနှင့် ကျေးရွာစီးပွားရေးမြှင့်မားရေး | သမဝါယမဦးစီး၊ အသေးစားဦးစီး | ကျေးလက်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သမတက္ကသိုလ်များ၊ ပုဂ္ဂလိက။ |
| ၄ | အသင်းအဖွဲ့များဖွဲ့စည်းခြင်း နှင့် နည်းပညာဖြန့်ဖြူးခြင်း | သမဝါယမဦးစီး | ကျေးလက်၊အသေးစား၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သမတက္ကသိုလ်များ၊ ပုဂ္ဂလိက။ |
| ၅ | လူမှုကာကွယ်စောင့်ရှောက်ရေး | ကျေးလက်ဦးစီး | လူမှုဝန်ထမ်း၊ထွေ/အုပ်၊ ကျန်းမာရေး၊ သမဝါယမ၊ အသေးစား၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီး၊ မိခင်နှင့် ကလေး၊ အမျိုးသမီးရေးရာ။ |
| ၆ | သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး | ကျေးလက်ဦးစီး | သစ်တော၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေး၊ ပြန်ဆက်၊ ကျန်းမာရေး၊ လူမှုဝန်ထမ်း၊ သမဝါယမ၊ အသေးစား။ |

## လုပ်ငန်းကဏ္ဍအလိုက် ရန်ပုံငွေသုံးစွဲမည့်အစီအစဉ်ရေးဆွဲခြင်း

၂။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဆောင်ရွက်သည့်စီမံကိန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မှ ထွက်ရှိလာသောကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများအား သက်ဆိုင်သည့် ဦးစီးဌာနများမှ ပေါင်းစပ်ညှိနှိုင်း၍ ရန်ပုံငွေလျာထားမှုအစီအစဉ်ရေးဆွဲ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်မည့် လုပ်ငန်းအပေါ်မူတည်၍ ရန်ပုံငွေလျာထားမှု ရေးဆွဲဆောင်ရွက်ပြီးနောက် မြို့နယ်လုပ်ငန်းအဖွဲ့မှ ပြည်နယ်/တိုင်းဒေသကြီးအဆင့်ကြီးကြပ်မှုကော်မတီထံ တင်ပြရမည်ဖြစ်သည်။ ထို့နောက် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ကြီးကြပ်မှုကော်မတီမှ စီမံကိန်းကျေးရွာများအလိုက် ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်မှုနှင့် ရန်ပုံငွေလျာထားမှုအခြေအနေတို့အား စိစစ်သုံးသပ်၍ ပြည်ထောင်စုအဆင့်ဗဟိုကြီးကြပ်မှုကော်မတီ၊ ကျေးလက်ဦးစီးဌာန (ရုံးချုပ်) ထံ လုပ်ငန်းကဏ္ဍအလိုက် ရန်ပုံငွေသုံးစွဲမည့်အစီအစဉ်အား ဆက်လက်တင်ပြရမည်ဖြစ်ပါသည်။

၃။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းသည် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းအမျိုးအစား ဖြစ်သဖြင့်ရန်ပုံငွေလိုအပ်ချက်အား Focal ဌာနအပြင် ဆက်စပ်ဌာနများအနေဖြင့် မိမိတို့၏ဌာနရန်ပုံငွေတွင် ထည့်သွင်းလျာထားဆောင်ရွက်ရန်လိုအပ်ပါသည်။ ယင်းအတွက် ဌာနအချင်းချင်း ညှိနှိုင်းခြင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များထံ တင်ပြတောင်းခံခြင်း၊ ပြည်ထောင်စုအဆင့်ထံ တင်ပြတောင်းခံခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ပြုပြင်ထိန်းသိမ်းခြင်းရန်ပုံငွေ

၄။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ကုန်ကျငွေအား မြစိမ်းရောင်ကျေးရွာစီမံကိန်း နှင့် RBF စီမံကိန်းအတိုးရငွေများမှသုံးစွဲနိုင်ပါသည်။ ထို့အပြင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေ၊ ပြည်ထောင်စုရန်ပုံငွေများမှလည်း တင်ပြတောင်းခံသုံးစွဲနိုင်ပါသည်။

## အခန်း(၅)

## ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း

၁။ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်စေရေးနှင့် စံပြကျေးရွာအင်္ဂါရပ်များနှင့်အညီဖြစ်စေရေးအတွက် ကျေးရွာတွင် အခြေခံအဆောက်အအုံများတည်ဆောက်ပေးခြင်း၊ ပြုပြင်မွမ်းမံပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် လမ်းများအဆင့်မြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိစေရန်ဆောင်ရွက်ပေးခြင်းတို့သည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေသည့်အတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဆောင်ရွက်သည့် ကျေးရွာများတွင်ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာန အသီးသီးမှ သတ်မှတ်ထားသောစံချိန်စံညွှန်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်-

### (က) ကျေးရွာချင်းဆက်လမ်းများနှင့်ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း

၂။ စီမံကိန်းကျေးရွာများတွင် စံပြအင်္ဂါရပ်များနှင့်အညီ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် တစ်ရွာနှင့်တစ်ရွာဆက်သွယ်သွားလာနိုင်ရန်အတွက် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ခြင်းနှင့် ပြုပြင်ခြင်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ်ကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ ထို့အပြင် ကျေးရွာအတွင်းရွာတွင်းလမ်းမများ၊ လမ်းသွယ်များ၊ ရေနုတ်မြောင်းဖောက်လုပ်ခြင်း လုပ်ငန်းများ၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါက ဦးစီးဌာနဘတ်ဂျက်ဖြင့်လည်းကောင်း၊ ဦးစီးဌာနစီမံကိန်းရန်ပုံငွေများဖြင့်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရဘတ်ဂျက်များဖြင့်လည်းကောင်း ဆက်စပ်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၄။ ခေတ်မီစံပြကျေးရွာများတွင် ကျေးရွာတွင်းလမ်းများအား လမ်းအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ကျေးရွာတွင်းလမ်းမကြီး (Main) လမ်းအား ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များ လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါသည် -

(က) လုပ်ငန်းမဆောင်ရွက်မီမြို့နယ်အင်ဂျင်နီယာမှကွင်းဆင်းတိုင်းတာပြီးသတ်မှတ်စံနှုန်း၊ တွက်ချက်မှုဒီဇိုင်းရေးဆွဲဆောင်ရွက်ရန်၊ (ကျေးရွာလိုအပ်ချက်၊ ဒေသအခြေအနေနှင့် ကိုက်ညီပြီး ရေရှည်တည်တံ့သောဒီဇိုင်းမျိုး ဖြစ်ရမည်)၊

(ခ) သတ်မှတ်အတည်ပြုထားသော တွက်ချက်မှုဒီဇိုင်းများ အတိုင်းစံနှုန်းပြည့်မီစွာ ဆောင်ရွက်ရမည်၊

(ဃ) လမ်းမျက်နှာပြင်မှ ရေများလိုရာသို့ စနစ်တကျစီးဆင်းစေရန်လုံလောက်သောအရွယ် အစားရှိသည့် လမ်းဘေး/ဝဲယာရေမြောင်းဖောက်ပေးရမည်၊

(င) လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက လမ်းဘေးဝဲ/ယာတွင်မြေနေရာရရှိပါက သစ်ပင် များ (မြက်ပင်များ၊ အကြီးမြန်သော သစ်ပင်များ) ပြန်လည်စိုက်ပျိုးပေးရမည်၊

(စ) တောင်ပေါ်ဒေသတွင် လမ်းလုပ်ငန်းများဆောင်ရွက်ပါက လမ်းဘေးတောင်စောင်း ဆင်ခြေလျှောနေရာများတွင် လေ့ကားထစ်ပုံစံ မြေကာနံရံများ၊ မြေတူးဖြတ်ခြင်း လုပ်ငန်းများဆောင်ရွက်ရမည်၊

(ဆ) လမ်းသားပြုပြင်ခြင်းနှင့် လမ်းပုခုံးပြုပြင်ခြင်းလုပ်ငန်းများတွင် လမ်းမျက်နှာပြင် ရေမတင်စေရန်နှင့် လမ်းအောက်ခြေသို့ ရေစိမ့်ဝင်မှု မရှိစေရန်အတွက် Camber ၅% ထားရှိရန်၊

(ဇ) ရေမြောင်းဖော်မည့် လမ်းတစ်လျှောက် အနိမ့်အမြင့် Level များကို သိရှိအောင် ဆောင်ရွက်ထားရန်နှင့် ရေစီးဆင်းမှုကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဈ) ရွာတွင်းလမ်းမကြီးနှင့် လမ်းသွယ်များဆုံသောနေရာတွင် ယာဉ်အဝင်အထွက် လွယ်ကူစေရန်နှင့် လမ်းသားပွဲ့မကျစေရန် Curve (ငါးကြင်းမြီး) ပုံစံပြုလုပ်ရန်၊

(ည) ရွာတွင်းလမ်းများ ဆောင်ရွက်ရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး လမ်းဆုံ နေရာများ၊ စာသင်ကျောင်းဝင်ပေါက်များတွင် Slow Down (အရှိန်လျှော့အမှတ် အသား) များဆောင်ရွက်ခြင်း၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ရန်၊

(ဋ) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) အသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

(ဌ) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်အပြီးသတ်သန့်ရှင်းရေးကို ဆောင်ရွက်ပေးရန်။

၅။ အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ စီမံကိန်းများ၏ စံချိန်စံညွှန်း သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာ VDP Plan အရ ထွက်ရှိလာသောကဏ္ဍအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီး ဌာန များ မှရန်ပုံငွေရရှိရေး ပေါင်းစပ်ညှိနှိုင်းရန်နှင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်/ တိုင်းဒေသကြီး အဆင့်တို့တွင် ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

## (ခ) ကျေးရွာကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ခြင်း

၆။ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများသည် စိုက်ပျိုးမွေးမြူသူများနှင့် ဈေးကွက်ကို ချိတ်ဆက်ပေးသည့်အတွက် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများတည်ဆောက်ခြင်းဖြင့် ထုတ်ကုန်/ထွက်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဈေးကွက်သို့လျှင်မြန်စွာရောက်ရှိစေရန်၊ ကျေးရွာပြင်ပဝန်းကျင်ရှိ ကုန်စည်ဒိုင်များနှင့်ပိုမိုလက်လှမ်းမီချိတ်ဆက်နိုင်စေရန်၊ ပျက်စီးလွယ်သော ကောက်ပဲသီးနှံများ သယ်ယူပို့ဆောင်ချိန်တွင် ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန်၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းနှင့် ကျေးလက်နေ မိသားစုများပြောင်းရွှေ့သွားလာခြင်းများတွင် အချိန်ကုန်သက်သာစေရန် ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာများတွင် ကျေးရွာလိုအပ်ချက်များနှင့်အညီ အောက်ဖော်ပြပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်-

(က) အထောက်အကူပြု ကုန်ထုတ်လမ်းတံတား၊

(ခ) ဆိပ်ခံသွားလမ်း၊

(ဂ) ဆိပ်ခံတံတားငယ်များ၊

(ဃ) ခေတ်မီစက်မှုလယ်ယာအတွင်း လမ်းများ၊ ရေကျော်၊ မြောင်းကူးတံတားနှင့် ဆိပ်ခံတံတားငယ်များ။

၇။ တည်ဆောက်ရေးလုပ်ငန်းများအား ခေတ်မီစံပြကျေးရွာများတွင် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေရရှိနိုင်ရေး သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျတ်နှင့် ပြည်ထောင်စုဘတ်ဂျတ်စာရင်းများတွင် ထည့်သွင်းလျာထားဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကုန်ထုတ်လမ်း/တံတားများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ကုန်ထုတ်လမ်းတည်ဆောက်ရေးလက်စွဲ (၂၀၁၉ ခုနှစ်၊ မေလ) စာအုပ်ပါ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

## (ဂ) သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်ခြင်း

၈။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၆) ပါ ရည်မှန်းချက်များဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် ထိရောက်အကျိုးရှိသော၊ တန်းတူညီမျှမှုရှိသော ကုန်ကျစရိတ်ကျခံနိုင်သည့် ရေကောင်းရေသန့်ရရှိရေး၊ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာဝန်ဆောင်မှုများကို ဖော်ထုတ်ချမှတ်ဆောင်ရွက်ခြင်းဖြင့်ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝပိုမိုတိုးတက်လာစေရေးကိုအထောက်အကူဖြစ်စေရေးတို့ကိုရည်ရွယ်၍ ခေတ်မီစံပြကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများဖြစ်သော တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ မြေသားရေကန်၊ စိမ့်စမ်းရေသွယ်နှင့် အခြားရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါသည်။

၉။ ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည် -

(က) ရေမီတာသုံး အိမ်သွယ်ပိုက်လိုင်းရေပေးရေးစနစ်ဆောင်ရွက်သွားရန်၊

(ခ) ရေမီတာသုံးအိမ်သွယ်ပိုက်လိုင်းရေပေးရေးစနစ်ထူထောင်နိုင်ရန်အတွက်ကျေးရွာပြည်သူလူထုဆန္ဒဖြင့်ရွေးချယ်ထားသော ကျေးရွာရေကော်မတီ (အနည်းဆုံးအဖွဲ့ ဝင် (၅) ဦး) ဖြင့်ဖွဲ့စည်းဆောင်ရွက်ရမည်၊

(ဂ) လုပ်ငန်းမဆောင်ရွက်မီ မြို့နယ်အင်ဂျင်နီယာမှ ကွင်းဆင်းတိုင်းတာမည်ဖြစ်ပြီး သတ်မှတ်စံနှုန်း၊ တွက်ချက်မှုဒီဇိုင်းအတိုင်းဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းမဆောင်ရွက်မီ မြေနေရာပိုင်ဆိုင်မှုအတွက် မြေပိုင်ရှင်နှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဌာနနှင့်သော်လည်းကောင်းချိတ်ဆက်၍ ကြိုတင်ညှိနှိုင်းအတည်ပြုချက်ရယူဆောင်ရွက်ရန်၊

(င) လုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အသုံးပြုရန်၊

(စ) ရေပိုက်လိုင်းများသွယ်တန်းရာတွင် အနက်၊ အကျယ်အား သတ်မှတ်ပေအတိုင်း တူးဖော်ရန်နှင့် စနစ်တကျမြေဖို့ရန်၊

(ဆ) ပင်မရေပိုက်လိုင်းများရေဖြန့်ဝေပိုက်လိုင်းများအားစတင်ဆောင်ရွက်စဉ်က တည်း က ပိုက်ဆက်နေရာများအား ရေလုံ/မလုံစစ်ဆေးဆောင်ရွက်ပြီးမှသာ စနစ်တကျမြေဖို့ရန်၊ အနိမ့်အမြင့်အပြောင်းအလဲနေရာများတွင် ပိုက်တွင်းလေခိုအောင်းမှုမရှိစေရန် လေချူဘားများ ထည့်သွင်းအသုံးပြုဆောင်ရွက်ရန်၊

(ဇ) ရေမီတာသုံးပိုက်လိုင်းရေပေးရေးစနစ်ကို ဦးတည်ဆောင်ရွက်သွားရန်နှင့် ရေဖိုးရေခကောက်ခံရာတွင် Digital နည်းစနစ်ဦးတည်ဆောင်ရွက်သွားရန်၊

(ဈ) ရေအရည်အသွေးစမ်းသပ်ရန် (Water Quality Test)၊

(ည) Ground Tank၊ Elevated Tank များတည်ဆောက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှဖြန့်ဝေထားသည့် သတ်မှတ်ပုံစံများအတိုင်းစံချိန်စံညွှန်းပြည့်မီစွာဆောင်ရွက်ရန်၊

(ဋ) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) အသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

(ဌ) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်အပြီးသတ်သန့်ရှင်းရေးကို ဆောင်ရွက်ပေးရန်။

၁၀။ ဒေသအခြေအနေနှင့်ကိုက်ညီသောရေရရှိရေးလုပ်ငန်းများ လျာထားဆောင်ရွက်ရာတွင် Feasibility Study စနစ်တကျဆောင်ရွက်၍ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဖြန့်ဝေထားသည့် ကျေးလက်ရေပေးရေးဆိုင်ရာအင်ဂျင်နီယာလက်စွဲပါအတိုင်း ဆောင်ရွက်ရမည်။

## (ဃ) စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတမံများ ပြုပြင်မွမ်းမံခြင်း

၁၁။ စိုက်ပျိုးရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့်တည်ဆောက်ပြီး ဆည်မြောင်းများကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် စဉ်ဆက်မပြတ်ထိန်းသိမ်းရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပါအဝင် ဒေသအတွင်းရေလိုအပ်ချက်ကို အဆင်ပြေလွယ်ကူစွာရရှိရန် ရည်ရွယ်၍ တည်ဆောက်ပြီး ဆည်မြောင်းနှင့် ဆက်စပ်သောအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအား အောက်ပါအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်-

(က) ဆည်ရေပေးဝေခြင်းမပြုမီ ဆည်မြောင်းများနှင့် ရေပေးအဆောက်အအုံများ ပုံစံတကျရှိမှုနှင့် ကြံ့ခိုင်မှုအခြေအနေတို့ကို စစ်ဆေးခြင်းနှင့် လိုအပ်ချက်များ အချိန်မီပြုပြင်ခြင်း၊

(ခ) ဆည်မြောင်းဘောင်အတွင်း ခြတောင်ပို့များ၊ ကြွက်တွင်းများကို တူးဖော်ဖယ်ရှားခြင်းနှင့် မြေသစ်ဖို့ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) ဆည်မြောင်းအတွင်းရေမှတ်တိုင်များ စိုက်ထူ၍ ရေပေးဝေချိန် တစ်လျှောက် စောင့်ကြည့်ထိန်းသိမ်းခြင်း၊

(ဃ) မြောင်းစစ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊

(င) ဆည်မြောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် အဟန့်အတားဖြစ်စေသည့် အရာဝတ္ထုများကို ဖယ်ရှားရှင်းလင်းခြင်း၊

(စ) ရေလှောင်တမံများ၏ ကြံ့ခိုင်ရေးနှင့် ရေထိရောက်စွာသိုလှောင်နိုင်ရန် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဆ) ရေသွင်းရေထုတ်တံခါးများ၊ ရေပိုလွှဲနှင့်ယင်းတွင်တပ်ဆင်ထားသော ရေတံခါး၊ ရေတံခါးရွက်များ၊ သဲထုတ်ရေတံခါးများနှင့်ဆက်စပ်နေသော စက်ပစ္စည်းအစိတ်အပိုင်းများ စစ်ဆေးပြုပြင်ခြင်း၊

(ဇ) ရေလွှဲဆည်၊ ရေပိုလွှဲမှထွက်လာသော ရေများကြောင့် အောက်ခြေကွန်ကရစ်ကြမ်းခင်း များပျက်စီးမှုရှိပါက ပြုပြင်ဆောင်ရွက်ခြင်း၊

(ဈ) ရေလွှဲဆည်အထက်ဘက်ရှိရေလျှံတာရိုးထိပ်ကိုရေကြီးသည့်အချိန်တွင်တိုက်ရိုက် မြစ်ရေတိုက်စားခံရ၍ မြစ်ရေကျပြီးလျှင် မပျက်မကွက်စစ်ဆေးခြင်း၊

(ည) အုတ်ပန်းရံလုပ်ငန်းများ၏ ကွဲအက်ကြောင်းများနှင့် ကျောက်စီလုပ်ငန်းများ ပျက်စီးနိုင်သည့် အခြေအနေကို အချိန်မီပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဋ) ဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်မြောင်းများ၏ နယ်နိမိတ် အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ကျူးကျော်စိုက်ပျိုးခြင်းများကို အရေးယူ ဆောင်ရွက်ခြင်း၊

(ဌ) ရေဆုံးရှုံးမှုနည်းပါးပြီးအကျိုးရှိစွာအသုံးချနိုင်ရေးအတွက်ဆည်များ၊ မြစ်ရေတင် လုပ်ငန်းများ၊ မြေအောက်ရေတူးဖော်ရေးလုပ်ငန်းများ၊ ရေပေးဝေမှုစနစ်နှင့် ရေသောက်စနစ်များကို ပြုပြင်ထိန်းသိမ်းခြင်း၊

(ဍ) ကျေးရွာဆည်မြောင်းများနှင့် ရေနုတ်မြောင်းလုပ်ငန်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးကို ကူညီဆောင်ရွက်ပေးခြင်း။

၁၂။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတမံများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက် ရာတွင်ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့်ဆည်မြောင်းနှင့်ရေအသုံးချ မှုစီမံခန့်ခွဲရေးဦးစီးဌာန၊ အခြားဆက်စပ်ဦးစီးဌာနများနှင့်ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပြီး လိုအပ်သည်များရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်မှ ကူညီ ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။

## (င) ကျေးရွာလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း

၁၃။ ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိမှု ပိုမိုတိုးမြင့်လာစေရန်၊ ဝေးလံခေါင်ဖျား၍ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသောဒေသများတွင် မဟာဓာတ်အားလိုင်းပြင်ပ အကြိုမီးလင်းရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြည်သူလူထုနှင့်ပူးပေါင်း၍ ပိုမိုကောင်းမွန် သည့် မီးလင်းရေးစနစ်တစ်ခုဖော်ဆောင်ရန်၊ အစိုးရ - ပုဂ္ဂလိကပြည်သူပူးပေါင်း ဆောင်ရွက်သည့် စနစ် ပိုမိုဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ခေတ်မီစံပြကျေးရွာများတွင်ကျေးရွာလျှပ်စစ်မီးရရှိရေးလုပ်ငန်း (မဟာဓာတ်အားလိုင်းပြင်ပစနစ်) ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါသည်။

၁၄။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဆောင်ရွက်မည့်ကျေးရွာများသည်မဟာဓါတ်အား လိုင်းပြင်ပတွင်ကျရောက်နေပါက မဟာဓါတ်အားလိုင်းပြင်ပစနစ်ဖြင့် လျှပ်စစ်ဓါတ်အားရရှိရေး ဆောင်ရွက်ခြင်း (Off-Grid System) ဖြင့်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထိုသို့ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင်အောက်ပါအချက်များအားလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည် -

(က) NEP စီမံကိန်း၏ မဟာဓါတ်အားလိုင်းစနစ်ဖြင့် ဆောင်ရွက်မည့် ကျေးရွာစာရင်း တွင်ပါဝင်သည့် ကျေးရွာမဖြစ်စေရ၊

(ခ) တစ်အိမ်သုံးဆိုလာစနစ်အတွက် တစ်စုံစာ ကုန်ကျငွေ၏ (၁၀%-၂၀%) ထည့်ဝင်နိုင်သောကျေးရွာ၊

(ဂ) အသေးစားဓါတ်အားစနစ်အတွက်မူ ကုန်ကျငွေ၏ (၂၀%) ထည့်ဝင်နိုင်သည့်ကျေးရွာဖြစ်ရန်၊

၁၅။ ခေတ်မီစံပြကျေးရွာများတွင် ကျေးရွာလျှပ်စစ်မီးရရှိရေးလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း (မဟာဓါတ်အားလိုင်းပြင်ပ အစီအစဉ်) လက်စွဲစာစောင်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

**(စ) စာသင်ကျောင်း၊ ဆေးပေးခန်းများ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း**

၁၆။ ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ လူနေမှုအဆင့် အတန်းမြင့်မားလာစေရန်ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စံပြကျေးရွာများတွင် စာသင်ကျောင်းများ၊ ဆေးပေးခန်းများတည်ဆောက်ပေးခြင်းလုပ်ငန်းအားဆောင်ရွက် ပေးသွားရမည် ဖြစ်ပါသည်။ စာသင်ကျောင်းနှင့် ဆေးပေးခန်းများတည်ဆောက်ခြင်းနှင့် တည်ဆောက်ပြီးသည့် ကျေးရွာတွင် အဆိုပါအဆောက်အဦများအားပြုပြင်မွမ်းမံမည်ဆိုပါက အောက်ပါအချက်များ အား လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါသည် -

(က) လုပ်ငန်းဆောင်ရွက်မည့်မြို့နယ်အင်ဂျင်နီယာမှကွင်းဆင်းတိုင်းတာပြီး သတ်မှတ်စံနှုန်း၊ တွက်ချက်မှုဒီဇိုင်းအတိုင်း ဆောင်ရွက်ရန်၊

( ခ) လုပ်ငန်းသုံးပစ္စည်းများအား အရည်အသွေးကောင်းမွန်သောပစ္စည်းများကို ရွေးချယ်အသုံးပြုရန်၊

( ဂ) အန္တရာယ်ရှိနိုင်သောအမြင့်တက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများအား ကျွမ်းကျင်လုပ်သားများကို အသုံးပြုရန်၊

(ဃ) အမိုးမိုးရာတွင် မြားတန်းများမှသွပ်တစ်ချပ်၏ အစွန်းနှစ်ဖက်နှင့် အလည်တည့်တည့်တွင်ရှိစေရန်၊ သွပ်ပြားများကို တစ်ချပ်နှင့်တစ်ချပ် (၆”) ထိပ်ချင်းထပ်ရန်နှင့် နဘေးချင်းထပ်ရသည့်အခါ နှစ်တွန့်တိတိထပ်ရန်၊

( င) ခေါင်မိုးများကို ပြောင်သွပ်ဖြင့် ခေါင်အုပ်လျှင် ခေါင်အုပ်၏ ဘေးအရှည်သည် (၁၂”) ရှိရန်နှင့်သွပ်ပြားတစ်ခုနှင့်တစ်ခုအဆက်တွင်အနည်းဆုံးခေါင်အုပ်နှင့်(၉”)ထပ်ရန်၊

( စ) ဆေးသုတ်လုပ်ငန်းများဆောင်ရွက်ရာတွင်ပြုပြင်မွမ်းမံရမည့်လုပ်ငန်းများဖြစ်လျှင် အများဆုံး (၂) ထပ်သာသုတ်ရန်နှင့် ခဲပါဝင်သောသုတ်ဆေးများကိုတည်ဆောက် ရေးလုပ်ငန်းများတွင် အသုံးမပြုရန်၊

(ဆ) အုတ်မစီမီ အုတ်များကို ရေဝအောင်လောင်းပေးရန်နှင့် နံရံအုတ်စီခြင်းပြီးစီးပါက လည်း နံရံကိုနေ့စဉ် မနက်တစ်ကြိမ် ညနေတစ်ကြိမ်ခုနှစ်ရက်တိုင်ရေလောင်းပေးရန်၊

(ဇ) အဆောက်အဦများ ပြုပြင်မည်ဆိုပါက ရှိရင်းစွဲအဆောက်အဦအား ခိုင်ခံမှု ရှိ/မရှိ သေချာစွာ စိစစ်ပြီးမှသာ ဆောင်ရွက်ရန်၊

(ဈ) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) အသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

(ည) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်သန့်ရှင်းရေးဆောင်ရွက်ရန်။

၁၇။ ခေတ်မီစံပြကျေးရွာများတွင် စာသင်ကျောင်း၊ ဆေးပေးခန်းများတည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများဆောင်ရွက်မည်ဆိုပါက ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့မှ ဦးဆောင်၍ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**(ဆ) အသိပညာပေးစင်တာ (Community Center) ၊ ကျေးလက်ဈေး၊ ကျေးရွာ အားကစားကွင်း (အပန်းဖြေနေရာ) တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း**

၁၈။ ကျေးလက်နေပြည်သူများ၏ အသိပညာ၊ ဗဟုသုတဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူနေမှုဘဝအဆင့်အတန်းမြင့်မားလာစေရန်၊စံပြကျေးရွာအင်္ဂါရပ်နှင့်အညီဖြစ်စေရန်ရည်ရွယ်၍ခေတ်မီစံပြကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများတွင် အသိပညာပေးစင်တာ (Community Center)၊ ကျေးလက်ဈေး၊ ကျေးရွာအားကစားကွင်း (အပန်းဖြေနေရာ) များတည်ဆောက်ပေးသွားရမည်ဖြစ်ပါသည်။ အဆိုပါ အဆောက်အဦများတည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ရာတွင် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်သွား ရမည်ဖြစ်ပါသည် –

(က) လုပ်ငန်းမဆောင်ရွက်မီ မြေနေရာပိုင်ဆိုင်မှုအတွက် မြေပိုင်ရှင်နှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဌာနနှင့်သော်လည်းကောင်း ချိတ်ဆက်၍ ကြိုတင်ညှိနှိုင်းအတည်ပြုချက်ရယူဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းဆောင်ရွက်မည့် မြို့နယ်အင်ဂျင်နီယာမှ ကွင်းဆင်းတိုင်းတာပြီး သတ်မှတ်စံနှုန်း၊ တွက်ချက်မှု ဒီဇိုင်းအတိုင်း ဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းသုံးပစ္စည်းများအားအရည်အသွေးကောင်းမွန်သောပစ္စည်းများကိုရွေးချယ်အသုံးပြုရန်၊

(ဃ) အန္တရာယ်ရှိနိုင်သော အမြင့်တက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများအား ကျွမ်းကျင် လုပ်သားများကို အသုံးပြုရန်၊

( င ) အမိုးမိုးရာတွင် မြှားတန်းများမှ သွပ်တစ်ချပ်၏ အစွန်းနှစ်ဖက်နှင့် အလယ် တည့်တည့်တွင် ရှိစေရန်၊ သွပ်ပြားများကို တစ်ချပ်နှင့်တစ်ချပ် (၆”) ထိပ်ချင်းထပ် ရန်နှင့် နဘေးချင်းထပ်ရသည့်အခါ နှစ်တွန့်တိတိထပ်ရန်၊

( စ ) ခေါင်မိုးများကို ပြောင်သွပ်ဖြင့် ခေါင်အုပ်လျှင် ခေါင်အုပ်၏ ဘေးအရှည်သည် (၁၂”) ရှိရန်နှင့် သွပ်ပြားတစ်ခုနှင့်တစ်ခု အဆက်တွင်အနည်းဆုံး ခေါင်အုပ်နှင့် (၉”)ထပ်ရန်၊

(ဆ) ဆေးသုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် ပြုပြင်မွမ်းမံရမည့် လုပ်ငန်းများဖြစ်လျှင် အများဆုံး (၂) ထပ်သာသုတ်ရန်နှင့် ခဲပါဝင်သောသုတ်ဆေးများကို တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးမပြုရန်၊

( ဇ ) အုတ်မစီမီအုတ်များကိုရေဝအောင်လောင်းပေးရန်နှင့်နံရံအုတ်စီခြင်းပြီးစီးပါကလည်း နံရံကိုနေ့စဉ် မနက်တစ်ကြိမ် ညနေတစ်ကြိမ် ခုနှစ်ရက်တိုင် ရေလောင်းပေးရန်၊

(ဈ) အဆောက်အဦများ ပြုပြင်မည်ဆိုပါက ရှိရင်းစွဲအဆောက်အဦအား ခိုင်ခံမှု ရှိ/မရှိ သေချာစွာစိစစ်ပြီးမှသာ ဆောင်ရွက်ရန်၊

(ည) အားကစားကွင်း (အပန်းဖြေနေရာ)များ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း များအတွက် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်၊

( ဋ ) လုပ်သားများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ (Safety Materials) အသုံးပြုရန်နှင့် ဆေးပစ္စည်းများ (First Aid Kit) ထားရှိရန်၊

( ဌ) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်သန့်ရှင်းရေး ဆောင်ရွက်ရန်၊

( ဍ ) လုပ်ငန်းဆောင်ရွက်ပြီးစီးပါက လုပ်ငန်းများလည်ပတ်ပြုပြင်ထိန်းသိမ်းရေး အစီ အမံများရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

၁၉။ ခေတ်မီစံပြကျေးရွာများတွင် အသိပညာပေးစင်တာ (Community Center)၊ ကျေးလက် ဈေး၊ ကျေးရွာအားကစားကွင်း (အပန်းဖြေနေရာ) များတည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း လုပ်ငန်း များဆောင်ရွက်မည်ဆိုပါက မြို့နယ်လုပ်ငန်းအဖွဲ့မှဦးဆောင်၍ ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ၏လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက် သွားရမည်ဖြစ်ပါသည်။

## (ဈ) ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာအထောက်အပံ့ (သိုလှောင်ရုံ) များဆောက်လုပ်ခြင်း

၂၀။ စားသုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ (Pre-harvest operation) ရိတ်သိမ်းပြီးနောက်ပိုင်းလုပ်ငန်းများ (Post-harvest operation) ဆက်စပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ စားသုံးသီးနှံများ ဝယ်ယူရေး၊ သယ်ယူရေး၊ သိုလှောင်ရေး၊ ကြိတ်ခွဲရေး၊ ထုတ်ပိုးရေးလုပ်ငန်းများ၌ တိုးတက်သည့်နည်းပညာရပ်များကို အကျိုးရှိစွာအသုံးပြုနိုင်သည်နှင့်အမျှ အရေအတွက်နှင့်ပတ်သက်၍ဖြစ်စေ၊ အရည်အသွေးနှင့်ပါတ်သက်၍ဖြစ်စေ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာများတွင်ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာအထောက်အပံ့(သိုလှောင်ရုံ)များ ဆောက်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရာတွင် အောက်ပါအချက်များ လိုက်နာဆောင်ရွက်သွားရမည် -

(က) လုပ်ငန်းမဆောင်ရွက်မီမြေနေရာပိုင်ဆိုင်မှုအားမြေပိုင်ရှင်နှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဌာနနှင့်သော်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းမဆောင်ရွက်မှ မြို့နယ်အင်ဂျင်နီယာမှ ကွင်းဆင်းတိုင်းတာပြီး သတ်မှတ်စံနှုန်း၊ တွက်ချက်မှု ဒီဇိုင်းအတိုင်း ဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းသုံးပစ္စည်းများအားအရည်အသွေးကောင်းမွန်သောပစ္စည်းများကိုရွေးချယ်အသုံးပြုရမည်၊

(ဃ) လုပ်သားများအတွက် လိုအပ်သောအကာအကွယ်ပစ္စည်းများ (Safety Materials) အသုံးပြုရန်နှင့် ဆေးပစ္စည်းများ(First Aid Kit) ထားရှိရန်၊

(င) လုပ်ငန်းပြီးစီးပါက လုပ်ငန်းခွင်သန့်ရှင်းရေးဆောင်ရွက်ရန်။

၂၁။ ခေတ်မီစံပြကျေးရွာများတွင် ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ အထောက်အပံ့ (သိုလှောင်ရုံ) များဆောက်လုပ်မည်ဆိုပါက သက်ဆိုင်ရာဦးစီးဌာနမှ ညွှန်ကြားထားသောလမ်းညွှန်ချက်များ၊ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့် နည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပြီးအသိပညာပေးဟောပြောပွဲများနှင့်လိုအပ်သည့်နည်းပညာသင်တန်းများဖွင့်လှစ်နိုင်ရေး ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့မှ စိုက်ပျိုးရေးဦးစီး ဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ညှိနှိုင်း၍ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါသည်။

## (ည) ဒီဂျစ်တယ်အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း

၂၂။ ခေတ်မီဒီဂျစ်တယ်နည်းပညာစနစ်များအား အကျိုးရှိရှိ တွင်ကျယ်စွာအသုံးပြုခြင်းဖြင့် ကျေးရွာသူ/သားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် နေ့စဉ်လူနေထိုင်မှုပုံစံများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်

မည့် ကျေးရွာများတွင် ဒီဂျစ်တယ်အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးသွားရမည် ဖြစ်ပါသည်။ စီမံကိန်းကျေးရွာများတွင်ဒီဂျစ်တယ်နည်းစနစ်များထည့်သွင်းအသုံးပြုမည်ဆိုပါက အောက်ဖော်ပြပါ နည်းလမ်းများဖြင့် ဆောင်ရွက်ရပါမည် -

(က) ခေတ်မီစံပြကျေးရွာရှိ ကျေးရွာခန်းမဆောင်၌ Knownledge Center (၁)ခု ထပ်မံဖွင့်လှစ်၍ ဒီဂျစ်တယ်နည်းပညာစနစ်များ ထောက်ပံ့ပေးနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန် ကျေးရွာ၏ တည်နေရာမြေပြင်အချက်အလက်အပေါ်မူတည်၍ ရရှိနိုင်မည့် (Fiber Network Line) များ ဆောင်ရွက်ရန်၊

(ခ) ကျေးရွာတွင် Wifi Cable ကြိုးသွယ်တန်းရန် သတ်မှတ်အကွာအဝေးကျော်လွန်နေသည့် အခက်အခဲတွေ့ကြုံရပါက အခြားသင့်လျော်သည့် နည်းလမ်းတစ်ခုခုဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊

(ဂ) အဆောက်အအုံအတွင်း၌ Digital နည်းပညာစနစ်တွင် လိုအပ်မည့် အရင်းအမြစ်များ ဝယ်ယူဖြည့်တင်းရန် (Wi-fi၊ အသုံးဆောင်ပစ္စည်းများ (စားပွဲ၊ ကုလားထိုင်၊ Desktop ကွန်ပျူတာ (သို့မဟုတ်) Smart TV ၊ Tablet စသည်များ))နှင့် ပြည်တွင်း Network ကျွမ်းကျင်ပညာရှင်များနှင့် နည်းပညာအထောက်အပံ့များ ရရှိနိုင်သည့် သက်ဆိုင်ရာ အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်၊

(ဃ) Internet Wifi ဖိုး လစဉ်ကျသင့်ငွေအား မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ (သို့မဟုတ်) RBF စီမံကိန်းအတိုးရငွေ (သို့မဟုတ်) အခြားကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျခံသုံးစွဲသွားရန်၊

(င) ပြည်သူများ ဒီဂျစ်တယ်အခြေခံအဆောက်အအုံအတွင်းတွင် ဈေးကွက်သတင်းများ၊ စိုက်ပျိုးရေး/မွေးမြူရေးဆိုင်ရာနည်းပညာအချက်အလက်များ၊ ပညာရေး/ကျန်းမာရေးဆိုင်ရာအချက်အလက်များ၊ ရာသီဥတုသတင်းဆိုင်ရာအချက်အလက်များအား Online စနစ်ဖြင့်ဖတ်ရှုနိုင်ရေးသက်ဆိုင်ရာအဖွဲ့အစည်းများဖြင့်ချိတ်ဆက်ဆောင်ရွက်သွားရန်၊

(စ) စီမံကိန်းကျေးရွာရှိ ကျေးရွာသူ/သားများ ဒီဂျစ်တယ် နည်းပညာစနစ်များ အကျိုးရှိစွာ အသုံးချနိုင်ရေး နည်းပညာသင်တန်းများ ထောက်ပံ့ပေးခြင်း။

၂၃။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကျေးရွာများတွင်ဒီဂျစ်တယ်အခြေခံအဆောက်အအုံများတည်ဆောက်ပေးခြင်းဖြင့်ကျေးရွာသူ/သားများသည်အောက်ပါကဏ္ဍအလိုက်ဝန်ဆောင်မှုလုပ်ငန်းများအား လွယ်လင့်တကူရှာဖွေလေ့လာနိုင်မည်ဖြစ်ပါသည်-

(က) စျေးကွက်သတင်းများနှင့် စျေးကွက်ချိတ်ဆက်နိုင်မှုများ၊

( ခ) စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာ အချက်အလက်များ၊

( ဂ) ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ၊

(ဃ) ကျန်းမာရေးဝန်ဆောင်မှုများ

( င) လူမှုရေးနှင့် စီးပွားရေးဝန်ဆောင်မှုများ၊

( စ) Mobile-Payment နှင့် Digital Payment စနစ်များဖြင့် ငွေကြေးကောက်ခံမှု (ရေမီတာ၊လျှပ်စစ်မီးမီတာ၊ချေးငွေထုတ်ချေးမှုနှင့်အတိုး/အရင်းကောက်ခံမှုစသည်)

(ဆ) ရာသီဥတုသတင်းအချက်အလက်ဆိုင်ရာဝန်ဆောင်မှုများ၊

( ဇ) အခြားဝန်ဆောင်မှုဆိုင်ရာ Call Center များ ထူထောင်ခြင်းများ၊

(ဈ) စိုက်ပျိုးရေး၊ မွေးမြူရေး အသိပညာပေးစာအုပ်များ၊ ဆောင်းပါးသတင်းဂျာနယ် များ ဖတ်ရှုနိုင်သော e-Liberary ထူထောင်ခြင်းများ။

၂၄။ အဆိုပါ ခေတ်မီစံပြကျေးရွာများတွင် ဒီဂျစ်တယ်နည်းပညာစနစ်များ တပ်ဆင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသုံး အသိပညာပေး application များတပ်ဆင်ပေးခြင်း၊ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ Social Media အသုံးပြုမှုပိတ်ခြင်း၊ အသိပညာပေး Website များနှင့် ချိတ်ဆက်ခြင်း၊ နည်းပညာစနစ်များ အကျိုးရှိစွာအသုံးချနိုင်ရေး နည်းပညာသင်တန်းများ ထောက်ပံ့ပေးခြင်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ Network တပ်ဆင်ရေးကုမ္ပဏီများ၊ အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## (ည) ကျေးလက်စျေးများ အဆင့်မြှင့်တင်ခြင်း (သို့) တည်ဆောက်ခြင်း (သို့) ပြုပြင်မွမ်းမံခြင်း

၂၅။ ခေတ်မီစံပြကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာများတွင် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားလာစေရန်၊ စံပြကျေးရွာအင်္ဂါရပ်နှင့်အညီဖြစ်စေရန်ရည်ရွယ်၍ ကျေးလက်စျေးများ အဆင့်မြှင့်တင်ခြင်း (သို့) တည်ဆောက်ခြင်း (သို့) ပြုပြင်ခြင်းများဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းအစီအစဉ်များဖြင့် ဆောင်ရွက်သွားရမည်–

(က) မြေနေရာညှိနှိုင်းရွေးချယ်သတ်မှတ်ခြင်း၊

( ခ) ကျေးလက်စျေးဒီဇိုင်းနှင့်အကွက်ချပုံစံရေးဆွဲခြင်း၊

( ဂ) ကျေးလက်စျေးအဆင့်မြှင့်တင်ခြင်း (သို့) တည်ဆောက်ခြင်း၊

(ဃ) ဈေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်သတ်မှတ်ခြင်း၊

( င ) ရန်ပုံငွေရှာဖွေခြင်း၊

( စ ) တည်ဆောက်ခြင်း/ပြုပြင်မွမ်းမံခြင်း။

၂၆။ ကျေးလက်ဈေးများ အဆင့်မြှင့်တင်ခြင်း (သို့) တည်ဆောက်ခြင်း (သို့) ပြုပြင်ခြင်းများ ဆောင်ရွက်ရာတွင် မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ နှင့် ညှိနှိုင်းပေါင်းစပ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## (ဠ) မီးသင်္ဂြိုလ်စက်တည်ဆောက်ခြင်း(သို့) ပြုပြင်မွမ်းမံခြင်း

၂၇။ မီးသင်္ဂြိုလ်စက်တည်ဆောက်ခြင်း (သို့) ပြုပြင်ခြင်း ဆောင်ရွက်ရာတွင် မြို့နယ်လုပ်ငန်း အဖွဲ့ မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ညှိနှိုင်းပေါင်းစပ်၍ အောက်ပါလုပ်ငန်း အစီအစဉ်များဖြင့် ဆောင်ရွက်ရမည်-

(က) မြေနေရာညှိနှိုင်းရွေးချယ်သတ်မှတ်ခြင်း၊

(ခ) ရန်ပုံငွေရှာဖွေခြင်း၊

(ဂ) တည်ဆောက်ပြုပြင်မွမ်းမံခြင်း။

## (ဥ) စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ခြင်း

၂၈။ ခေတ်မီစံပြကျေးရွာများတွင် စံပြကျေးရွာ၏ အင်္ဂါရပ်များနှင့်ညီညွတ်စေရန်အတွက် သမ ရိုးကျလက်မှုလယ်ယာစနစ်လယ်ယာငယ်များမှ စက်မှုလယ်ယာစနစ်ကြေကွက်၊ ဟက်ကာကွင်းများ သို့ ပြောင်းလဲဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းများဆောင်ရွက်သွား မည်ဖြစ်ပါသည်။ လယ်ယာမြေများတွင်ခေတ်မီလယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာအသုံးပြု နိုင်ရန်၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကိုတိကျစွာလိုက်နာဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးရေ အသွင်းအထုတ်လွယ်ကူစေရန်၊ ရိတ်သိမ်းချိန်လွန်ကာလ အားနည်းချက်များ လျော့နည်းပပျောက် စေရန်အတွက် ဖြစ်ပါသည်။

၂၉။ စနစ်ကျလယ်ယာမြေဖော်ထုတ်ပေးနိုင်ပါက တစ်နှစ်လျှင် တစ်သီးမျှသာစိုက်ပျိုးနိုင်သော မိရိုး ဖလာသမရိုးကျ လက်မှုလယ်ယာမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ကူးပြောင်း၍ လယ်ယာထုတ်ကုန် များ နှစ်ဆတိုးမြှင့်ထုတ်လုပ်နိုင်ပြီး စားနပ်ရိက္ခာများဖူလုံနိုင်မည့်အပြင် ပြည်ပသို့ အရည်အသွေးမြင့် လယ်ယာထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်သဖြင့် တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးကာ ဆင်းရဲနွမ်းပါးမှုလျော့နည်းပပျောက်စေရေးအတွက် အထောက်အကူပြုစေနိုင်မည် ဖြစ်ပါသည်။

၃၀။ ခေတ်မီစံပြကျေးရွာများတွင် စနစ်ကျလယ်ယာမြေများဖော်ထုတ်ရာတွင် လုပ်ငန်းများ အဆင့်ဆင့်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စံချိန်စံညွှန်းကိုက်ညီရေး၊ ပုံစံ

(၇) များ အပ်နှံခြင်း/ အသစ်ထုတ်ပေးခြင်းများအား တောင်သူလယ်ယာမားများနှင့် ညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအား ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေး သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသွားရမည်ဖြစ်သည်။ လုပ်ငန်းကော်မတီအား အောက်ပါအတိုင်းဖွဲ့စည်းနိုင်ပြီး လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်ဖွဲ့စည်းနိုင်ပါ သည် -

(၁) လုပ်ငန်းကော်မတီ

| | | | |
|---|---|---|---|
| (ကက) | ညွှန်ကြားရေးမှူး | စက်မှုလယ်ယာဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခခ ) | ညွှန်ကြားရေးမှူး | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| ( ဂဂ ) | ညွှန်ကြားရေးမှူး | ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူး | စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ငင ) | ညွှန်ကြားရေးမှူး | သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| ( စစ ) | ညွှန်ကြားရေးမှူး | အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ကိုယ်စားလှယ် (၁)ဦး | ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| ( ဇဇ ) | ညွှန်ကြားရေးမှူး | ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(၂) ကော်မတီ၏လုပ်ငန်းတာဝန်များ

(ကက) လယ်ယာမြေအားတိကျစွာ မူလမြေပုံအတိုင်း တိုင်းတာ၍ ပုံထုတ် ခြင်း၊

( ခခ ) စနစ်တကျလယ်ယာမြေများဖော်ဆောင်ရန်မြေပြင်ခြင်း၊ မြေညှိခြင်း၊

( ဂဂ ) စနစ်တကျလယ်ကွက်များ ပုံစံဖော်ဆောင်ခြင်း၊

(ဃဃ) တိုင်းတာပြီး လယ်ယာမြေဧရိယာများကိုတိကျစွာပုံထုတ်ပြီး သက်ဆိုင် ရာ တောင်သူများသို့ သတ်မှတ်ခွဲဝေပေးခြင်း၊

(ငင) စိုက်ပျိုးရေရရှိရေးအတွက် ရေဝင်ရေမြောင်းများဖောက်လုပ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေဆိုးထုတ်မြောင်းများဖောက်လုပ်ခြင်း၊

( စစ )	လယ်ယာကုန်ထုတ်လမ်းမကြီး၊ လမ်းသွယ်များ ဖောက်လုပ်ခြင်း၊

(ဆဆ)	ပုံစံ (၇) အသစ်များ နောက်ဆုံးအခြေအနေနှင့်အညီထုတ်ပေးခြင်း၊

( ဇဇ )	စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲ/နည်းပညာပွဲပိုးခြင်း၊

(ဈဈ)	သက်ဆိုင်ရာ Contract Farming အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပေးခြင်း။

၃၁။	ခေတ်မီစံပြကျေးရွာများတွင် စနစ်ကျလယ်ယာမြေဖော်ထုတ်ရာ၌ လိုအပ်သည့်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ရေသွင်းမြောင်း၊ ရေထုတ်မြောင်းတည်ဆောက်ခြင်းအား လုပ်ငန်းကုန်ကျစရိတ်ကျခံသုံးစွဲရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေလျာထားဆောင်ရွက်ရမည့်အပြင် မြို့နယ်ကျေးလက်ဦးစီးဌာနက သက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## အခန်း(၆)

## သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ထောက်ပံ့ကူညီခြင်း

၁။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းသည် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုး ရေး၊ မွေးမြူရေးဆိုင်ရာ ကျေးလက်အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ ပိုမို ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ကုန်ထုတ်လုပ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ကို တိုက်ရိုက်အကျိုး သက်ရောက်စေမည့် သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ထောက်ပံ့ကူညီပေးခြင်း အပိုင်း ပါဝင်ပါသည်။ ၎င်းအပိုင်းတွင် -

(က) ကျေးရွာမတည်ရန်ပုံငွေထူထောင်ပေးခြင်း (မြစိမ်းရောင်ကျေးရွာစီမံကိန်း)၊

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သွင်းအားစုများ ထောက်ပံ့ပေးခြင်း၊

(ဃ) ကုန်ထုတ်လုပ်မှုဆိုင်ရာ စက်ကိရိယာများ ထောက်ပံ့ပေးခြင်းနှင့်

(င) ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ Digital Services နှင့် Digital Payment စနစ်များ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

### (က) ကျေးရွာမတည်ရန်ပုံငွေထူထောင်ပေးခြင်း (မြစိမ်းရောင်ကျေးရွာစီမံကိန်း)

၂။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် ကျေးရွာမတည်ရန်ပုံငွေအဖြစ် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေအား မတည်ပေးသွားမည်ဖြစ်ပြီး ပြည်သူဗဟိုပြုချဉ်းကပ်မှုနည်းလမ်းဖြင့် နိုင်ငံတော်မတည်ငွေအား အများသဘောတူညီချက်ဖြင့် ကျေးရွာလူထုကိုယ်တိုင်မှ စီမံခန့်ခွဲ အကောင်အထည်ဖော်ဆောင်ရွက်သည့်နည်းကို အသုံးပြုမည်ဖြစ်ပါသည်။ ယင်း မတည်ပေးထား သောရန်ပုံငွေအား ကြီးကြပ်စီမံခန့်ခွဲနိုင်ရန်အတွက် ကျေးရွာမှ အများသဘောတူမဲစနစ်ဖြင့် ရွေးချယ် ထားသော ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းသွားမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းအဖွဲ့က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေအား ကျေးရွာအတွင်းရှိ အိမ်ထောင်စုများထံ လိုအပ်သောငွေကြေးအရင်းအနှီးကို သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေး၍ ရန်ပုံငွေတိုးပွားစေ ကာရေရှည်တည်တံ့စေမည့်နည်းလမ်းဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ ကျေးရွာမတည်ရန်ပုံငွေအား ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ဆောင်ရွက်သော ကျေးရွာများတွင် ရန်ပုံငွေထောက်ပံ့မှုအနေဖြင့် အောက်ပါအတိုင်း အမျိုးအစား (၄) မျိုးဖြင့် ဆောင် ရွက်မည်ဖြစ်သည် -

(က) အိမ်ခြေ (၁၀၁) နှင့်အထက် (Type – ၁) - ကျပ် (၃၀၀) သိန်း

(ခ) အိမ်ခြေ (၅၁) နှင့် (၁၀၀) ကြား (Type – ၂) - ကျပ် (၂၀၀) သိန်း

(ဂ) အိမ်ခြေ (၅၀) နှင့်အောက် (Type – ၃) - ကျပ် (၁၀၀) သိန်း

(ဃ) အိမ်ခြေ (၈၀) အောက်လျော့နည်းသောကျေးရွာများအား - ကျပ် (၃၀၀) သိန်း
စုစည်းဆောင်ရွက်ခြင်း (Type – ၄)

**ချေးငွေဖြင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများ**

၄။ စီမံကိန်းဆောင်ရွက်သည့်ကျေးရွာရှိအိမ်ထောင်စုများအနေဖြင့် ကျေးရွာသို့မတည်ထုထောင်ပေးသော အရင်းမပျောက်မတည်ရန်ပုံငွေအားရယူ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများစသည့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါသည်။ အဆိုပါ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအား အိမ်ထောင်စုတစ်စုချင်း (သို့မဟုတ်) အစုအဖွဲ့ပုံစံဖြင့် ဆောင်ရွက်နိုင်ပြီး ဈေးကွက်ချိတ်ဆက်မှုအစီအစဉ်များကို ဌာနမှတတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏မူဝါဒအရ ဦးစားပေးသတ်မှတ်ပေးထားသောလုပ်ငန်းများအား အထူးဦးစားပေးထုတ်ချေးရမည်ဖြစ်ပါသည်။

**ကော်မတီများ၊ လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (မြစိမ်းရောင်ကျေးရွာစီမံကိန်း) အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်တို့တွင် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ပြီး ကော်မတီ၊ လုပ်ငန်းအဖွဲ့များအလိုက်ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်အခန်း (၂) တွင် ဖော်ပြပါရှိသည့်အတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

၆။ အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစဉ်တွင်ကျေးရွာအဆင့်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါအောက်ဖော်ပြပါလုပ်ငန်းစဉ်(၁၁)ရပ်အတိုင်းဆောင်ရွက်ရမည် -

လုပ်ငန်းစဉ် (၁) => ရွာလုံးကျွတ်အစည်းအဝေးကျင်းပ၍ အဖွဲ့များဖွဲ့စည်းခြင်း၊

လုပ်ငန်းစဉ် (၂) => စီမံကိန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများတက်ရောက်ခြင်း၊

လုပ်ငန်းစဉ် (၃) => မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ခြင်း၊

လုပ်ငန်းစဉ် (၄) => အတိုးနှုန်း၊ ချေးငွေပမာဏ၊ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်း၊

လုပ်ငန်းစဉ် (၅) => ကျေးရွာသူ၊ကျေးရွာသားများသို့ အသိပေးကြေငြာခြင်း၊

လုပ်ငန်းစဉ် (၆) => ချေးငွေအဆိုပြုလွှာများတောင်းခံခြင်းနှင့် စိစစ်အတည်ပြုခြင်း၊ ချေးယူသူစာရင်းအား ကြော်ငြာဆိုင်းဘုတ်ဖြင့်ကြေညာခြင်း၊

လုပ်ငန်းစဉ် (၇) => စိစစ်ပြီးချေးငွေအဆိုပြုလွှာများအား မြို့နယ်လုပ်ငန်းအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

လုပ်ငန်းစဉ် (၈) => ချေးငွေထုတ်ချေးပေးခြင်း၊

လုပ်ငန်းစဉ် (၉) => ချေးငွေနှင့် အတိုးကောက်ခံခြင်း၊ ချေးငွေစီမံခန့်ခွဲခြင်း၊

လုပ်ငန်းစဉ် (၁၀)=> လုပ်ငန်းများစစ်ဆေးခြင်း၊ စာရင်းပြုစုခြင်း၊ အစီရင်ခံခြင်း၊

လုပ်ငန်းစဉ် (၁၁) => ရွာလုံးကျွတ်အစည်းအဝေးကျင်းပ၍ စီမံကိန်းသုံးသပ်ခြင်း။

**ကျေးရွာအဆင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၇။ အများဆန္ဒဖြင့် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ကို အမှန်တကယ် လုပ်ငန်းဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်များဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။ ယင်းအဖွဲ့၏ သက်တမ်းမှာ (၃) နှစ်ဖြစ်သည်။

- လုပ်ငန်းအဖွဲ့ဝင်များသည်စွမ်းရည်မြှင့်သင်တန်းများ၊ ငွေစာရင်းထိန်းသိမ်းခြင်းသင်တန်းများ တက်ရောက်ရမည်။ စီမံကိန်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများကို ကျေးရွာသူ/သားများအား ပြန်လည်ရှင်းလင်းဆွေးနွေးရမည်။
- မြန်မာ့စီးပွားရေးဘဏ်တွင်စာရင်းရှင် (Current Account) ဖွင့်လှစ်ရမည်။ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၁) ဦး (ဘဏ္ဍာရေးမှူးနှင့်စာရင်းကိုင် မဟုတ်သည့်ပုဂ္ဂိုလ်) တို့အနက် (၂) ဦး လက်မှတ်ရေးထိုးထုတ်ယူရမည်။
- မြို့နယ်ကျေးလက်ဦးစီးနှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့အကြား စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်မှုသဘောတူစာချုပ်ချုပ်ဆိုရမည်။

**ချေးငွေလျှောက်လွှာခေါ်ယူခြင်း၊ အတည်ပြုခြင်း**

၈။ ချေးငွေလျှောက်လွှာခေါ်ယူခြင်းနှင့်အတည်ပြုခြင်းတို့အတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-

- ကျေးရွာလုပ်ငန်းအဖွဲ့သည် ချေးငွေစည်းကမ်းချက်များ၊ ဒဏ်ကြေးနှင့် အုပ်ချုပ်မှုအသုံးစရိတ်ဆိုင်ရာစည်းကမ်းများ သတ်မှတ်ရမည်။
- အတိုးနှုန်းကို ငွေတစ်ရာကျပ်အတွက် တစ်လလျှင် (၅၀) ပြားမှ (၁)ကျပ် (၅၀) ပြားအတွင်း အများသဘောတူဆန္ဒအရ သတ်မှတ်ရမည်။ အတိုးပေးသွင်းကာလကို ယေဘူယျအားဖြင့် သုံးလလျှင်တစ်ကြိမ်ဖြစ်ပြီး ကျေးရွာဆန္ဒဖြင့် သတ်မှတ်နိုင်သည်။

- ချေးငွေပြန်လည်ပေးဆပ်ရန်ကာလမှာ အများဆုံး (၁)နှစ်ဖြစ်ပြီး၊ ကျွဲ၊ နွား၊ နွားနောက်မွေးမြူခြင်းလုပ်ငန်းများ၊ ရာဘာ၊ လိမ္မော်၊ ဒူးရင်း၊ လက်ဖက်စသည့် နှစ်ရှည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အများဆုံး (၃) နှစ်ထက် ကျော်လွန်သတ်မှတ်ခြင်း မပြုရ။
- လည်ပတ်ရန်ပုံငွေမှ အတိုးနှုန်းသက်သာစွာ ငွေချေးယူနိုင်ကြောင်း ကျေးရွာသူ/သားများအား အသိပေးရမည်။
- အသင်းသားများသည် ချေးငွေလျှောက်လွှာကို ပြည်စုံစွာရေးသွင်းပြီး သတ်မှတ်သည့်နေ့ရက်အတွင်း လျှောက်ထားရမည်။
- သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အမှန်တကယ်ဆောင်ရွက်မည့်လုပ်ငန်းဟုတ်/မဟုတ်နှင့် အကျင့်စာရိတ္တကောင်းမွန်မှု ရှိ/မရှိတို့ကို စိစစ်၍ ချေးငွေထုတ်ပေးရန် သင့်/မသင့် လုပ်ငန်းအဖွဲ့က ဆုံးဖြတ်ရမည်။
- ချေးငှားသင့်သည့်ပမာဏကို ချေးငွေအတည်ပြုလွှာပုံစံတွင် ဖြည့်စွက်စိစစ်၍ မြို့နယ်လုပ်ငန်းအဖွဲ့ထံ တင်ပြရမည်။
- မြို့နယ်လုပ်ငန်းအဖွဲ့သည် ချေးငွေလျှောက်လွှာများအား စိစစ်၍ချေးငွေအောင်သူအမည်စာရင်းကို ကျေးရွာကြော်ငြာဆိုင်းဘုတ်တွင် တစ်ပတ်ကြိုတင်ကြေညာ၍ကန့်ကွက်လွှာခေါ်ယူရမည်။ ယင်းနောက်မှ အတည်ပြုရမည်။

**အတိုးနှုန်းသတ်မှတ်ခြင်း**

၉။ ကျေးရွာမတည်ရန်ပုံငွေမှ ကျေးရွာသူ၊ကျေးရွာသားများအား ချေးငွေထုတ်ချေးပေးရာတွင် အတိုးနှုန်းကို ငွေတစ်ရာကျပ်အတွက် တစ်လလျှင် ပြား (၅၀) နှုန်းမှ တစ်ကျပ် ပြား (၅၀) နှုန်းအတွင်း ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့မှ အများသဘောတူအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ပေးနိုင်ပါသည်။

**ချေးငွေထုတ်ချေးခြင်း**

၁၀။ ချေးငွေထုတ်ချေးရာတွင် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည် -

- ဝင်ငွေတိုးပွားမည့် ကိစ္စရပ်များအတွက်သာ ထုတ်ချေးရန် (ဝင်ငွေပြန်လည်မရနိုင်သော လုပ်ငန်းများအတွက် ထုတ်ချေးခြင်း မပြုရန်)၊
- သတ်မှတ်အတိုးနှုန်းထက် ကျော်လွန်သတ်မှတ်ခြင်း၊ အတိုးမယူဘဲ ထုတ်ချေးခြင်း မပြုရန်၊
- အစုအဖွဲ့ဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား ဦးစားပေး စဉ်းစားပေးရန်၊
- တိုးပွားလာသော အတိုးငွေများအား ပြန်လည်ထုတ်ချေးပေးနိုင်ရေး စီစဉ်ရန်၊

- ကျေးရွာလုပ်ငန်းအဖွဲ့သည် ချေးငွေအောင်သည့်ပုဂ္ဂိုလ်နှင့် ချေးငွေသဘောတူစာချုပ်ကို ချုပ်ဆိုရမည်၊
- ချေးငွေထုတ်ချေးရာတွင် မြို့နယ်ကျေးလက်ဦးစီးဝန်ထမ်း၏ ရှေ့မှောက်တွင်ထုတ်ချေးရမည်။ ချေးယူသူကာယကံရှင် လက်ဝယ်သို့ ပေးအပ်ရမည်။ မည်သည့်ကိုယ်စားလှယ်ကိုမှ ချေးငွေထုတ်ပေးခြင်း မပြုရ၊
- ချေးငွေထုတ်ချေးပေးချိန်တွင် အတိုးငွေများကို ကြိုတင်ဖြတ်တောက်ခြင်း မပြုရ၊ အခြားကောက်ခံငွေများနှင့် ရောနှောကောက်ခံခြင်း မပြုရ၊
- အကြောင်းအမျိုးမျိုးဖြင့်ချေးငွေမပေးဆပ်နိုင်ပါက ချေးငွေခံစားသည့် မိသားစုဝင်မှပေးလျော်စေခြင်း (သို့ဟုတ်) အာမခံဆောင်ရွက်သူ (၂) ဦးမှအချိုးကျပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးပြောကြားထားရမည်။

**ချေးငွေပြန်လည်ကောက်ခံခြင်း**

၁၁။ ချေးငွေပြန်လည်ကောက်ခံခြင်းမှာအောက်ပါအတိုင်းဖြစ်ပါသည်-

- အတိုးအရင်းတောင်းခံရာတွင် မိမိတို့လက်ဝယ်တွင် ကြာရှည်မထားရှိဘဲ ဘဏ်သို့နေ့ချင်းပေးသွင်းခြင်း(သို့မဟုတ်)ပြန်လည်ထုတ်ချေးခြင်းဆောင်ရွက်နိုင်ရန်စီမံရမည်၊
- နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှုနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့်ဘဏ်သို့ ပြန်လည်ပေးသွင်းရန် ခက်ခဲခြင်း၊ ဘဏ်မှပြန်လည်ထုတ်ယူရန် ခက်ခဲခြင်းများဖြစ်ပေါ်ပါက မြို့နယ်လုပ်ငန်းအဖွဲ့၏ စိစစ်အတည်ပြုချက်၊ ကြီးကြပ်မှုတို့ဖြင့်ကောက်ခံရရှိငွေအား ဘဏ်သို့ပေးသွင်းခြင်းမပြုဘဲ ငွေစာရင်းပုံစံ (၇-ခ) တွင် ဖြည့်သွင်း၍ကျေးရွာလူထုထံပြန်လည်ထုတ်ချေးခြင်း၊ လုံခြုံစိတ်ချသောနေရာတွင်ယာယီသိမ်းဆည်းခြင်း ဆောင်ရွက်ရမည်။
- ထိုသို့ဆောင်ရွက်ပါက ချေးငွေလျှောက်လွှာ၊ အတည်ပြုလွှာစာရင်းများ ကြိုတင်ပြုစုကာ မြို့နယ်လုပ်ငန်းအဖွဲ့၏ စိစစ်အတည်ပြုချက်၊ ကြီးကြပ်မှုတို့ကို ကြိုတင်စီစဉ်ဆောင်ရွက်ထားရမည်။

**စာရင်းပြုစုခြင်းနှင့် အစီရင်ခံခြင်း**

၁၂။ စာရင်းပြုစုခြင်းနှင့် အစီရင်ခံခြင်းတို့အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-

- ကျေးရွာလုပ်ငန်းအဖွဲ့သည် စီမံကိန်းနှင့်သက်ဆိုင်သောငွေစာရင်းပုံစံများရေးသွင်းပြုစုရမည်။

- ရန်ပုံငွေများ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းခြင်းမပြုမီ (သို့မဟုတ်) ငွေထုတ်မချေးမီ ဘဏ္ဍာရေးမှူး၏ နေအိမ်ရှိ သော့(၃)လုံးပါရှိသည့် ငွေသေတ္တာတွင် ယာယီထိန်းသိမ်းထားရှိရမည်။
- ကျေးရွာလုပ်ငန်းအဖွဲ့သည် ငွေချေးယူသူများ အမှန်တကယ်လုပ်ငန်းဆောင်ရွက်ခြင်းရှိ/မရှိ ကွင်းဆင်းကြီးကြပ်ရမည်။
- လစဉ်ရန်ပုံငွေလည်ပတ်မှု၊အတိုး/အရင်းရငွေ/ပေးငွေနှင့်အသုံးစရိတ်များ၏လချုပ်စာရင်းနှင့် အသုံးစရိတ်များ၏ လချုပ်စာရင်းနှင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် မတည်ငွေနှင့် အတိုးငွေများပြုစု၍ မြို့နယ်လုပ်ငန်းအဖွဲ့ထံတင်ပြရမည်။

**အုပ်ချုပ်မှု အသုံးစရိတ်သုံးစွဲခြင်း**

၁၃။ အုပ်ချုပ်မှုအသုံးစရိတ်သုံးစွဲခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

- Type (၁) ၊ (၂) နှင့် (၄) ကျေးရွာများသည် လည်ပတ်ရန်ပုံငွေ၏ အများဆုံး (၂%) ထက် မပိုသော အမှန်အသုံးစရိတ်ကိုလည်းကောင်း၊ Type (၃) ကျေးရွာများသည် ပထမနှစ်နှင့် ဒုတိယနှစ်တို့တွင် အများဆုံး (၄%) နှင့် တတိယနှစ်မှစတင်၍ (၂%) ထက်မပိုသော အမှန်အသုံးစရိတ်ကိုလည်းကောင်း သုံးစွဲနိုင်သည်။
- အသုံးစရိတ်များအား ပြေစာမူရင်းများနှင့်တကွ စာရင်းဇယားပြုစုထိန်းသိမ်းကာ ပွင့်လင်းမြင်သာမှုရှိစွာ ကျေးရွာလူထုထံချပြရှင်းလင်းရမည်။

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ခြင်း**

၁၄။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

- စီမံကိန်းကာလ (၃) နှစ်ပြည့်မြောက်ပြီး (သို့မဟုတ်) အတိုးရငွေကျပ် (၁၀) သန်းနှင့်အထက်ရရှိမှသာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရမည်။
- ယခင်ဆောင်ရွက်ပြီး လုပ်ငန်းများ၊ ကြိုတင်ဆောင်ရွက်ထားသော လုပ်ငန်းများ အားကျခံသုံးစွဲခြင်းမပြုရ၊ ချက်ချင်းအကျိုးရလဒ် (Quick Win) ရရှိသည့် လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်။

**မကျေနပ်မှုတိုင်ကြားခြင်း**

၁၅။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သည့် ပုဂ္ဂိုလ်များအားလုံး မည်သူမဆို ဝေဖန်အကြံပြုတိုင်ကြားနိုင်သည်။ သို့ရာတွင် ပုဂ္ဂိုလ်ရေးအရ မလိုမုန်းတီးမှုများကြောင့် မမှန်မကန် လိမ်လည်တိုင်ကြားခြင်းမပြုရ။

**အထွေထွေ**

၁၆။ စီမံကိန်းဆောင်ရွက်ရာတွင် အထွေထွေကိစ္စရပ်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

- နှစ်စဉ် ကျေးရွာအဆင့် ရွာလုံးကျွတ်အစည်းအဝေးကျင်းပ၍ စီမံကိန်းအား သုံးသပ်ခြင်းပြုလုပ်ရမည်။ အစည်းအဝေးတွင် ငွေကြေးလည်ပတ်မှုအခြေအနေများအား ရှင်းလင်း ဆွေးနွေးရမည်။
- ဘေးအန္တရာယ်များ ကျရောက်ခဲ့ပါက ပျက်စီးဆုံးရှုံးမှုများကိုစိစစ်၍ မြို့နယ်လုပ်ငန်းအဖွဲ့ထံ ဆက်လက်တင်ပြရမည်။

**အရေးယူအပြစ်ပေးခြင်း**

၁၇။ အရေးယူအပြစ်ပေးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

- မတည်ရန်ပုံငွေနှင့် တိုးပွားငွေများသည် အများပိုင်ငွေဖြစ်သဖြင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် မိမိကြောင့် အများပြည်သူ နစ်နာမှုမရှိစေရေး ကျေးရွာလုပ်ငန်းအဖွဲ့နှင့် ကျေးရွာသူ/သားများက အထူးဂရုပြု ထိန်းသိမ်းစောင့်ရှောက် စီမံရမည်။
- ချေးယူငွေနှင့် ကျသင့်သည့်အတိုးငွေကို သတ်မှတ်ရက်အတွင်း အပြေအကျေပေးဆပ်ရမည်။ လိုက်နာရန်ပျက်ကွက်ပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ (၄၁) အရ အရေးယူခြင်းခံရမည်။
- ရန်ပုံငွေအလွဲသုံးစားပြုခြင်း၊ ချေးယူငွေနှင့် အတိုးငွေများကို ပုံမှန်ပြန်လည်မပေးဆပ်ခြင်း၊ စည်းလုံးညီညွတ်မှုပျက်ပြားခြင်း (သို့မဟုတ်) စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ ကို လိုက်နာရန် ပျက်ကွက်ခြင်းတို့ ဖြစ်ပွားပါက နည်းဥပဒေ ၆၈ (ဃ)အရ မတည်ငွေအားလုံး ကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ပြန်လည်သိမ်းဆည်းခြင်းခံရမည်။
- စီမံကိန်းလည်ပတ်ငွေများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ ခြိမ်းခြောက်နှောင့်ယှက်ခြင်းများပြုလုပ်ပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၃၁ ၊ ၃၂၊ ၃၃(ဂ)၊ ၄၀၊ ၄၁၊ ၄၆ အရ အရေးယူခြင်းခံ ရမည်။

၁၈။ အထက်ပါဖော်ပြချက်များသည် ကျေးရွာမတည်ရန်ပုံငွေထူထောင်ပေးခြင်းလုပ်ငန်းအကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များအား လစ်ဟင်းမှုမရှိဘဲ ဆောင်ရွက်နိုင်စေရန်အတွက် စီမံကိန်းလက်စွဲစာစောင်ပါ အဓိကအချက်များအား ထုတ်နှုတ်ဖော်ပြထား ခြင်းဖြစ်ပါသည်။ လုပ်ငန်းစဉ်အသေးစိတ်အား မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်တွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

## (ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း

၁၉။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးတို့ကို အထောက်အကူဖြစ်စေမည့် ကျေးလက်နေ ဝင်ငွေနည်းပြည်သူများ၊ အသေးစား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် တရားဝင်ငွေကြေးဝန်ဆောင်မှုကို ကုန်ကျစရိတ် သက်သာစွာဖြင့် လွယ်ကူစွာရရှိနိုင်ရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဝန်ဆောင်မှု များကို ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်နေအိမ်ထောင်စုများ၏ အသေးစားစီးပွားရေး လုပ်ငန်း အသစ်များ၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှုများပြုလုပ်နိုင်ရန်အတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းများအနေဖြင့် အောက်ဖော် ပြပါ အရင်းအမြစ်များမှရယူနိုင်မည် ဖြစ်ပါသည် -

(က) သမဝါယမဦးစီးဌာနမှဆောင်ရွက်လျက်ရှိသောအသေးစားအရင်းအနှီးချေးငွေများ၊

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မြစိမ်း ရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်စီးပွားရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း စီမံကိန်း၊

(ဂ) စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဆောင်ရွက် လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးဆိုင်ရာ MSME ချေးငွေအစီအစဉ်၊

(ဃ) ကျေးလက်ကဏ္ဍသို့ ငွေကြေးထောက်ပံ့ပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်၊ မြန်မာစီးပွားရေးဘဏ်နှင့် သမဝါယမဘဏ်၊

(င) ပုဂ္ဂလိကများမှ ဆောင်ရွက်လျက်ရှိသော အသေးစားငွေရေးကြေးရေးလုပ်ငန်း များ Microfinance Institutions (MFI)။

၂၁။ သမဝါယမဦးစီးဌာန၏ အသေးစား အရင်းအနှီးချေးငွေများဖြင့် ဆောင်ရွက်မည်ဆိုပါက ဦးစီးဌာန(ရုံးချုပ်)၊ ဗဟိုသမဝါယမအသင်း၊ ပြည်နယ်/တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ မြို့နယ် သမဝါယမအသင်းစု၊ အခြေခံသမဝါယမအသင်းများနှင့် ချိတ်ဆက်နိုင်ရေး ခေတ်မီစံပြ ကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့က ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ထိုသို့ အသေးစား ချေးငွေရယူဆောင်ရွက်ရာတွင် သမဝါယမအသင်းဥပဒေ၊ သမဝါယမ အသင်းနည်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဦးစီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၂၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှမြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ကျေးလက်စီးပွားရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းတို့ဖြင့်ဆောင်ရွက်မည်ဆိုပါကလုပ်ငန်းစဉ်အသေးစိတ်အားမြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်နှင့်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းလက်စွဲစာစောင်တို့တွင်ဖော်ပြထားသည့်အတိုင်းလိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၂၃။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးဆိုင်ရာ MSME ချေးငွေအစီအစဉ်ဖြင့် ရယူဆောင်ရွက်လိုပါက ၎င်းဦးစီးဌာနနှင့် ချိတ်ဆက်နိုင်ရေး ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့ကကူညီဆောင်ရွက်ပေးရမည်ဖြစ်သည်။ ယင်းချေးငွေအစီအစဉ်နှင့်ပတ်သက်၍အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | |
|---|---|---|
| ○ ဆောင်ရွက်သည့်ဘဏ် | - | မြန်မာ့စီးပွားရေးဘဏ် |
| ○ အတိုးနှုန်း | - | ၆.၅ % (အပေါင်ပစ္စည်းပြနိုင်လျှင်)<br>၇ % မှ ၉ % (CGI စနစ်ကျင့်သုံးလျှင်) |
| ○ ချေးငွေသက်တမ်း | - | (၃)နှစ် မှ (၅)နှစ်အထိ |
| ○ ချေးငွေပမာဏ | - | ကျပ်(၃၀၀) သန်း (အများဆုံး) |
| ○ အပေါင်ပစ္စည်း | - | မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ စက်ပစ္စည်းများနှင့် CGI အာမခံ |
| ○ ဦးစားပေးကဏ္ဍ | - | ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ် ရောင်းဝယ်မှု လုပ်ငန်းများ၊ ပြည်ပပို့ကုန်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ Recycling နှင့် Energy Saving လုပ်ငန်းများ၊ နည်းပညာအခြေခံထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများ။ |

၂၄။ ထိုသို့ MSME ချေးငွေရယူဆောင်ရွက်ရာတွင် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဦးစီးဌာနမှထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးလက်ကဏ္ဍတွင် တောင်သူများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအပါအဝင် ကျေးလက်နေပြည်သူများ လိုအပ်နေသည့်ဝန်ဆောင်မှုများ၊ အဓိကငွေကြေးထောက်ပံ့မှုများပေးနေသောမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB)၊ သမဝါယမဘဏ်တို့မှ ချေးငွေများရယူဆောင်ရွက်လိုပါကလည်း ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့က ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၂၅။ ပုဂ္ဂလိကများမှ ဆောင်ရွက်လျက်ရှိသော အသေးစားငွေရေးကြေးရေး လုပ်ငန်းများ Microfinance Institutions (MFI) အစီအစဉ်ဖြင့် ဆောင်ရွက်မည်ဆိုပါက စီမံကိန်းဧရိယာအတွင်း မြို့နယ်နှင့် ကျေးရွာနယ်နိမိတ်ရှိ အသေးစားငွေရေးကြေးရေး လုပ်ငန်းအဖွဲ့များနှင့် ချိတ်ဆက်

နိုင်ရေး ခေတ်မီစံပြကျေးရွာ ထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့က ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ အဆိုပါအသေးစား ငွေရေးကြေးရေးလုပ်ငန်းအဖွဲ့များအနေဖြင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ လုပ်ငန်းလုပ်ကိုင်ခွင့်ထုတ်ပေးထားသော လိုင်စင်ရရှိသည့်အဖွဲ့များ ဖြစ်ရပါမည်။ ထိုသို့ အသေးစားငွေရေးကြေးရေးလုပ်ငန်းများမှ ချေးငွေရယူဆောင်ရွက်ရာတွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

## (ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာသွင်းအားစုများထောက်ပံ့ပေးခြင်း

၂၆။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင်ကျေးလက်ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက် စေရေးအတွက် အခြေခံကျသောသီးနှံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်များဆိုင်ရာ သွင်းအားစုများကို အလွယ်တကူလက်လှမ်းမီစွာရရှိစေရန် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာသွင်းအားစုများထောက်ပံ့ပေးခြင်းကိုထည့်သွင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂၇။ စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများထောက်ပံ့ခြင်းတွင် တောင်သူလယ်သမားများ သီးနှံ စိုက်ပျိုးထုတ်လုပ်ရာ၌ အဓိကလိုအပ်သောသွင်းအားစုများဖြစ်သည့် ပိုးသတ်ဆေး၊ ပေါင်းသတ် ဆေး၊ မှိုသတ်ဆေး၊ မြေဩဇာ၊ အရည်အသွေးကောင်းမွန်သော မျိုးစေ့များ စသည့် သွင်းအားစု များ အလွယ်တကူလက်လှမ်းမီစွာရရှိစေရန်အတွက် စီမံကိန်းဆောင်ရွက်ရာ နယ်နိမိတ်မြို့နယ် ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ပုဂ္ဂလိကမှ ဖွင့်လှစ်ထားရှိသော စိုက်ပျိုးရေး သွင်းအားစုအရောင်းဆိုင် များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့က ကူညီ ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ထို့ပြင်သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များထုတ်လုပ် ဖြန့်ဖြူး ရာတွင် ထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် စံချိန်စံညွှန်းပြည့်မီသောသွင်းအားစုများ အား အချိန်ကိုက်ထည့်သွင်းနိုင်ရေး စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (Good Agriculture Practices – GAP) အသိ ပညာပေးသင်တန်းများကိုလည်း စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်ရယူသွားရမည်ဖြစ်သည်။ တောင်သူလယ်သမားများအတွက် လိုအပ်သော လယ်ထွန် စက်၊ ကောက်ရိတ်စက်၊ စပါးခြွေလှေ့စက် စသည့် လယ်ယာသုံးစက်ကိရိယာများကို လယ်သမား များ အရစ်ကျဝယ်ယူနိုင်ရေးအတွက်လည်း မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာဦးစီးဌာန များ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည် ဖြစ်သည်။

၂၈။ မွေးမြူရေးဆိုင်ရာ သွင်းအားစုများထောက်ပံ့ခြင်းတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ အတွက် အဓိကလိုအပ်သောသွင်းအားစုများဖြစ်သည့် မျိုးသားပေါက်၊ မွေးမြူရေး အစားအစာနှင့် ဆေးဝါးများ စသည့်သွင်းအားစုများ အလွယ်တကူလက်လှမ်းမီစွာရရှိစေရန်အတွက် စီမံကိန်း ဆောင် ရွက်ရာ နယ်နိမိတ်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပုဂ္ဂလိကမှ ဖွင့်လှစ်ထားရှိသော

မွေးမြူရေးသွင်းအားစုအရောင်းဆိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့က ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ထို့ပြင် အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော မွေးမြူရေးထုတ်ကုန်များရရှိစေရေး အတွက်ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်များ (Good Animal Husbandry Practices-GAHP) အသိပညာပေးသင်တန်းများကိုလည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ရယူ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၂၉။ ကျေးလက်ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောနည်းပညာများ၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်အတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပြီး လူသုံးကုန်၊ စားသောက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဆောင်ရွက်နိုင်ရန် ယွန်းပညာသင်တန်း၊ ရက်ကန်းသင်တန်းနဲ့ စားသောက်ကုန်၊ လူသုံးကုန်စက်မှုလက်မှုလုပ်ငန်းဆိုင်ရာသင်တန်းများဖွင့်လှစ်ပို့ချဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

## (ဃ) ကုန်ထုတ်လုပ်မှုဆိုင်ရာ စက်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း

၃၀။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများအတွက် လုပ်ငန်းများလျင်မြန်စွာပြီးမြောက်စေရေးနှင့် ခေတ်စနစ်နှင့် အညီ အရည်အသွေးမြင့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်အတွက် တောင်သူများ၏ အဓိကလိုအပ်သော ကုန်ထုတ်လုပ်မှုဆိုင်ရာ စက်ပစ္စည်းကိရိယာများ ထောက်ပံ့ခြင်းကို ထည့်သွင်းဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

၃၁။ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း များဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများလိုအပ်မှုများအတွက် မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးရ မည်ဖြစ်ပါသည်။ ထို့အပြင် လိုအပ်သော ငွေကြေးအရင်းအနှီးများအတွက် ရရှိပြီး Fund Source များ (ဥပမာ မြစိမ်းရောင်စီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစသည်ဖြင့်) မှ မျှဝေသုံးစွဲခြင်း၊ သက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။

## (င) Mobile-payment နှင့် Digital Payment စနစ်များ ဖွံ့ဖြိုးလာစေခြင်း

၃၂။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင်ကျေးလက်စီးပွားရေးနှင့်ကျေးလက်ကုန်ထုတ်လုပ်ငန်းများတွင် ဒီဂျစ်တယ်နည်းပညာကို ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် ကျေးလက်နေပြည်သူ

များမှ ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေရန် မျှော်မှန်း၍ Mobile-Payment နှင့် Digital Payment စနစ်များအား ထည့်သွင်းအသုံးပြုသွားမည် ဖြစ်ပါသည်။ ထိုသို့ ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို တွင်ကျယ်စွာအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်-

(က) ကျေးရွာသူ/သားများ ရန်ပုံငွေထုတ်ချေးခြင်း၊ အရင်း/အတိုးပြန်လည်ပေးသွင်းခြင်းများဆောင်ရွက်ရာ၌ ငွေကြေးလုံခြုံမှုရှိစေခြင်း၊

(ခ) ငွေကြေးကောက်ခံ/ပေးသွင်းခြင်း (ရေမီတာ၊ လျှပ်စစ်မီးမီတာ) စသည်တို့ ဆောင်ရွက်ရာတွင် အချိန်၊ ငွေကြေးနှင့် အခြားစရိတ်များလျှော့နည်းစေခြင်း၊

(ဂ) စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံခြင်းများ ပြုလုပ်ရာတွင် Digital နည်းပညာကိုအသုံးပြုခြင်းဖြင့် ပိုမိုကောင်းမွန်သော ရန်ပုံငွေလည်ပတ်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေခြင်း၊

(ဃ) ဒီဂျစ်တယ် Wallet ကို အသုံးပြု၍သော်လည်းကောင်း၊ လက်ရှိ အသုံးပြုလျက်ရှိ သောခေတ်မီငွေပေးချေမှုစနစ်များကိုအသုံးပြု၍သော်လည်းကောင်း ဖုန်းငွေဖြည့် ခြင်း၊ ဘေလ်များ ပေးဆောင်ခြင်း၊

(င) ကျေးလက်ဒေသတွင်း ကုန်ဖိုးပေးချေခြင်း၊ အာမခံထားရှိခြင်း၊ ငွေကြေးစုဆောင်းခြင်း၊ ငွေချေးယူခြင်းတို့တွင် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ခြင်း၊

(စ) တစ်ဦးနှင့်တစ်ဦးကြား၊ အဖွဲ့အစည်းများအကြား၊ စီးပွားရေးလုပ်ငန်းများအကြား ဒီဂျစ်တယ်လမ်းကြောင်းမှတဆင့် ငွေကြေးအကုန်အကျသက်သာစွာ လျင်မြန်စွာ လွှဲပြောင်းပေးပို့နိုင်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ တန်ဖိုးကွင်းဆက်များအား ပိုမိုထိရောက်ကောင်းမွန်လာစေခြင်း။

၃၃။ စီမံကိန်းကျေးရွာများတွင် ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ထည့်သွင်း အသုံးပြုမည်ဆိုပါက အောက်ပါတို့ကို ဆောင်ရွက်ရပါမည် -

(က) ကျေးရွာ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးဆောင်ရွက်မှုများနှင့်ကိုက်ညီ အသုံးဝင်မည့် သတင်းနှင့်နည်းပညာအချက်အလက်များ၊ Mobile-Payment နှင့် Digital Payment စနစ်များ ထူထောင်ဆောင်ရွက်ပေးခြင်း၊

(ခ) ထိုသို့ Mobile-Payment နှင့် Digital Payment စနစ်များအသုံးပြုနိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်နေသော ဝန်ဆောင်မှုဘဏ်များ (သို့မဟုတ်) အခြားဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်မည့် ဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ဝန်ထမ်းများနှင့် ကျေးရွာသူ/သားများအား Mobile Financial Payment အသုံးပြုမှု ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊

(ဃ) Digital နည်းစနစ်ဖြင့် ချေးငွေထုတ်ချေးပေးခြင်း၊ အတိုး/အရင်းကောက်ခံခြင်း၊ ပြန်လည်ပေးသွင်းခြင်းနှင့် ရေမီတာ၊ လျှပ်စစ်မီးမီတာခများပေးသွင်းခြင်းစသည့် လုပ်ငန်းများဆောင်ရွက်နိုင်ခြင်း။

၃၄။ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုဘဏ်/Agent များနှင့် လုပ်ငန်းဆောင်ရွက်နိုင်ရန် စာချုပ်ချုပ်ဆိုသွားရမည်ဖြစ်ပြီး ဝန်ဆောင်မှုကုမ္ပဏီမှ စာချုပ်တန်ဖိုး၏ (၅%) အား လုပ်ငန်း အာမခံကြေးအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခု တွင် ဘဏ်အာမခံပြုလုပ်၍ ပေးသွင်းထားရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ထံသို့တင်ပြ၍ ပြန်လည်ထုတ်ယူခွင့်ပြုသည့်အချိန်အထိ ထားရှိရ မည်ဖြစ်ပါသည်။

၃၅။ ခေတ်မီစံပြကျေးရွာများတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်း၊ အရင်း/ အတိုးပြန်လည်ပေးသွင်းခြင်းလုပ်ငန်းများအား Mobile-Payment နှင့် Digital Payment စနစ် များဖြင့် ဆောင်ရွက်မည်ဆိုပါက ပြည်ထောင်စုအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဗဟိုကြီးကြပ်မှု ကော်မတီနှင့်ညှိနှိုင်း၍ ဆောင်ရွက်ရမည်ဖြစ်သည်။

## အခန်း(၇)

## အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း

### (က) စိုက်ပျိုးရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း

၁။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီ စံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများနှင့် ပူးပေါင်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ဒေသနှင့်ကိုက်ညီပြီး တောင်သူလယ်သမားများအတွက် အကျိုးအမြတ်ရရှိစေနိုင်မည့်မျိုး၊ စိုက်စနစ်၊ သီးနှံပုံစံသည့် သီးနှံစံပြကွက်များကို တောင်သူများ ကိုယ်တိုင် ပူးပေါင်းပါဝင်သော (Farmer Participatory Approach) ပုံစံဖြင့် ဆောင်ရွက် နိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ခ) တောင်သူလယ်သမားအစုအဖွဲ့များဖွဲ့စည်း၍ စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်ရေး သာမက ပြုပြင်ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး ကန်ထရိုက်လယ်ယာ စနစ်(Contract Farming)ပေါ်ပေါက်လာရန်နှင့် အစုအဖွဲ့အခြေခံ၍ ဘက်စုံစိုက် ပျိုးမွေးမြူရေးစနစ် (Community Integrated Farming System) ဖြစ်ပေါ်လာ စေရေး စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ သွင်းအားစု အရောင်းဆိုင်များ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုနှင့် GAP စနစ်ဖြင့် စနစ်တကျ စိုက်ပျိုးသည့် အလေ့အကျင့်ကောင်းများရရှိစေရေး စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုး ရေးသုတေသနဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) သီးနှံအလိုက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ဖွံ့ဖြိုးလာစေရေး လိုအပ်သော သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် ဆွေးနွေးပွဲများအား စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ ကျင်းပပြုလုပ်ပေးခြင်း၊

(င) သီးနှံထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် စားသုံးမှုကဏ္ဍများအား သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(စ) စိုက်ကေတစ်ရာသီတွင် မျှော်မှန်းအထွက်နှုန်းများအတိုင်း ရရှိနိုင်မှုအခြေအနေများ ရှိ/မရှိ စစ်တမ်းများကောက်ယူထားရှိရန်နှင့် အထွက်နှုန်းလျော့ကျမှုများအား သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

**ကျေးလက်ဒေသများတွင်မိသားစုတစ်ပိုင်တစ်နိုင်ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း(အိမ်ခြံဝင်းသီးနှံစိုက်ပျိုးခြင်း)**

၂။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် မိမိအိမ်ခြံဝင်းအတွင်း ရာသီအလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးသော အလေ့အကျင့်များရရှိလာပြီး တပိုင်တနိုင် စိုက်ပျိုးထုတ်လုပ်နိုင်၍ ကျေးရွာသူ/သားများ၏ မိသားစုအပိုဝင်ငွေနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် လည်းကောင်း၊ လတ်ဆတ်ပြီးအန္တရာယ်ကင်းရှင်းသောဟင်းသီးဟင်းရွက်များကိုစားသုံးနိုင်ရန်အတွက်လည်းကောင်း အိမ်ခြံဝန်းအတွင်းသီးနှံ စိုက်ပျိုးခြင်းလုပ်ငန်းကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ထိုသို့အိမ်ခြံဝန်းအတွင်း သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းကိုဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ခေတ်မီစံပြကျေးရွာထူထောင်ရေးကျေးရွာတွင် Home Garden ပျိုးဥယျာဉ်ခြံတစ်ခုထားရှိပြီး ယင်းပျိုးဥယျာဉ်ခြံတွင် နှစ်ရှည်ပျိုးပင်နှင့်ဟင်းသီးဟင်းရွက်ရာသီတိုသီးနှံပင်များပျိုးထောင်၍ ကျေးရွာရှိ Home Garden စိုက်ပျိုးရေးလုပ်ငန်းအား စိတ်ပါဝင်စားသည့် အိမ်ထောင်စုများသို့ ဖြန့်ဖြူး၍ စိုက်ပျိုးပေးစေခြင်း၊

(ခ) စိတ်ပါဝင်စားသော ကျေးရွာသူ/သားများ၏ အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်စံပြစိုက်ခင်းများ ဆောင်ရွက်စေခြင်း၊

(ဂ) ဓါတုပိုးသတ်ဆေးများ အသုံးမပြုဘဲ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးများအသုံးပြုစေခြင်း၊

(ဃ) ပိုးသတ်ဆေး စနစ်တကျအသုံးပြုနည်း၊ ပိုးမွှားရောဂါကာကွယ်ရေးသင်တန်း၊ မြေဩဇာပြုလုပ်နည်းသင်တန်းများ၊စနစ်တကျအပင်ပြုစုပျိုးထောင်နည်းသင်တန်းများအား စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ဆောင်ရွက်ပေးခြင်း၊

(င) သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များနှင့် လိုအပ်သောသွင်းအားစုများရရှိရေး စိုက်ပျိုးရေးဦးစီးဌာန၊ သက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများနှင့်ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးခြင်း။

## (ခ) မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း

၄။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကိုထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားများ၏ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ လိုအပ်သောငွေကြေးအရင်းအနှီးများ လက်လှမ်းမီရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိလာစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများနှင့် ပူးပေါင်း၍ အောက်ဖော်ပြပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) စီမံကိန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲလျက်ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများအား ဦးစားပေးအဆင့်အလိုက် စစ်တမ်းကောက်ယူခြင်း၊

(ခ) ကောက်ယူရရှိထားသော စစ်တမ်းများအရ အောင်မြင်ဖြစ်ထွန်းနိုင်ခြေရှိသော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲခြင်း၊

(ဂ) အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း မွေးမြူရေးဆောင်ရွက်မည့် တောင်သူများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ပူးပေါင်း၍ နည်းပညာဆိုင်ရာ သင်တန်းများပေးခြင်းနှင့် မျိုးကောင်းမျိုးသန့်ရရှိစေရေး ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) မွေးမြူရေးဆိုင်ရာ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုအပေါ် လိုက်လျောညီထွေဖြစ်စေမည့် ကြိုတင်အစီအမံများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးခြင်း၊

(င) မွေးမြူရေးလုပ်ငန်းထုတ်ကုန်များအတွက် ဈေးကွက်ရရှိရေး၊ Public-Private-Partnership စနစ်ကျင့်သုံး၍ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများအား ပြည်တွင်းပြည်ပဈေးကွက်ရရှိစေရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(စ) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရန်နှင့် အသေးစား၊ အလတ်စား ပုဂ္ဂလိက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများအား မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းမှသတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီကူညီထောက်ပံ့ပေးခြင်း၊

(ဆ) မွေးမြူရေးထုတ်ကုန်များမှတဆင့်မိသားစုဝင်ငွေတိုးပွား၍ခိုင်မာသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရေရှည်တည်တံ့နိုင်စေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ပေးခြင်း၊

(ဇ) မွေးမြူရေးလုပ်ငန်းထုတ်ကုန်များအား တန်းဖိုးမြှင့်တိရစ္ဆာန်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေးနှင့်စီးပွားဖြစ်လုပ်ငန်းများအထိ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များအားမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဈ) GAHP, GAqP စနစ်များဖွံ့ဖြိုးလာစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဆက်စပ်ဦးစီးဌာနများနှင့် ချိတ်ဆက်၍ အသိပညာပေးသင်တန်းများ၊ ဟောပြောပွဲများဖွင့်လှစ်ဆောင်ရွက်ခြင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများဆောင်ရွက်ပေးခြင်း။

## (ဂ) အိမ်တွင်းမှုနှင့်လက်မှုပညာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း

၅။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် ကျေးရွာသူ/သားများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဒေသလိုအပ်ချက်နှင့် ကိုက်ညီမှုအပေါ်အခြေခံပြီး အိမ်တွင်းမှုနှင့် လက်မှုပညာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများနှင့် ပူးပေါင်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အိမ်တွင်းမှုနှင့် လက်မှုပညာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးစေရေးအတွက် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများ၏ ဖြစ်နိုင်ခြေရှိသော ၊ အခြေခံရှိပြီးဖြစ်သောလုပ်ငန်းများအား စစ်တမ်းကောက်ယူခြင်း၊

(ခ) စစ်တမ်းကောက်ယူရရှိသည့် လုပ်ငန်းများအပေါ်အမှန်တကယ် အကျိုးရှိစေမည့်လုပ်ငန်းများအလိုက် ဦးစားပေးအဆင့်အတန်းသတ်မှတ်ခြင်း၊

(ဂ) လုပ်ငန်းများအားဦးစားပေးအဆင့်အတန်း သတ်မှတ်ပြီးစီးပါက ကျေးရွာမှ သဘောတူညီချက်နှင့်အညီ အမှန်တကယ်စိတ်ဝင်စားမှုရှိသော လုပ်ငန်းများအား ရွေးချယ်အတည်ပြုခြင်း၊

(ဃ) စီမံချက်ရေးဆွဲ၍ လိုအပ်သောနည်းပညာနှင့် ငွေကြေးအရင်းအနှီးများအား အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများ နှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်းများဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းရေရှည်တည်တံ့စေရေးအတွက် လိုအပ်သည်များ ကြီးကြပ်ကွပ်ကဲခြင်း နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဃ) အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း

၆။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို အထောက်အကူဖြစ်စေမည့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့်အခြားသက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများနှင့်ပူးပေါင်း၍ အောက်ဖော်ပြပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) မှတ်ပုံမတင်ရသေးသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သတ်မှတ်ဥပဒေနှင့် အညီမှတ်ပုံတင်နိုင်ရေး သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာနည်းပညာအကြံဉာဏ်များပေးခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်စေရန် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ လိုအပ်သောသင်တန်းများပို့ချပေးခြင်း၊

(ဂ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအလို့ငှာ အတိုးသက်သာသောချေးငွေရရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း၊ သမဝါယမဦးစီးဌာန၏ အသေးစားအရင်းအနှီး ချေးငွေများရရှိနိုင်ရေး သက်ဆိုင်ရာဦးစီးဌာနများသို့ တင်ပြလျှောက်ထားခြင်း၊

(ဃ) အကောက်ခွန်နှင့်ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများကို လုပ်ငန်းဆောင်ရွက်သူများ မသိရှိကျွမ်းဝင်စေခြင်းနှင့် ထိုက်သင့်သောဖြေလျှော့မှုများ သတ်မှတ်ဥပဒေများနှင့်အညီဖြေလျှော့မှုရရှိစေရေး သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊

(င) တီထွင်ကြံဆမှုနှင့်စျေးကွက်ချဲ့ထွင်နိုင်ရေးကို မြှင့်တင်နိုင်ရေးအတွက် အသေးစား နှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ အချင်းချင်းယှဉ်ပြိုင်ဆောင်ရွက်မှုတွန်းအား ပေးခြင်း၊ ကုန်စည်နှင့်နည်းပညာပြပွဲများအား အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ပူးပေါင်း၍ ကျင်းပဆောင်ရွက်ပေးခြင်း၊

(စ) ပြည်တွင်းပြည်ပဝယ်ယူသူများနှင့် ရောင်းချသူများအတွက် စျေးကွက်ထိုးဖောက် နိုင်ရေးအပြင် Online ကုန်သွယ်မှုစနစ် ဖွံ့ဖြိုးစေရေးကိုပါ ဆောင်ရွက်နိုင်ရန် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည် ပြပွဲများနှင့် ပြိုင်ပွဲများသို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သက်ဆိုင်ရာ ဦးစီးဌာနနှင့်ချိတ်ဆက်၍တက်ရောက်စေခြင်း။

## (င) တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်မှု (Value-added) ဖွံ့ဖြိုးစေခြင်း

၇။ စီမံကိန်းကျေးရွာများအတွင်းရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ ထုတ်ကုန်များ ထုတ် လုပ်နိုင်မှုမြင့်မားပြီး စျေးကွက်လိုအပ်ချက်နှင့်အညီ အရည်အသွေးမီ တန်ဖိုးမြှင့်ထုတ်ကုန်များ အမယ်စုံထုတ်လုပ်နိုင်ခြင်းဖြင့် ဝင်ငွေမြင့်မားလာစေရန်နှင့် ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာ နှင့်ယှဉ်ပြိုင်ပြီး ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန်ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းတွင် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်မှုဖွံ့ဖြိုးစေရေး ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရာတွင် ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဆက်စပ်ဦးစီးဌာနများနှင့်ပူးပေါင်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) စီမံကိန်းကျေးရွာ၏ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အခြားလုပ်ငန်းများမှ ထွက်ရှိသော ကုန်ကြမ်းများအနက် ဒေသနှင့်ကိုက်ညီသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ် ရောင်းချနိုင်ရေး စစ်တမ်းကောက်ယူခြင်း၊

(ခ) စစ်တမ်းကောက်ယူရာတွင် ကုန်ကြမ်းရရှိနိုင်မှုအခြေအနေ၊ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ရန်အတွက်လိုအပ်ချက်များ (နည်းပညာလက်လှမ်းမီနိုင်မှု၊ လမ်းပန်း ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ်စကများပြားခြင်း၊ လျှပ်စစ်ဓါတ်အား လိုအပ်ချက်ရှိခြင်း)၊ စျေးကွက်ရရှိနိုင်မှုအခြေအနေများပါထည့်သွင်း စဉ်းစားခြင်း၊

(ဂ) အစုအဖွဲ့စနစ်ဖြင့်သော်လည်ကောင်း၊ပုဂ္ဂလိကစနစ်ဖြင့်သော်လည်းကောင်း ဆောင် ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်းနှင့် ၊ ငွေကြေးအရင်းအနှီးရရှိစေရေး၊ လိုအပ်

သောနည်းပညာဆိုင်ရာသင်တန်းများ၊ စက်ကိရိယာများပံ့ပိုးပေးနိုင်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် အခြားသက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဃ) စီမံကိန်းကျေးရွာရှိ တပိုင်တနိုင်လုပ်ငန်းများအား စီးပွားဖြစ်လုပ်ငန်းများအဖြစ် ရောက်ရှိလာစေရေး သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ကူညီချိတ်ဆက်၍ လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးရန်၊

(င) ထုတ်လုပ်မှုနည်းစနစ်များ အဆင့်မြင့်စေရေးနှင့် ဈေးကွက်သတင်းအချက်အလက်များအား Digital Platform ဖြင့် လွယ်ကူလျှင်မြန်စွာ ရရှိနိုင်စေရေး ကျေးရွာများတွင် Digital Platform များတပ်ဆင်ပေးပြီး လိုအပ်သော နည်းပညာများအား သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ သင်ကြားပို့ချပေးခြင်း၊

(စ) မိသားစုအိမ်တွင်းမှု တပိုင်တနိုင်လုပ်ငန်းများ စတင်နိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ အားပေးကူညီခြင်းများဆောင်ရွက်ခြင်း၊

(ဆ) တပိုင်တနိုင်လုပ်ငန်းဖြစ်စေ၊ စီးပွားဖြစ်လုပ်ငန်းဖြစ်စေလုပ်ငန်းများ ရေရှည်တည်တံ့နိုင်စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများ၏ အသိအမှတ်ပြု လက်မှတ် များ ရရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

**(စ) ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP)လုပ်ငန်းများ ဖွံ့ဖြိုးစေခြင်း**

၈။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ဆောင်ရွက်မည့်ကျေးရွာတွင် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်နှင့် မိသားစုဝင်ငွေတိုးပွားလာ စေရန်၊ ကျေးလက်နေပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေခြင်းဖြင့် ဆင်းရဲမှုနှုန်းကို လျှော့ချရန်၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအား မြှင့်တင်ရန်၊ ကျေးလက်စီးပွားရေးမြှင့်တင်ရေးကဏ္ဍတွင် ဒေသခံပြည်သူများ ပိုမိုပါဝင်လာစေရန်၊ ကျေးလက်နေ ပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် ကိုယ့်အားကိုယ်ကိုးတတ်လာနိုင်စေရန်၊ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် OVOP ချဉ်းကပ်မှုအား မြှင့်တင်ရန်၊ ကျေးရွာတစ်ရွာ ထွက်ကုန်တစ်မျိုး (One Village One Product) လုပ်ငန်းများ အထောက်အကူဖြစ်စေရန်အတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP)လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ ထိုသို့ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) ကျေးရွာရွေးချယ်ခြင်း၊

(ခ) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊

(ဂ) ကော်မတီဖွဲ့စည်းခြင်း၊

(ဃ) ကျေးရွာ၏ အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သော လုပ်ငန်းများအား အကဲဖြတ်ခြင်း၊

(င) ထုတ်ကုန်များဖော်ထုတ်ခြင်း၊

(စ) နည်းပညာပိုင်းဆိုင်ရာသင်တန်းများပေးခြင်း၊

(ဆ) ကော်မတီဝင်များအား သင်တန်းများပေးခြင်း၊

(ဇ) မူဝါဒပိုင်းနှင့်ပတ်သက်၍ SMEsများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဈ) ရေရှည်တည်တံ့ခိုင်မာသည့်ဈေးကွက်များရရှိအောင်ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ည) စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်း။

**OVOP ဆောင်ရွက်ရာတွင်အောင်မြင်မှုရရှိစေရန် လိုက်နာဆောင်ရွက်ရမည့်အချက်များ**

၁၀။ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရန် လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အလားအလာရှိသောထုတ်ကုန်များ၏ အချက်အလက်များ စုဆောင်းခြင်း၊

(ခ) ရပ်ရွာလူထု၏အကျိုးစီးပွားကိုမြှင့်တင်၍လုပ်ငန်းရှင်များဖြစ်လာစေရန်စီးပွားရေး အစုအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ဂ) ဘုံစီးပွားရေးပုံစံဖြင့် ရပ်ရွာလူထု၏စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးခြင်း၊

(ဃ) စီးပွားရေးအစုအဖွဲ့များခိုင်မာအားကောင်းလာစေရန် ငွေကြေးအရင်းအနှီး၊ ဈေးကွက်ရရှိရေး၊ထုတ်ပိုးမှုပုံစံ၊ အရည်အသွေးပိုင်းဆိုင်ရာစီမံခန့်ခွဲမှုစသည့်လိုအပ်သည့်နည်းပညာများအား သက်ဆိုင်ရာဦးစီးဌာနများနှင့်ပူးပေါင်း၍ ကူညီထောက်ပံ့ပေးခြင်း၊

(င) လုပ်ငန်းအဖွဲ့များနှင့် SMEs များအကြားပေါင်းစပ်ညှိနှိုင်း၍ ကျေးရွာ၏ ကုန်အမှတ်တံဆိပ် (brand) တစ်ခုအား ထုတ်လုပ်ပြီး လူထုအကြားကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်ဖော်ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးခြင်း။

၁၁။ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည် -

(က) စီမံကိန်းကျေးရွာ၏ အခြေခံရှိပြီးသော အိမ်တွင်းမှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအားစာရင်းကောက်ယူခြင်း၊ အဆင့်သတ်မှတ်ခြင်း၊

(ခ) လုပ်ငန်းများ၏ ဦးစားပေးအဆင့်အလိုက် အစုအဖွဲ့လုပ်ငန်း၊ ကုမ္ပဏီ၊ ပုဂ္ဂလိက စသည်ဖြင့် အဆင့်အတန်းခွဲခြားသတ်မှတ်ခြင်း၊

(ဂ) ဒေသ၏ကုန်ကြမ်းရရှိမှုအပေါ် မူတည်၍ ဈေးကွက်လိုအပ်ချက်အရ ဖြစ်နိုင်ချေရှိသောလုပ်ငန်းအား ရွေးချယ်သတ်မှတ်ခြင်း၊

(ဃ) ရွေးချယ်ထားသောလုပ်ငန်းအတွက်လိုအပ်သော နည်းပညာ၊ စက်ပစ္စည်းများနှင့် ငွေကြေးအရင်းအနှီးရရှိရေးအတွက်သက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(င) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကော်မတီများဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် စီမံချက်ရေးဆွဲခြင်းတို့အား ဆောင်ရွက်ရန် အသိပညာပေးခြင်း၊

(စ) ကျေးရွာ၏ ထုတ်ကုန်များဈေးကွက်ချိတ်ဆက်ရရှိစေရေးအတွက် နည်းပညာ အသုံးပြုကြော်ငြာခြင်း၊ အရောင်းပွဲတော်များ၊ ပြပွဲများကျင်းပပေးခြင်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သက်ဆိုင်ရာ ဆက်စပ်ဦးစီးဌာနများနှင့် ပူးပေါင်း၍ ကျင်းပပြုလုပ်ပေးခြင်း၊

(ဆ) လုပ်ငန်းရေရှည်တည်တံ့လည်ပတ်စေရေးအတွက် စောင့်ကြည့်လေ့လာခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများအား သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်စေခြင်း။

**(ဆ) စက်မှုလယ်ယာအပါအဝင်အခြားဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း**

၁၂။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် လယ်ယာ၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စက်မှုလယ်ယာအပါအဝင် အခြားဝန်ဆောင်မှုလုပ်ငန်းများကိုထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ရာ ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့် စက်မှုလယ်ယာဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများနှင့်ပူးပေါင်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည် -

(က) စီမံကိန်းကျေးရွာရှိ လယ်ယာလုပ်ငန်းလုပ်ကိုင်သော တောင်သူအရေအတွက်၊ လယ်မြေဧက၊ သမရိုးကျလုပ်ကိုင်ဆောင်ရွက်သူဦးရေ၊ ဧကများအား စစ်တမ်းကောက်ယူခြင်း၊

(ခ) စက်မှုလယ်ယာစနစ်အား စံနမူနာပြသနိုင်ရန် စနစ်တကျလယ်ယာမြေအား လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့၏ အကူအညီရယူ၍ ဖော်ထုတ်ပေးခြင်း၊

(ဂ) စက်မှုလယ်ယာစနစ်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စီမံချက် ရေးဆွဲဆောင်ရွက်ခြင်း၊

(ဃ) စက်မှုလယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက် လိုအပ်သောနည်းပညာ၊ စက်ကိရိယာများနှင့်ငွေကြေးအရင်းအနှီးရရှိစေရေး သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊

(င) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်တောင်သူအစုအဖွဲ့များအနေဖြင့် လယ်ယာသုံးစက်ကိရိယာများအား သင့်လျော်သည့်ဈေးငွေ/ အထောက်အပံ့များဖြင့် အရစ်ကျဝယ်ယူခွင့်ရရှိနိုင်စေရေး၊ စက်မှုလယ်ယာဦးစီးဌာန၊သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(စ) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အချိန်အခါမှီ ထွန်ယက်ရိတ်သိမ်းနိုင်ရန်၊ သီးနှံများလေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် သယ်ယူပို့ဆောင်ရေးစရိတ် ကြီးမြင့်မှုအားလျော့ချနိုင်စေရန် ကျေးလက်ဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ကုန်ထုတ်လမ်းများ ဖောက်လုပ်ဆောင်ရွက်ပေးခြင်း၊

(ဆ) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မွေးမြူရေးကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်လာစေရန် ပေါင်းစည်းလယ်ယာစနစ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အခြားဆက်စပ်ဦးစီးဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ဆောင်ရွက်ပေးခြင်း၊

(ဇ) စိုက်ပျိုးရေးထုတ်ကုန်များအား ကောင်းမွန်ခိုင်မာသောဈေးကွက်ရရှိစေရေးအတွက် ပုဂ္ဂလိကအသင်းအဖွဲ့များဖြင့်ချိတ်ဆက်၍ အကျိုးတူလယ်ယာစနစ် (Contract Farming) ဖော်ဆောင်ပေးခြင်း၊

(ဈ) နည်းပညာ၊ သတင်းအချက်အလက်လွယ်ကူစွာရရှိနိုင်စေရန်စီမံဆောင်ရွက်ပေးခြင်း။

**(ဈ) စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအားအကျိုးတူလယ်ယာ (Contract Framing) စနစ်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

၁၃။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သည့် တောင်သူလယ်သမားများနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက်ရှိလုပ်ငန်းစဉ်များတွင် ပါဝင် ပတ်သက်နေကြသည့် ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ အသင်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည်မီသော ထုတ်ကုန်များရရှိစေရန် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

၁၄။ ထိုသို့ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအား အကျိုးတူလယ်ယာ(Contract Framing) စနစ်ဖြင့်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည် -

(က) တောင်သူများအနေဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ-၇ သို့မဟုတ် လုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်ရရှိထားသည့် အထောက်အထားတစ်ခုခုတင်ပြနိုင်သူ ဖြစ်ရမည်၊

(ခ) အကျိုးတူလယ်ယာဆောင်ရွက်လိုသော စိုက်ပျိုးမွေးမြူသူတောင်သူလယ်သမားများအနေဖြင့် ကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကလုပ်ငန်းရှင် (သို့မဟုတ်) အသင်းအဖွဲ့များနှင့် နှစ်စဉ်သဘောတူစာချုပ် ညှိနှိုင်းချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စိုက်ပျိုးမွေးမြူရေးစနစ်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) အကျိုးတူလယ်ယာဆောင်ရွက်မည့် လုပ်ငန်းရှင်များ (သို့မဟုတ်) အသင်းအဖွဲ့များအနေဖြင့်တောင်သူလယ်သမားများအား ဆောင်ရွက်မည့်လုပ်ငန်းစဉ် အသေး စိတ်၊ နှစ်ဦးနှစ်ဖက်ရရှိနိုင်သည့် အကျိုးကျေးဇူးနှင့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို နားလည်လက်ခံနိုင်စေရန် သက်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်း၊ အစိုးရဌာနများနှင့်အတူ ကြိုတင်ရှင်းလင်းဆွေးနွေးရမည်။

(ဃ) အကျိုးတူလယ်ယာဆောင်ရွက်မည့် လုပ်ငန်းရှင်များ (သို့မဟုတ်) အသင်းအဖွဲ့များသည် တောင်သူလယ်သမားများအား ပံ့ပိုးပေးမည့် အရည်အသွေးပြည့်မီသော မျိုး၊ မျိုးစေ့၊ အခြားသွင်းအားစုများနှင့် ထုတ်လုပ်မှုစရိတ်များအကြောင်းကို တောင်သူများနားလည်သဘောပေါက်စေရန်ရှင်းလင်းဆွေးနွေးပေးရမည်ဖြစ်ပြီးအဆိုပါသွင်းအားစုများအား စာချုပ်ပါသတ်မှတ်ပမာဏအတိုင်း သတ်မှတ်ချိန်အမီပေးရမည်။

(င) စိုက်ပျိုးမွေးမြူထုတ်လုပ်မည့်တောင်သူများအတွက် လိုအပ်သော အသိပညာများနှင့် နည်းပညာများကို သက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများမှ ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်။

(စ) စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများအနေဖြင့် မိမိတို့ထုတ်ကုန်များကို စာချုပ်ပါသတ်မှတ်ထားသောအရေအတွက်၊ အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီအောင် ထုတ်လုပ်ရမည်။

(ဆ) ထွက်ရှိလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ထုတ်ကုန်များကို စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အကျိုးတူလယ်ယာဆောင်ရွက်သည့် လုပ်ငန်းရှင် များ (သို့မဟုတ်) အသင်းအဖွဲ့ထံ သတ်မှတ်အရေအတွက် (သို့မဟုတ်) ပမာဏ အတိုင်း ရောင်းချရမည်။ ပိုလျှံသည့် သီးနှံ (သို့မဟုတ်) ထုတ်ကုန်များကို လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(ဇ) အကျိုးတူလယ်ယာဆောင်ရွက်သည့် လုပ်ငန်းရှင်များအနေဖြင့် တောင်သူလယ်သမားများ ထုတ်လုပ်သည့် ထုတ်ကုန်များကို ဝယ်ယူချိန် ကာလပေါက်ဈေး အခြေအနေ မည်သို့ပင်ဖြစ်စေကာမူ မူလနှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ပါ ပမာဏ အရည်အသွေးနှင့် ဈေးနှုန်း စသည့် စာချုပ်ပါ သဘောတူညီမှုအတိုင်း ဝယ်ယူပေး ရမည်။

(ဈ) ထွက်ကုန်များ၏ သတ်မှတ်ထားသည့် အရည်အသွေး စံချိန်စံညွှန်းကိုက်ညီမှု ရှိ/ မရှိ စစ်ဆေးရန် လျှောက်ထားလာပါက သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနမှ စိစစ်ပြီး အရည်အသွေးပြည့်မီလျှင်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးဆောင်ရွက်ရမည်။

(ည) တောင်သူများအား ကုမ္ပဏီမှ ဖြန့်ဖြူးပေးသည့် သွင်းအားစုများ အရည်အသွေး မှန်ကန်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများမှ လိုအပ်သလို ကြပ်မတ် ဆောင်ရွက်ပေးရမည်။

(ဋ) မျိုး၊ မျိုးစေ့ထုတ်လုပ်ငန်းနှင့်ပတ်သက်၍ အကျိုးတူလယ်ယာစနစ် ဆောင်ရွက်ရာ တွင် အရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် သက် ဆိုင်ရာ ဦးစီးဌာနများအလိုက် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြား ချက်၊ အမိန့်ကြော်ငြာစာနှင့် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရန် သက်ဆိုင်ရာ ဦးစီးဌာနများမှ ကြီးကြပ်ဆောင်ရွက်ရမည်။

(ဌ) အကျိုးတူလယ်ယာစနစ်ဆောင်ရွက်နေသည့် ကာလတစ်လျှောက် ပူးပေါင်းပါဝင် စောင့်ကြည့်ကြီးကြပ်ခြင်း (Stakeholder Participatory Monitoring) စနစ်နှင့် အညီ သက်ဆိုင်ရာဦးစီးဌာနများမှ ပူးပေါင်း၍ အကျိုးတူလယ်ယာလုပ်ငန်း အခြေအနေကို စောင့်ကြည့်ကြီးကြပ်ရမည်။

၁၅။ အထက်ဖော်ပြပါ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား အကျိုးတူလယ်ယာ (Contract Framing) စနစ်ဖြင့် ဆောင်ရွက်ရာတွင် ခေတ်မီစံပြကျေးရွာအကောင်အထည်ဖော်ရေး မြို့နယ်

လုပ်ငန်းအဖွဲ့အနေဖြင့် လိုအပ်သည်များအား စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ အခြား သက်ဆိုင်ရာဆက်စပ်ဦးစီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ Supplier များနှင့် အရောင်းဆိုင် ကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသည့်တောင်သူများနှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးရမည် ဖြစ်သည်။

## (ဈ) ဈေးကွက်အချက်အလက်စုဆောင်းခြင်းနှင့် ဈေးကွက်ချိတ်ဆက်ပေးခြင်း

၁၆။ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်သူ များသည် သွင်းအားစု/ပစ္စည်းများဝယ်ယူရာတွင်လည်းကောင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြား ထုတ်ကုန်ပစ္စည်းများရောင်းချရာတွင်လည်းကောင်း၊ ဝယ်ယူ/ရောင်းချနိုင်မည့်နေရာများ၊ အရည် အသွေး၊ စံချိန်စံညွှန်း၊ ဈေးနှုန်း၊ လိုအပ်သောပမာဏရနိုင်/မရနိုင်နှင့် သယ်ယူပို့ဆောင်ရန် လွယ်ကူမှု ရှိ/မရှိ စသည်တို့ကို စုံစမ်းမေးမြန်နိုင်ရန်အတွက် ဈေးကွက်အချက်အလက် စုဆောင်းခြင်းနှင့် ဈေးကွက်ချိတ်ဆက်ပေးခြင်းလုပ်ငန်းများသည် အဓိကအရေးပါသည့် အခန်းကဏ္ဍတွင် ပါရှိခြင်း ကြောင့် အဆိုပါဈေးကွက်အချက်အလက်စုဆောင်းခြင်းနှင့် ဈေးကွက်ချိတ်ဆက်ပေးခြင်းလုပ်ငန်း များကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည် -

(က) စီမံကိန်းကျေးရွာ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အလွယ်တကူရရှိနိုင်မည့် ဈေးကွက်အချက်အလက်များ ချိတ်ဆက်စုဆောင်းပေးခြင်း၊

(ခ) ဈေးကွက်သတင်းအချက်အလက်များရရှိနိုင်ရန် ရုပ်မြင်သံကြား၊ သတင်းစာနှင့် Online အသုံးပြု၍ကြည့်ရှုသည့်အလေ့အထများဖြစ်ပေါ်လာစေရန် တွန်းအားပေး ဆောင်ရွက်ခြင်း၊

(ဂ) ခိုင်မာအားကောင်းသည့် ဝယ်လိုအားရှိသော ဈေးကွက်များနှင့် ချိတ်ဆက်ဆောင် ရွက်ပေးခြင်း၊

(ဃ) စီမံကိန်းကျေးရွာ၏ ထုတ်ကုန်များအား ရုပ်မြင်သံကြား၊ သတင်းစာနှင့် Online Platform များတွင် ကျယ်ကျယ်ပြန့်ပြန့်ကြော်ငြာ၍ ဈေးကွက်ရရှိအောင် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊

(င) ရရှိလာသော ဈေးကွက်သတင်းအချက်အလက်များအပေါ်မူတည်၍ ဒေသ၏ ထွက် ကုန်များ အလွယ်တကူရောင်းချနိုင်ရန် ဈေးကွက်အဆင့်အတန်းသတ်မှတ်ပေးခြင်း။

## (ည) အရောင်းပွဲတော်များကျင်းပပေးခြင်း၊ ရောင်းချမှုများ ဖွံ့ဖြိုးစေခြင်း

၁၇။ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်သူများ၏ ထုတ်ကုန်များအား ဒေသခံပြည်သူများနှင့် နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများအားလုံး သိရှိနိုင်စေရန်နှင့် ဒေသထွက်ကုန်များအား ထိရောက်စွာအရောင်းမြှင့်တင်နိုင်ရန်ရည်ရွယ်၍ အရောင်းပွဲတော်များ ကျင်းပပေးခြင်းနှင့် ရောင်းချမှုများဖွံ့ဖြိုးစေခြင်းလုပ်ငန်းများကို ခေတ်မီ စံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့်သမဝါယမဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အရောင်းပွဲတော်များ ကျင်းပပေးခြင်းနှင့် ရောင်းချမှုများဖွံ့ဖြိုးစေခြင်းအတွက် ဒေသနှင့်ကိုက်ညီသော အရောင်းပွဲတော်များကျင်းပနိုင်ရန် သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) ဈေးရောင်းပွဲတော်များကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများ ရေးဆွဲခြင်းနှင့် အသေးစိတ်အချက်အလက်များစုဆောင်းခြင်း၊

(ဂ) အရောင်းပွဲတော်များကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ/အစုအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဈေးရောင်းပွဲတော်တွင် ပြသရောင်းချသွားမည့် ဒေသထွက်ကုန်များ၏ အရည်အသွေး၊ အဆင့်အတန်းမြင့်မားစေရေး သက်ဆိုင်ရာဦးစီးဌာနများ၏ နည်းပညာအကူအညီများ ရယူဆောင်ရွက်ခြင်း၊

(င) အရောင်းပွဲတော်အား ထိရောက်စွာအရောင်းမြှင့်တင်နိုင်ရေးအတွက် ပွဲတော်နှင့်ဆက်စပ်သည့် မိတ်ဖက်ကုမ္ပဏီများ ပါဝင်လာစေရန် ဖိတ်ခေါ်ခြင်း၊

(စ) ဈေးရောင်းပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍အများပြည်သူများသိစေရန် ကြေညာခြင်း၊ (စပီကာများနှင့်လှည့်လည်ကြေညာခြင်း၊ လက်ကမ်းစာစောင်များဖြန့် ဝေခြင်း၊ မီဒီယာများသို့အသိပေးခြင်း၊လူသူများသည့်နေရာများတွင်ကြော်ငြာစာများကပ်ခြင်း)၊

(ဆ) ဈေးရောင်းပွဲတော်နှင့်ပတ်သက်၍ Website များတွင် လွှင့်တင်နိုင်ရေးဆောင်ရွက်ခြင်း၊ Facebook ၊ You Tube များတွင် ကြော်ငြာနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဇ) ဒေသခံရုပ်မြင်သံကြား၊ ရေဒီယိုများနှင့်ချိတ်ဆက်၍ ဈေးရောင်းပွဲတော်မစတင်မီ နှင့် ဈေးရောင်းပွဲတော်ကာလများအား ထုတ်လွှင့်ကြေငြာခြင်း။

## (ဋ) ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း (Rural Business Fund Project)

၁၈။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ဆောင်ရွက်မည့်ကျေးရွာတွင် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့ စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးလာစေရန်၊ မိသားစုဝင်ငွေတိုး ပွားစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိလာစေရန်၊ ဒေသထွက်ကုန်အပေါ် အခြေခံသည့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product) လုပ်ငန်းများအထောက်အကူဖြစ်စေရန်အတွက် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း (RBF) ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေး လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ တိကျစွာလိုက်နာဆောင် ရွက်သွားရမည်ဖြစ်ပါသည်။ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းဆောင်ရွက် မှုအကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### ကော်မတီဖွဲ့စည်းခြင်း

၁၉။ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင် ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်တို့တွင် ကော်မတီအသီးသီးအား အောက်ပါအတိုင်းဖွဲ့စည်းဆောင် ရွက်ရမည် -

(က) ပြည်ထောင်စုအဆင့်ဗဟိုကြီးကြပ်မှုကော်မတီ

(ခ) ပြည်နယ်/တိုင်းဒေသကြီးအဆင့်ကြီးကြပ်မှုကော်မတီ

(ဂ) မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့

(ဃ) ကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့

၂၀။ ထိုသို့ဖွဲ့စည်းရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ (၄) နှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေ (၆၈)တို့အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဗဟိုကြီးကြပ် မှုကော်မတီသည် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ပြည်ထောင်စုအဆင့် ဗဟိုကြီးကြပ်မှုကော်မတီအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးကြီးကြပ်မှုကော်မတီသည် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ပြည်နယ်/တိုင်းဒေသကြီးအဆင့် ကြီးကြပ်မှုကော်မတီအဖြစ် တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

၂၁။ မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် မြို့နယ်အဆင့်၌ ဖွဲ့စည်းပြီးဖြစ်သော မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့အသုံးပြုနိုင်သည်။ ကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ လုပ်ငန်းအဖွဲ့ဖွဲ့စည်းရာတွင် အဖွဲ့ဝင် (၅) ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းအစုအဖွဲ့ (၁) ဖွဲ့စီမှ ကိုယ်စားလှယ် (၁) ဦးစီနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကိုယ်စားလှယ် (၁) ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပါသည်။ အကယ်၍ သမဝါယမအသင်းအဖွဲ့ပုံစံဖြင့်ဆောင်ရွက်ပါက ယင်းသမအသင်းအဖွဲ့မှ ကိုယ်စားလှယ် (၃) ဦး နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကိုယ်စားလှယ် (၂) ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပါသည်။

## စီမံကိန်းကာလ

၂၂။ စီမံကိန်းစက်ဝန်းအား (၃)နှစ် သတ်မှတ်ပါမည်။ (၃)နှစ်ပြည့်ပါက အခြားအဖွဲ့(သို့မဟုတ်) အခြားကျေးရွာသို့ပြောင်းလဲဆောင်ရွက်မည် ဖြစ်ပါသည်။

## ထောက်ပံ့ငွေပမာဏ

၂၃။ ကျေးရွာ (၁) ရွာလျှင် အများဆုံးကျပ် (၃၀၀) သိန်းမတည်ပေးခြင်း၊ အကယ်၍ လုပ်ငန်းလိုအပ်ချက်ရှိပါက ပြည်ထောင်စုအဆင့်ဗဟိုကြီးကြပ်မှုကော်မတီ၊ ကျေးလက်ဦးစီးဌာန(ရုံးချုပ်) ထံတင်ပြ၍ ကျေးရွာစီမံကိန်းရန်ပုံငွေ ပမာဏသတ်မှတ်ခြင်း (သို့မဟုတ်) ယူနစ်တိုးမြှင့်ခြင်း တို့ကိုဆောင်ရွက်နိုင်ပါသည်။

## ရန်ပုံငွေပံ့ပိုးပေးခြင်း

၂၄။ အသက်မွေးဝမ်းကျောင်းအဖွဲ့တစ်ဖွဲ့လျှင် အများဆုံးကျပ် (၇၅) သိန်းထုတ်ချေးပေးခြင်း၊ သို့ရာတွင် လုပ်ငန်းပမာဏများပြားခြင်း၊ ဒေသလိုအပ်ချက်နှင့်ကိုက်ညီခြင်း၊ ဒေသခံပြည်သူများ ကို အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ခြင်းနှင့် ဈေးကွက်အလားအလာရှိသောလုပ်ငန်းများ ဖြစ်ပါက မြို့နယ်လုပ်ငန်းအဖွဲ့အနေဖြင့်ပြည်ထောင်စုအဆင့်ဗဟိုကော်မတီ၊ ကျေးလက်ဦးစီးဌာန (ရုံးချုပ်) ထံတင်ပြခွင့်ပြုချက်ရယူပြီး ကျပ် (၇၅) သိန်းထက်ပိုမို၍ ခွင့်ပြုနိုင်ပါသည်။

## ထည့်ဝင်ငွေပမာဏ

၂၅။ စီမံကိန်းမှ အဆိုပြုလုပ်ငန်းတန်ဖိုး၏ (၇၅%) ခန့်ကို စီမံကိန်းမှ မတည်ပေးမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ (၂၅ %) ထည့်ဝင်ရမည်ဖြစ်ပါသည်။ (သို့ရာတွင် ယင်းရာခိုင်နှုန်းသတ်မှတ်ချက်အား ဦးစီးဌာန (ရုံးချုပ်) က လိုအပ်သလိုပြောင်းလဲသတ်မှတ်နိုင်ခြင်း)

## အုပ်ချုပ်မှုအသေးသုံးစရိတ်

၂၆။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အုပ်ချုပ်မှုအသုံးစရိတ်အား ယင်းအဖွဲ့၏ထည့်ဝင်ငွေ (၂၅%) မှ အသုံးပြုရမည်ဖြစ်ပါသည်။ ထို့အပြင် ကျေးရွာ

လုပ်ငန်းအဖွဲ့အတွက် လိုအပ်သောအုပ်ချုပ်မှုအသုံးစရိတ်များကိုလည်း နှစ်ဖက်သဘောတူညီချက်ဖြင့် မျှဝေကျခံသုံးစွဲနိုင်ပါသည်။ အုပ်ချုပ်မှုအသုံးစရိတ်သုံးစွဲရာတွင် တစ်နှစ်လျှင် လုပ်ငန်းတန်ဖိုး၏ (၂%) ထက်မပိုစေရန်ဖြစ်ပါသည်။ အကယ်၍ လုံလောက်မှုမရှိပါက ယင်းသတ်မှတ်ချက်အား လုပ်ငန်းအဖွဲ့မှ ပြင်ဆင်သတ်မှတ်နိုင်ပါသည်။

၂၇။ ကျေးရွာလုပ်ငန်းအဖွဲ့၏ အုပ်ချုပ်မှုအသုံးစရိတ်အား အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့များမှ ပေးသွင်းသောအတိုးရငွေများမှ သုံးစွဲရန်ဖြစ်ပြီး တစ်နှစ်လျှင် ငွေကျပ် (၂) သိန်း ထက်မပိုသောအသုံးစရိတ်ကိုသုံးစွဲနိုင်ပါသည်။ အုပ်ချုပ်မှုစရိတ်အား သုံးစွဲရာတွင် စာရေးကိရိယာ၊ စာရွက်စာတမ်း၊ တံဆိပ်တုံး၊ ငွေသေတ္တာ၊ မိတ္တူကူးခြင်း၊ ခရီးစရိတ်၊ ဘဏ်ဆောင်ရွက်ခနှင့် အခြားအမှန်တကယ်လိုအပ်သည့် ကိစ္စရပ်များကိုသာ အနည်းဆုံးနှုန်းဖြင့် ကျခံသုံးစွဲရန်ဖြစ်ပါသည်။

## ဆောင်ရွက်မည့်နည်းလမ်းများ

၂၈။ ဆောင်ရွက်မည့်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) အသက်မွေးဝမ်းကျောင်းအဖွဲ့များဖွဲ့စည်းခြင်း**

အနည်းဆုံးအိမ်ထောင်စု (၅) စုမှ အများဆုံးအိမ်ထောင်စု (၁၅) စုအထိ ပါဝင်သော စိတ်တူကိုယ်တူသက်မွေးအဖွဲ့များ ဖွဲ့စည်းခြင်း (သို့မဟုတ်) သမဝါယမအစုအဖွဲ့ပုံစံဖြင့်ဖွဲ့စည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**(ခ) အဆိုပြုလွှာစိစစ်ခြင်း**

သက်မွေးအဖွဲ့များမှ တင်ပြလာသော အဆိုပြုလွှာများအား မြို့နယ်လုပ်ငန်းအဖွဲ့မှ စိစစ်၍ ရမှတ် (၇၀) နှင့်အထက်ရရှိသော အဆိုပြုလွှာများအား ဦးစီးဌာန(ရုံးချုပ်)မှ အတည်ပြုပေးမည် ဖြစ်ပါသည်။

**(ဂ) စာချုပ်ချုပ်ဆိုခြင်း**

ကျေးလက်ဦးစီးဌာန (ရုံးချုပ်) မှ အောင်မြင်သောအဆိုပြုလွှာများကို အတည်ပြုပြီးနောက် မြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့အကြား ရက်ပေါင်း (၃၀) ရက် အတွင်း ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေလွှဲပြောင်းခြင်း သဘောတူစာချုပ်ချုပ်ဆိုရမည်ဖြစ်ပါသည်။ ယင်းစာချုပ်တွင် မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌတို့က လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး အသိသက်သေများအဖြစ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး (သို့မဟုတ်) ကျေးရွာတာဝန်ခံနှင့် ကျေးရွာလုပ်ငန်းအဖွဲ့၏ ဘဏ္ဍာရေးမှူးတို့က လက်မှတ်ရေးထိုးရမည်။

ယင်းနောက် ကျေးရွာလုပ်ငန်းအဖွဲ့နှင့် အောင်မြင်သောအသက်မွေးဝမ်းကျောင်းအဖွဲ့တို့အကြားကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေချေးငွေသဘောတူစာချုပ်ကို ချုပ်ဆိုရမည်ဖြစ်ပြီး ယင်းစာချုပ်တွင်ကျေးရွာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌနှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့မှ တာဝန်ခံ (၁) ဦး လက်မှတ်ရေးထိုးရမည်ဖြစ်ပါသည်။ အသိသက်သေများအဖြစ် မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့မှ ကိုယ်စားလှယ် (၁) ဦးတို့က လက်မှတ်ရေးထိုးရမည်။

**(ဃ) စာရင်းရှင်ဖွင့်လှစ်ခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်း**

မြို့နယ်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေစာရင်းရှင်တစ်ခုနှင့် ကျေးရွာ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေစာရင်းရှင်တစ်ခု ဖွင့်လှစ်ရမည်ဖြစ်ပါသည်။ ဦးစီးဌာန (ရုံးချုပ်) မှ သက်ဆိုင်ရာ ငွေထုတ်စာရင်း (MD) သို့ (DL) ဖြင့်ငွေလွှဲပို့၍ ယင်းမှတဆင့် သက်ဆိုင်ရာ မြို့နယ်စာရင်းရှင်သို့ ရန်ပုံငွေလွှဲပြောင်းရမည် ဖြစ်ပါသည်။ ထို့နောက် မြို့နယ်လုပ်ငန်းရန်ပုံငွေစာရင်းရှင်မှ ကျေးရွာလုပ်ငန်းရန်ပုံငွေစာရင်းရှင်သို့ ရန်ပုံငွေလွှဲပြောင်းရမည်ဖြစ်ပါသည်။ ကျေးရွာလုပ်ငန်းအဖွဲ့သည် အတည်ပြုထားသော သက်မွေးအဖွဲ့၏ အဆိုပြုလွှာတွင်ပါဝင်သော သတ်မှတ်ခွင့်ပြုငွေများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တစ်ကြိမ်တည်း (၁၀၀%) ငွေသား (သို့မဟုတ်) ချက်လက်မှတ် (သို့မဟုတ်) Digital Payment ဖြင့်ထုတ်ပေးရမည်။ သို့သော် အဆိုပြုတင်ပြထားသည့်အတိုင်းဝယ်ယူခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းမရှိပါက ယင်းထုတ်ပေးငွေကို ပြန်လည်သိမ်းယူမည်ဖြစ်ပါသည်။

**(င) နည်းပညာသင်တန်းများဖွင့်လှစ်ပို့ချခြင်း**

ကျေးလက်ဦးစီးဌာနမှ အဆိုပြုလွှာရေးသားနည်းသင်တန်းများ ပို့ချပေးမည်ဖြစ်ပြီး လိုအပ်သောနည်းပညာသင်တန်းများအားအခြားဆက်စပ်ဦးစီးဌာနများနှင့်ပူးပေါင်း၍ အကြိမ်ကြိမ်ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ပါသည်။

**(စ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်ခြင်း**

(၁) လုပ်ငန်းတစ်ခုလုံးအား အစုအဖွဲ့အလိုက်စိုက်ပျိုးမွေးမြူပြီး အဖွဲ့ဝင်(၁)ဦးမှ တာဝန်ယူ၍ လုပ်ငန်းလည်ပတ်ခြင်း (သို့မဟုတ်) အလုပ်သမား ငှားရမ်းဆောင်ရွက်ခြင်း၊

(၂) စုပေါင်းဝယ်ယူခြင်းနှင့် စုပေါင်းရောင်းချခြင်းကိုသာ အစုအဖွဲ့ပုံစံဖြင့်ဆောင်ရွက်၍ လုပ်ငန်းလည်ပတ်ခြင်းကို အိမ်ထောင်စု (၁) စုချင်းအလိုက် ဆောင်ရွက်ခြင်း၊

## (ဆ) အတိုးနှုန်းပြန်လည်ထည့်ဝင်ခြင်း

အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် စီမံကိန်းမှချေးငွေအတွက် ငွေတစ်ရာကျပ်အတွက် တစ်လလျှင် (၅ဝ) ပြားအတိုးနှုန်းသတ်မှတ်၍ စီမံကိန်းစက်ဝန်း တစ်ခုပြီးတိုင်းအတိုးနှင့်အရင်းအား ကျေးရွာကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေစာရင်းရှင်သို့ ပြန်လည်ပေးသွင်းရမည်ဖြစ်ပါသည်။ သို့ရာတွင်ကျွဲ၊ နွား၊ နွားနောက်မွေးမြူခြင်း၊ ကော်ဖီ၊ ရာဘာ၊ ဝဥ ကဲ့သို့သော နှစ်ရှည်သီးနှံပင်စိုက်ပျိုးခြင်းဖြစ်ပါက တစ်နှစ်လျှင်တစ်ကြိမ်ကျသင့်ငွေအတိုးသာပြန်လည်ပေးသွင်းရပါမည်။ ကျေးရွာလုပ်ငန်းအဖွဲ့သည် သက်မွေးအဖွဲ့များမှပြန်လည်ပေးသွင်းလာသောအတိုးနှင့်အရင်းငွေများအားလက်ဝယ်ကိုင်ဆောင်မှုမရှိစေဘဲ ၎င်း၏ဘဏ်စာရင်းရှင်သို့ အချိန်မီပြန်လည်ထည့် သွင်းရမည်။ သက်မွေးအဖွဲ့များမှ နောက်တစ်ကြိမ်စက်ဝန်းတစ်ခုဆောင်ရွက်နိုင်ရန် မူလအရင်းငွေအား သက်ဆိုင်ရာသက်မွေးအဖွဲ့များထံ ပြန်လည်ထုတ်ချေးရပါမည်။ အတိုးရငွေများအား ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရန် ဘဏ်တွင်ထားရှိရမည် ဖြစ်ပါသည်။

## (ဇ) မတည်ငွေပြန်လည်ပေးဆပ်ခြင်း

သက်တမ်း (၃) နှစ်ပြည့်ပြီးသည့်အချိန်တွင် မူလမတည်ငွေကို အခြားသက်မွေးအဖွဲ့ (သို့မဟုတ်) အခြားကျေးရွာ (သို့မဟုတ်) အခြားမြို့နယ်သို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်ရန်ကျေးရွာလုပ်ငန်းအဖွဲ့ထံပြန်လည်ပေးအပ်ရမည်ဖြစ်ပါသည်။ ကျေးရွာလုပ်ငန်းအဖွဲ့သည် ၎င်း၏ရန်ပုံငွေစာရင်းရှင်မှတဆင့် မြို့နယ်လုပ်ငန်းရန်ပုံငွေစာရင်းရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်ရမည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲ တစ်စုံတစ်ရာရှိပါက ပြည်ထောင်စုအဆင့်ဗဟိုကော်မတီ၊ ကျေးလက်ဦးစီးဌာန (ရုံးချုပ်) ထံတင်ပြ၍ သက်တမ်းတိုးမြှင့်ခြင်းကို ခွင့်ပြုနိုင်ပါသည်။

## (ဈ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ခြင်း

သက်မွေးအဖွဲ့များထံမှရရှိသည့် အတိုးရငွေများအား နောက်စက်ဝန်းတွင်ထပ်ပေါင်းရင်းနှီးနိုင်ရန် ပြန်လည်ထုတ်ချေးပေးနိုင်သကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လိုပါကလည်း နှစ်ကာလစောင့်ဆိုင်းစရာမလိုဘဲ ဆောင်ရွက်နိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာအဆင့် နှင့် မြို့နယ်အဆင့်တို့၌သတ်မှတ်ထားသောလုပ်ငန်းစဉ်အဆင့်များအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းရွေးချယ်ရာတွင် စီမံကိန်းမှသတ်မှတ်ထားသည့် အကျုံးဝင်သောလုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ခြင်းကို ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဦးစီးရုံးများမှ စိစစ်ခွင့်ပြုပေးရမည်ဖြစ်ပြီး ဦးစီးဌာန (ရုံးချုပ်) သို့ မှတ်တမ်းတင်ခွင့်ပြုရန်သာ တင်ပြ ရမည်။

**ဆုံးရှုံးမှုပြန်လည်ထည့်သွင်းခြင်း**

(က) လုပ်ငန်းများအား အစုအဖွဲ့အလိုက် စိုက်ပျိုးမွေးမြူခြင်းတွင် ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါက ဆုံးရှုံးသွားသည့် ကောင်ရေ/သီးနှံတို့အတိုင်း အစုအဖွဲ့မှ စုပေါင်း ကျခံပြန်လည်ထည့်သွင်းရပါမည်။

(ခ) လုပ်ငန်းများအား အိမ်ထောင်စုတစ်ခုချင်းအလိုက် တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါက ဆုံးရှုံးသွားသည့် ကောင်ရေ/သီးနှံတို့အတိုင်း ကာယကံရှင်မှ ကျခံပြန်လည်ထည့်သွင်းရပါမည်။

**သက်မွေးအဖွဲ့ပြောင်းလဲဆောင်ရွက်ခြင်း**

၂၉။ အသက်မွေးဝမ်းကျောင်းအဖွဲ့ ပြောင်းလဲဆောင်ရွက်မည်ဆိုပါက ချေးငွေနှင့်အတိုးရငွေများအား ကျေးရွာလုပ်ငန်းအဖွဲ့ထံ ပြန်လည်ပေးသွင်း၍ ငွေစာရင်းရှင်းလင်းရမည်။ ယင်းချေးငွေနှင့်အတိုးရငွေလက်ခံရရှိ၍ ငွေစာရင်းရှင်းလင်းပြီးမှသာ အဆိုပါသက်မွေးအဖွဲ့အား နှုတ်ထွက်ခွင့်ပြုရမည်။ ချေးငွေနှင့် အတိုးရငွေများ ပြန်လည်ပေးဆပ်ခြင်းမရှိပါက ချေးငွေသဘောတူစာချုပ်ပါစည်းကမ်းများအတိုင်း အရေးယူခြင်းခံရမည်။

**သက်မွေးအဖွဲ့ဝင်ပြောင်းလဲဆောင်ရွက်ခြင်း**

၃၀။ အသက်မွေးဝမ်းကျောင်းအဖွဲ့မှအဖွဲ့ဝင်ဖြစ်သူသည် ချေးငွေလက်ခံရယူပြီးနောက် နှုတ်ထွက်ခဲ့ပါက နှုတ်ထွက်သွားသောအဖွဲ့ဝင်ချေးယူထားသော ချေးငွေနှင့် ကျသင့်အတိုးငွေအား အသက်မွေးဝမ်းကျောင်းအဖွဲ့ထံပြန်လည်ပေးသွင်းရမည်။ ယင်းချေးငွေနှင့်အတိုးရငွေရရှိပြီးမှသာ နှုတ်ထွက်ခွင့်ပြုရမည်။ အကယ်၍ ပြန်လည်ပေးဆပ်ခြင်းမရှိပါက စာချုပ်ပါစည်းကမ်းအတိုင်း အရေးယူခြင်းခံရမည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့သည် (၁) လအတွင်း နှုတ်ထွက်သွားသော အဖွဲ့ဝင်နေရာတွင် အဖွဲ့ဝင်အသစ်ဖြင့် အစားထိုးရမည်။ အကယ်၍ နှုတ်ထွက်သွားသောအဖွဲ့ဝင်သည် အဖွဲ့ကိုယ်စားတာဝန်ခံ၍ စာချုပ်၏ ငွေချေးယူသူနေရာတွင် လက်မှတ်ထိုးထားသူဖြစ်ပါက စာချုပ်အား အသစ်ပြန်လည်ချုပ်ဆိုရမည်။

**စောင့်ကြည့်ကြီးကြပ်ခြင်း**

၃၁။ ကျေးလက်ဦးစီးဌာနသည် ကျေးရွာလုပ်ငန်းအဖွဲ့၊ မြို့နယ်လုပ်ငန်းအဖွဲ့တို့နှင့်ပူးပေါင်း၍ လုပ်ငန်းစဉ်အဆင့်တိုင်းတွင်စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## လစဉ်အစီရင်ခံစာတင်ပြခြင်း

၃၁။ သက်မွေးအဖွဲ့များမှ လစဉ်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာကိုပြုစု၍ သက်ဆိုင်ရာမြို့နယ် လုပ်ငန်းအဖွဲ့ထံ (မူရင်း) တင်ပြရမည်ဖြစ်ပြီး ကျေးရွာလုပ်ငန်းအဖွဲ့ထံ (မိတ္တူ) ပေးပို့ရမည် ဖြစ်ပါသည်။ မြို့နယ်လုပ်ငန်းအဖွဲ့မှစိစစ်၍ မြို့နယ်အဆင့် လစဉ်တိုးတက်မှုအစီရင်ခံစာပြင်ဆင်ပြီး ပြည်နယ်/တိုင်းဒေသကြီးကြီးကြပ်မှုကော်မတီမှတဆင့်ဦးစီးဌာန(ရုံးချုပ်) သို့ လစဉ်တင်ပြရမည် ဖြစ်ပါသည်။

## အပြီးသတ်အစီရင်ခံစာတင်ပြခြင်း

၃၂။ သက်မွေးအဖွဲ့များမှ စီမံကိန်းစက်ဝန်းတစ်ခု ဆောင်ရွက်ပြီးစီးပြီးနောက် ရက်ပေါင်း (၃၀) အတွင်း လုပ်ငန်းပြီးစီးမှုအစီရင်ခံစာနှင့် အရောင်း/အဝယ်၊ အရှုံး/အမြတ်စာရင်းကို ကျေးရွာလုပ်ငန်း အဖွဲ့ထံ (မိတ္တူ) နှင့် မြို့နယ်လုပ်ငန်းအဖွဲ့ထံ (မူရင်း) တင်ပြရမည်ဖြစ်ပါသည်။ မြို့နယ်လုပ်ငန်း အဖွဲ့သည် ယင်းအစီရင်ခံစာအားစိစစ်၍ ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဦးစီးဌာနမှတဆင့် ကျေးလက်ဦးစီးဌာန (ရုံးချုပ်) ထံတင်ပြရမည်ဖြစ်ပါသည်။

## ဝေဖန်အကြံပြုဖြေရှင်းဆောင်ရွက်ခြင်း

၃၃။ သက်မွေးအဖွဲ့များမှ ၎င်းတို့အဖွဲ့ဝင်များအကြား အငြင်းပွားမှုများ၊ နားလည်မှုလွဲမှားမှု များ ဖြစ်ပေါ်ပါက မြို့နယ်လုပ်ငန်းအဖွဲ့အကူအညီဖြင့် ဖြေရှင်းဆောင်ရွက်ပေးရပါမည်။ ပြင်ပ ပုဂ္ဂိုလ်များ၏မကျေနပ်ချက်များ၊ အကြံပြုချက်များဖြစ်ပေါ်လာပါက မြို့နယ်လုပ်ငန်းအဖွဲ့ထံ အသိပေး၍ မြို့နယ်လုပ်ငန်းအဖွဲ့မှ ပွင့်လင်းမြင်သာစွာဖြင့် ဖြေရှင်းပေးရပါမည်။ အကယ်၍ ထူးခြားသောကိစ္စများအတွက် မြို့နယ်လုပ်ငန်းအဖွဲ့မှတာဝန်ယူမဖြေရှင်းနိုင်ပါက ပြည်နယ်/ တိုင်းဒေသကြီးကျေးလက်ဦးစီးဌာန (သို့မဟုတ်) ပြည်ထောင်စု အဆင့်ဗဟိုကြီးကြပ်မှုကော်မတီ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်))ထံတင်ပြပြီး အကြံပြုချက်၊ အငြင်းပွား မှု၊ မကျေနပ်မှုများအား ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

၃၄။ အထက်ပါဖော်ပြချက်များသည် ကျေးလက်စီးပွားရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း အကောင် အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များအား လစ်ဟင်းမှုမရှိဘဲ ဆောင်ရွက်နိုင်စေရန် အတွက် စီမံကိန်းလက်စွဲစာစောင်ပါ အဓိကအချက်များအား ထုတ်နှုတ်ဖော်ပြထားခြင်း ဖြစ် ပါသည်။ လုပ်ငန်းစဉ်အသေးစိတ်အား ကျေးလက်စီးပွားရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း လက်စွဲစာစောင်တွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

## အခန်း(၈)

## အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း

### (က) ကျေးရွာသမဝါယမအသင်းများ၊ စိတ်တူကိုယ်တူ (SHG) အဖွဲ့များဖွဲ့စည်းခြင်းနှင့် ခိုင်မာအားကောင်းစေခြင်း

၁။ ကျေးရွာသမဝါယမအသင်းများ၊ စိတ်တူကိုယ်တူ (SHG) အဖွဲ့များဖွဲ့စည်းခြင်းနှင့် ခိုင်မာအားကောင်းစေရန်တို့အတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-

**ကျေးရွာသမဝါယမအသင်းများဖွဲ့စည်းခြင်း**

၂။ ကျေးရွာသမဝါယမအသင်းများဖွဲ့စည်းရာတွင် သမဝါယမဦးစီးဌာနနှင့်ပူးပေါင်း၍ ဆောင်ရွက်ရန်ဖြစ်သည်။ ထိုသို့ဖွဲ့စည်းရန်အတွက် သမဝါယမဦးစီးဌာနမှ ထုတ်ပြန်ထားသော သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း ဖွဲ့စည်း၍ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဖွဲ့စည်းရာတွင် သမအသင်းဖွဲ့စည်းလိုသူများသည် သမဝါယမအသင်း နည်းဥပဒေပါအတိုင်း အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) သမဝါယမအသင်းကိုဖွဲ့စည်းရန် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ပြုလုပ်ရမည်၊ ယင်းအစည်းအဝေးမတိုင်မီ ကြိုတင်ပြင်ဆင်သည့် အကြိုညှိနှိုင်းအစည်းအဝေးများပြုလုပ်ရမည်၊

(ခ) သမဝါယမအသင်းဖွဲ့စည်းရာတွင် သမဝါယမအသင်းဥပဒေပုဒ်မ ၆(က) နှင့် ပုဒ်မ ၈ တို့အရ အသင်းသားအဖြစ်ပါဝင်နိုင်ခွင့်ရှိသည့် အနည်းဆုံး (၅) ဦးဖြင့် ဖွဲ့စည်းရန် အရပ်ရပ်ဆိုင်ရာအစည်းအဝေး၌ ဆုံးဖြတ်၍ ဖွဲ့စည်းရမည်၊

(ဂ) သမဝါယမအသင်းကို ဖွဲ့စည်းလိုသူများသည် အသင်းက လုပ်ကိုင်မည့် အဓိက စီးပွားရေးလုပ်ငန်းများကို အတိအကျသတ်မှတ်ရမည်၊

(ဃ) အစည်းအဝေးတွင် သမဝါယမအသင်း ဖွဲ့စည်းလိုသူများက ကြိုတင်ညှိနှိုင်းရေးဆွဲထားသော စည်းကမ်းကို အများ၏ဆန္ဒနှင့်အညီ ဆွေးနွေးပြီး အများသဘောတူ ပါက အတည်ပြုရမည်၊

(င) သမဝါယမအသင်းကိုဖွဲ့စည်းပြီးနောက် အသင်း၏အမှုဆောင်အဖွဲ့ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။ လိုအပ်ပါက လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်ရမည်။

၃။ သမဝါယမအသင်းကို မှတ်ပုံတင်ပေးရန်အလို့ငှာ အသင်း၏ အမှုဆောင်အဖွဲ့က သက်ဆိုင် ရာ သမဝါမဦးစီးဌာနသို့ အောက်ပါစာရွက်စာတမ်းများကို တင်ပြရမည်-

(က) သမဝါယမအသင်းဖွဲ့စည်းရန် မှတ်ပုံတင်ခွင့်တောင်းခံလွှာ မူရင်းပါ သုံးစောင်၊

(ခ) အခြေခံသမဝါယမအသင်းကို ဖွဲ့စည်းရန် ပြုလုပ်သည့် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၏ မှတ်တမ်းမူရင်းပါ သုံးစောင်၊

(ဂ) သမဝါယအသင်းကို ဖွဲ့စည်းရန် ပြုလုပ်သည့် အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် အများသဘောတူလက်ခံအတည်ပြုသော သမဝါယမအသင်း၏ စည်းကမ်းမူရင်းပါ သုံးစောင်။

၄။ အသင်းသားအဖြစ်ပါဝင်နိုင်ခွင့်ရှိသူတစ်ဦးသည် အသင်းအမျိုးအစားမတူညီလျှင် သမဝါယမအသင်းတစ်သင်းထက်ပို၍ ပါဝင်နိုင်ခွင့်ရှိပြီး အသင်း၏သတ်မှတ်လုပ်ငန်းနယ်နိမိတ်ကို ပဓာနမထားဘဲ မည်သည့်သမဝါယမအသင်း၌မဆို ပါဝင်ခွင့်ရှိသည်။ သမဝါယမအသင်းအဖွဲ့များ တွင် အသင်းဝင်များ၏ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်ခွဲဝေခြင်းကိစ္စရပ်တွင် သမဝါယမဦးစီး ဌာန၏ လမ်းညွှန်ချက်များ၊ မူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

## စိတ်တူကိုယ်တူ (SHG) အဖွဲ့များ ဖွဲ့စည်းခြင်း

၅။ စိတ်တူကိုယ်တူ (SHG) အဖွဲ့ဆိုသည်မှာ ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ၏ စိတ်ဝင်စားမှု၊ ရည်မှန်းချက်၊ ယုံကြည်ချက်တူညီကြပြီး တစ်ဦးနှင့်တစ်ဦး စီးပွားရေးနှင့် အမြင်များ ဖလှယ်နိုင်ခြင်း၊ အချင်းအချင်းအပြန်အလှန် ပံ့ပိုးကူညီကြသော သူများဖြင့်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

၆။ စိတ်တူကိုယ်တူအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းသည် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်အချင်းချင်း အားပေးကူညီနိုင်စေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရင်းနှီးငွေများလက်လှမ်းမီစေရန်နှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ပိုမိုဖန်တီးဖော်ထုတ်နိုင်စေရန်၊ ဘဏ္ဍာရေးဆိုင်ရာ နည်းစနစ်များအား ပိုမိုထိရောက်စွာအသုံးချနိုင်စေရန်နှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်တို့ ဖြစ်ပါသည်။

၇။ စိတ်တူကိုယ်တူအဖွဲ့များ ဖွဲ့စည်းခြင်းလုပ်ငန်းစဉ်တွင် အဖွဲ့ဝင်များရွေးချယ်ခြင်း၊ အဖွဲ့ဝင်များကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လုပ်ငန်းစဉ်တိုင်းတွင် အဖွဲ့ဝင်အားလုံး၏ တရားဝင်သဘောတူညီချက်များရရှိအောင် ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲမှုအဖွဲ့ဝင်များရွေးချယ်ခြင်းနှင့် ဘဏ်စာရင်းရှင်ဖွင့်လှစ်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။

၈။ စိတ်တူကိုယ်တူအဖွဲ့(၁)ဖွဲ့လျှင် အနည်းဆုံးအိမ်ထောင်စု(၁၀)စုမှ အများဆုံးအိမ်ထောင်စု (၂၅)စုအထိပါရှိရမည်။ စိတ်တူကိုယ်တူအဖွဲ့ဝင်အဖြစ် ရွေးချယ်ရာတွင် အခြေခံရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဖွဲ့ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်သူ၊ အမှန်တကယ် စိတ်ပါဝင်စား၍ ဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊

(ခ) ကျေးရွာတွင် အနည်းဆုံး (၁) နှစ် အခြေချနေထိုင်သူဖြစ်ပြီး ရေရှည်တွင်လည်း ဆက်လက်နေထိုင်သူ ဖြစ်ရမည်၊

(ဂ) ကျား/မ တန်းတူအချိုးညီစွာပါဝင်ရမည်။

(ဃ) အသက် (၁၈) နှစ်အထက်ဖြစ်ရမည်၊

(င) အိမ်ထောင်စုတစ်စုတွင်တစ်ဦးသာပါဝင်ခွင့်ရှိပါသည်၊

(စ) အစည်းအဝေးများ၊ သင်တန်းများသို့ ပုံမှန်တက်ရောက်နိုင်သူဖြစ်ရမည်၊

(ဆ) ၎င်းတို့ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပတ်သက်၍ အခြေခံဗဟုသုတရှိသူဖြစ်ရမည်၊

(ဇ) အဖွဲ့မှ သတ်မှတ်ထားသောအဖွဲ့ဝင်ကြေးများ၊ ထည့်ဝင်ကြေးများ (သို့မဟုတ်) စုဆောင်းငွေများကို ထည့်ဝင်နိုင်သူဖြစ်ရမည်၊

(ဈ) မိမိအဖွဲ့၏ အကျိုးစီးပွားအတွက် အခြားလိုအပ်သော တာဝန်များကို ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၉။ စိတ်တူကိုယ်တူအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အဖွဲ့၏ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများကို အဖွဲ့ဝင်များကိုယ်တိုင်ရေးဆွဲခြင်းနှင့် လိုက်နာကျင့်သုံးခြင်း၊

(ခ) အဖွဲ့၏လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ဆောင်ရွက်ခြင်းနှင့် အဖွဲ့ဝင်အချင်းချင်းတစ်ဦးကိုတစ်ဦး ပံ့ပိုးကူညီခြင်း၊

(ဂ) အဖွဲ့မှ ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများ တက်ရောက်ခြင်း၊

(ဃ) အဖွဲ့မှဆောင်ရွက်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးရန်အတွက် အပတ်စဉ် (သို့မဟုတ်) လစဉ် အစည်းအဝေးများပုံမှန်ကျင်းပခြင်း၊

(င) အဖွဲ့ဝင်များအားလုံးပါဝင်၍ အများသဘောဆန္ဒနှင့်အညီ သဘောတူဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် ဆုံးဖြတ်ချက်များအား မှတ်တမ်းတင်ထားရှိခြင်း၊

(စ) လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်ရှိ မြန်မာစီးပွားရေးဘဏ်တွင် အဖွဲ့အမည်ဖြင့် စာရင်းရှင် ဖွင့်လှစ်ခြင်း၊

(ဆ) အဖွဲ့မှဆောင်ရွက်သည့်လုပ်ငန်းများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာရင်းစာအုပ်များနှင့် မှတ်တမ်းများအား စနစ်တကျထားရှိခြင်း၊

## (ခ) အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆောင်ရွက်ခြင်း

၁၀။ ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့သည် အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် အသင်းအဖွဲ့များမှ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်နည်းပညာဆိုင်ရာသင်တန်းများ၊ ရန်ပုံငွေ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများ၊ အစုအဖွဲ့ဖြင့်လုပ်ငန်းများ ဆောင်ရွက် တတ်စေရန် စုဖွဲ့မှုဆိုင်ရာသင်တန်းများ၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများ၊ အသင်းအဖွဲ့များမှ ထုတ်လုပ်သည့်ထုတ်ကုန်များအား ဈေးကွက်သို့ အလွယ်တကူတင်ပို့နိုင်ရန် အတွက် ဈေးကွက်ရှာဖွေချိတ်ဆက်နည်းသင်တန်းများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမို ကောင်းမွန်စေရေး စိစစ်အကဲဖြတ်မှုဆိုင်ရာသင်တန်းများနှင့် အခြားလိုအပ်သည့် သင်တန်းများ အား သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်ဖြစ်သည်။

၁၁။ ထိုသို့အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ပညာရှင်များဖြင့်သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။ ထို့အပြင် အခြားဆက်စပ်ဦးစီးဌာနများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကျွမ်းကျင် ပညာရှင်များ၏ အကူအညီများဖြင့်လည်း ဆောင်ရွက်နိုင်သည်။

၁၂။ သင်တန်းများပို့ချရာတွင် နယ်မြေအခြေအနေအရ မြို့နယ်တွင်လည်းကောင်း၊ ကျေးရွာ များသို့ ကွင်းဆင်း၍ လည်းကောင်း၊ online စနစ်ဖြင့်လည်းကောင်း သင်ကြားပို့ချနိုင်ပါသည်။ ထို့ပြင် အသင်းအဖွဲ့များအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် နည်းပညာ လိုအပ်ချက်များကြောင့် အခက်ခဲများကြုံတွေ့ရနိုင်ပါသည်။ ထို့ကြောင့် ခေတ်မီစံပြကျေးရွာထူ ထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့သည် အသင်းအဖွဲ့များသို့ ပုံမှန် စောင့်ကြည့်ကြီးကြပ်ပြီး လိုအပ်သောနည်းပညာဆိုင်ရာသင်တန်းများအား သက်ဆိုင်ရာဦးစီးဌာန များနှင့်ဆက်သွယ်၍ အကြိမ်ကြိမ်ဖွင့်လှစ်ပို့ချပေးရမည်ဖြစ်ပါသည်။

## (ဂ) အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖွင့်လှစ်ပို့ချခြင်း

၁၃။ အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်များမြှင့်တင်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်း အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ ဒေသလိုအပ်ချက်နှင့်ကိုက်ညီမှု၊ ဈေးကွက် သို့ တင်ပို့နိုင်မှုများ စသည့်အချက်များအပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ (စိုက်ပျိုးရေးသင်တန်း၊ မွေးမြူရေးနှင့်ကုသရေးသင်တန်း၊ ကွန်ပျူတာသင်တန်း၊

လက်သမား/ပန်းရံသင်တန်း၊ ဒီဇယ်/လျှပ်စစ်ဆိုင်ရာသင်တန်း၊ စက်ပြင်သင်တန်း၊ အိမ်တွင်းမှု သင်တန်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှုသင်တန်းနှင့် အခြားသင်တန်းများ) စသည်တို့ကို အခြား ဆက်စပ်ဦးစီးဌာနများနှင့်ပူးပေါင်း၍ ဖွင့်လှစ်နိုင်ရေး ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ် လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့မှ ကူညီဆောင်ရွက်ပေး ရမည်ဖြစ်ပါသည်။

၁၄။ ထိုသို့အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်နိုင်ရေး ချိတ်ဆက် ကူညီဆောင်ရွက်ပေးရာတွင် အောက်ပါအတိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး လိုအပ်ပါက အခြား ဆက်စပ်ဦးစီးဌာနများနှင့် ပြင်ပမှကျွမ်းကျင်ပညာရှင်များငှားရမ်း၍လည်း ဆောင်ရွက်နိုင် သည်-

(က) ဝက်မွေးမြူရေး၊ ကြက်မွေးမြူရေး၊ ဆိတ်မွေးမြူရေးစသည့် မွေးမြူရေးဆိုင်ရာ သင်တန်းများ၊ တိရစ္ဆာန်အစာလုပ်နည်းသင်တန်းများနှင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားသင်တန်းစသည့် မွေးမြူရေးနှင့်သက်ဆိုင်သည့် သင်တန်းများအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ချိတ်ဆက်ရန်၊

(ခ) စိုက်ပျိုးရေးသင်တန်းများ၊ မျိုးစေ့၊ မြေဩဇာပြုလုပ်ခြင်းသင်တန်းများ၊ အိမ်တွင်း ဥယျာဉ် ခြံစိုက်ပျိုးခြင်းသင်တန်းများစသည့် စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် သင်တန်း များအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ရန်၊

(ဂ) ကွန်ပျူတာသင်တန်း၊ လက်သမား/ပန်းရံသင်တန်း၊ ဒီဇယ်/လျှပ်စစ်ဆိုင်ရာသင်တန်း၊ စက်ပြင်သင်တန်းစသည့်သက်မွေးပညာကျွမ်းကျင်မှုသင်တန်းများ၊စက်ချုပ်သင်တန်း၊ လက်မှုပညာသင်တန်းများစသည့် အိမ်တွင်းမှုသင်တန်းများနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု သင်တန်းများအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့နှင့် ချိတ်ဆက်ရန်၊

၁၅။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရ မည့် လုပ်ငန်းစဉ်မှာအောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဈေးကွက်နှင့်ကျေးရွာလိုအပ်ချက်အား လေ့လာခြင်း၊

(ခ) ဖွင့်လှစ်မည့် သင်တန်းအမျိုးအစားရွေးချယ်ခြင်း၊

(ဂ) သင်တန်းသားရွေးချယ်စုဆောင်းခြင်း၊

(ဃ) သင်တန်းဖွင့်လှစ်ပို့ချခြင်း၊

(င) အလုပ်အကိုင်ချိတ်ဆက်ပေးခြင်း။

၁၆။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ရာတွင် ကျေးလက်နေ ပြည်သူများနှင့် အသင်းအဖွဲ့များ အမှန်တကယ်အကျိုးထိရောက်မှုရှိပြီး လက်တွေ့ပြန်လည် အသုံးချနိုင်မည့် သင်တန်းများဖြစ်စေရန်အတွက် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဒေသရှိကျေးလက်နေပြည်သူများ၏ လိုလားချက်နှင့် ဒေသနှင့်ကိုက်ညီမှုရှိသော သင်တန်းများကိုဦးစားပေးဖွင့်လှစ်ခြင်းနှင့် လက်တွေ့ပြန်လည်အသုံးချနိုင်သည့် သင်တန်းများကိုသာ စိစစ်ဖွင့်လှစ်ခြင်း၊

(ခ) သင်တန်းဖွင့်လှစ်မည့် အစီအမံများ ကြိုတင်ပြင်ဆင်ထားခြင်းနှင့် ဖွင့်လှစ်မည့် သင်တန်းနှင့်ပတ်သက်၍ သင်တန်းခေါ်ယူမည့် သတ်မှတ်ချက် (Criteria) များ ချမှတ်ခြင်း၊

(ဂ) သင်တန်းခေါ်ယူရာတွင် လူမှုကွန်ယက်စာမျက်နှာတွင် ကြော်ငြာခြင်း၊ ကြော်ငြာ ဘုတ်များတွင်ကပ်ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ အသိပေးအကြောင်း ကြားခြင်း စသည်ဖြင့် တက်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်ခေါ်ယူခြင်း၊

(ဃ) သင်တန်းများဖွင့်လှစ်ရန် နေရာရွေးချယ်ရာတွင် သင်တန်းသားများသွားလာရ လွယ်ကူပြီးဖွင့်လှစ်မည့်သင်တန်းအတွက် အဆင်ပြေသည့်နေရာ၊ သင်ထောက်ကူ ပစ္စည်းများ လွယ်ကူစွာရရှိနိုင်သောကျေးရွာ၊ မြို့ပြတွင် အလုပ်အကိုင်အခွင့် အလမ်းများ ရရှိနိုင်သောကျေးရွာများတွင် ဦးစားပေးဖွင့်လှစ်ခြင်း၊

(င) လိုအပ်ပါက အခြားဆက်စပ်ဦးစီးဌာနများနှင့် ညှိနှိုင်းပူးပေါင်းဖွင့်လှစ်ခြင်း၊

(စ) သင်တန်းများဖွင့်လှစ်ရာတွင် ကိုဗစ် ၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်၊လမ်းညွှန်ချက်၊ညွှန်ကြားချက်များအတိုင်းလိုက်နာဆောင်ရွက်ခြင်း၊

(ဆ) သင်တန်းအသုံးစရိတ်များအား စာရင်းစစ်ဆေးမှုခံယူနိုင်ရေး ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ သုံးစွဲခြင်း၊

(ဇ) သင်တန်းတစ်ခုဖွင့်လှစ်ပြီးတိုင်း သင်တန်းသား/သူများ၏ လိုလားချက်နှင့်ကိုက်ညီ မှုရှိ/မရှိ၊ အားသာချက်၊ အားနည်းချက်များနှင့် နောက်တစ်ကြိမ်တွင် ပို၍ အကျိုးရှိ ထိရောက်သော သင်တန်းများ ဖွင့်လှစ်နိုင်ရေး သင်တန်းသား/သူများအား စိစစ် အကဲဖြတ်ချက်ပုံစံများ ဖြည့်သွင်းစေခြင်း၊

(ဈ) သင်တန်းတက်ရောက်ပြီးပါက သင်တန်းသား/သူများ အလုပ်အကိုင်ရရှိစေရေး ဆက်လက်ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ည) သင်တန်းဖွင့်လှစ်ပြီးပါက သင်တန်းဖွင့်လှစ်ပြီးစီးမှုအစီရင်ခံစာအား ကျေးလက် ဦးစီးဌာန (ရုံးချုပ်) သို့တင်ပြအစီရင်ခံခြင်း၊

## (ဃ) တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၁၇။ တောင်သူအသိပညာပေးလုပ်ငန်းဆိုသည်မှာ နည်းပညာသစ်ဆိုင်ရာသတင်းအချက်အလက် များအားတောင်သူများထံရောက်ရှိအောင်ပညာပေးဆောင်ရွက်ရခြင်းဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်

ရာတွင် ဒေသအခြေအနေပေါ်မူတည်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ အမျိုးမျိုးကွဲခြားနိုင်သော်လည်း အခြေခံလုပ်ငန်းတာဝန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တောင်သူလယ်သမားများ၏ လူမှုစီးပွားရေး၊ ဒေသရေမြေရာသီဥတု၊ သဘာဝသယံဇာတရရှိမှုနှင့် ၎င်းတို့ကြုံတွေ့နေရသော အဟန့်အတား၊ အခက်အခဲများ သိရှိနိုင်စေရန်လေ့လာခြင်း၊

(ခ) နည်းပညာနှင့်ပတ်သက်သောသတင်းအချက်အလက်များကိုကျေးလက်နေတောင်သူလယ်သမားထံပို့ဆောင်ပေးပြီး အဆိုပါနည်းပညာကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ အသုံးချနိုင်ရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊

(ဂ) သုတေသနပညာရှင်များ၊ စီမံကိန်းရေးဆွဲဆောင်ရွက်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် တောင်သူအဖွဲ့အစည်းများ ပေါင်းစပ်ဆက်သွယ်ဆောင်ရွက်မှုပိုမိုအားကောင်းလာစေရန် ကူညီပေးခြင်း။

၁၈။ တောင်သူပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင်စိုက်ပျိုးရေးဦးစီးဌာနမှကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ အောက်ဖော်ပြပါ နည်းလမ်းများကို အသုံးပြုပြီး ဆောင်ရွက်ရမည်ဖြစ်သည်-

(က) လူထုပညာပေးခြင်း (Mass Method)

(ခ) အုပ်စုလိုက်ပညာပေးခြင်း (Group Method)

(ဂ) တစ်ဦးချင်းပညာပေးခြင်း (Individual Method)

(ဃ) ရုပ်သံသင်ထောက်ကူပစ္စည်းနှင့် မီဒီယာများပေါင်းစပ်သုံးစွဲခြင်း (Media Combination and use of audio-visual aids)

(င) ရိုးရာအနုပညာဖြင့် ပညာပေးခြင်း (Use of Folk media)

(စ) သတင်းအချက်အလက်ဆိုင်ရာခေတ်မီနည်းပညာ (IT) အသုံးပြုခြင်း (Use of modern information technology)

**လူထုပညာပေးခြင်း (Mass Method)**

၁၉။ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ပိုစတာ၊ နှိုးဆော်စာ၊ သတင်းလွှာနှင့် လက်ကမ်းစာစောင်များအသုံးပြု၍ လူအများသိရှိစေရန် ပညာပေးဆောင်ရွက်ခြင်းဖြစ်ပါသည်။

**အုပ်စုလိုက်ပညာပေးခြင်း (Group Method)**

၂၀။ အစည်းအဝေးပြုလုပ်ပညာပေးခြင်း၊ အုပ်စုလိုက်တွေ့ဆုံဆွေးနွေးခြင်း၊ စိုက်ပျိုးနည်းစနစ်ကောင်းများအသုံးပြု၍ သရုပ်ပြကွက်များပြုလုပ်ပြသပညာပေးခြင်းနှင့် စိုက်ပျိုးနည်းစနစ်ဆိုင်ရာ

ပြိုင်ပွဲများကျင်းပ၍ ပညာပေးခြင်း၊ ကွင်းရိတ်သိမ်းပွဲများပြုလုပ်၍ တောင်သူများအား ဖိတ်ခေါ်ပြသခြင်း၊ နည်းစနစ်မှန်ကန်သောစိုက်ကွင်းနှင့် မျိုးသစ်စိုက်ခင်းများသို့ပတ်ဝန်းကျင် တောင်သူများအား ပြသခြင်း၊ စာတမ်းဖတ်ပွဲများပြုလုပ်ပေးခြင်း၊ နည်းပညာဆိုင်ရာသတင်းအချက်အလက်များကို တောင်သူ(သို့)ဝန်ထမ်းများအားတွေ့ဆုံဆွေးနွေးခြင်းနှင့်အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ ပညာပေးဆောင်ရွက်ခြင်းဖြစ်ပါသည်။

**တစ်ဦးချင်းပညာပေးခြင်း (Individual Method)**

၂၁။ တောင်သူစိုက်ကွင်း (သို့) နေအိမ်သို့ ပညာပေးဝန်ထမ်းမှသွားရောက်ခြင်း၊ စံပြတောင်သူများမှတစ်ဆင့် ပညာပေးခြင်း၊ တောင်သူများအားပညာပေးစခန်း(သို့) ရုံးသို့ ခေါ်ယူပညာပေးခြင်း၊ အခြားသူများမှတစ်ဆင့်အသိပေးခြင်း၊ တယ်လီဖုန်းဖြင့်အသိပေးခြင်း၊စာဖြင့်ရေးသားအသိပေးခြင်း၊ အဆင်ပြေသည့်နေရာ၊ အချိန်တွင်တွေ့ဆုံခြင်း၊ ကွင်းအလံ (Field flag) စိုက်ထူ၍ပညာပေးဆောင်ရွက်ခြင်းဖြစ်ပါသည်။

**ရုပ်သံသင်ထောက်ကူပစ္စည်းနှင့် မီဒီယာများပေါင်းစပ်သုံးစွဲခြင်း (Media Combination and use of audio-visual aids)**

၂၂။ အထက်ဖော်ပြပါ ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန် ရုပ်သံသင်ထောက်ကူပစ္စည်းနှင့် မီဒီယာများပေါင်းစပ်အသုံးပြု၍ ပညာပေးခြင်းဖြစ်ပါသည်။

**ရိုးရာအနုပညာဖြင့် ပညာပေးခြင်း (Use of Folk media)**

၂၃။ ကျေးလက်ဒေသရိုးရာပြဇာတ်များ၊ ဂီတနှင့်အကအပါအဝင် ဒေသအလိုက်ရိုးရာအနုပညာများဖြင့် ပညာပေးဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**သတင်းအချက်အလက်ဆိုင်ရာခေတ်မီနည်းပညာ (IT) အသုံးပြုခြင်း (Use of modern information technology)**

၂၄။ စိုက်ပျိုးနည်းအပါအဝင် ကျေးလက်နေတောင်သူလယ်သမားများအတွက်လိုအပ်သောသတင်းအချက်အလက်များကို ခေတ်မီနည်းပညာ (IT) ဖြင့် အချိန်နှင့်တပြေးညီသိရှိစေရန်ပညာပေးဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂၅။ အထက်ဖော်ပြပါ တောင်သူပညာပေးလုပ်ငန်းများအပြင် တောင်သူကိုယ်တိုင်ပါဝင် ဆောင်ရွက်သောပညာပေးနည်းလမ်း (Participatory Extension Approach) ဖြင့်လည်း တောင်သူပညာပေးလုပ်ငန်းများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ယင်းဌာနမှကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်နိုင်ပါသည်။

## (င) စီးပွားဖြစ်စိုက်ပျိုးမွေးမြူထုတ်လုပ်မှုဆိုင်ရာနှင့် SME ဆိုင်ရာအမြင်ဖွင့်ခြင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း

၂၆။ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်း (SMEs) ဆိုသည်မှာ ငွေကြေးရင်းနှီးမြှုပ်နှံမှု၌ လူ့စွမ်းအားအနည်းငယ်ဖြင့် လုပ်ငန်းလည်ပတ်နိုင်သော တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းဖြစ်ပါသည်။ ထို့အပြင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် အရင်းအနှီးနည်းပါးသော်လည်း ငွေကြေးသက်သာသောလုပ်ငန်းများ သင့်တင့်သောအလုပ်သမားအင်အားဖြင့်လည်ပတ်နိုင်ပြီး စီမံခန့်ခွဲမှုစရိတ်များနည်းပါးသောကြောင့် ကုန်ထုတ်လုပ်မှုစရိတ်သက်သာသော လုပ်ငန်းအမျိုးအစားဖြစ်ပါသည်။ ဥပမာအားဖြင့် အစားအသောက်လုပ်ငန်း၊ အထည်လိပ်လုပ်ငန်း၊ အိမ်သုံးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများနှင့် အခြားသောကျွမ်းကျင်လုပ်ငန်းများကို လက်လှမ်းမီသလောက် လုပ်ကိုင်ခြင်း ဖြင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂၇။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်ဖြစ်သည့် သမဝါယမကဏ္ဍနှင့် အသေးစားအလတ်စားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျထွန်းကားစေ ပြီး ကျေးလက်လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်မှုကိုအထောက်အကူဖြစ်စေရန်အတွက် စီးပွားဖြစ်စိုက်ပျိုးမွေးမြူထုတ်လုပ်မှုဆိုင်ရာနှင့် SME ဆိုင်ရာ အမြင်ဖွင့်ခြင်းသင်တန်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့်ချိတ်ဆက်၍ အောက်ပါအတိုင်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ဒေသအတွင်းစီးပွားဖြစ်စိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်းအပါအဝင် ဖြစ်နိုင်ခြေရှိသော အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများကို ဖော်ထုတ်ခြင်း၊

(ခ) ဖော်ထုတ်ရရှိသော အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများကို အစုအဖွဲ့ပုံစံ (သို့မဟုတ်) သမဝါယမစုဖွဲ့မှုပုံစံဖြင့်ဆောင်ရွက်တတ်စေရန် အသိပညာပေးခြင်း နှင့် လိုအပ်သည်များကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) စီးပွားဖြစ်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားအလတ်စားစီးပွားရေး လုပ်ကိုင်သူများအတွက် လိုအပ်သော သတင်းအချက်အလက်နှင့် ငွေကြေးအရင်းအနှီးများရရှိစေရန် သက်ဆိုင်ရာဌာနများ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ဒေသတွင်း ဆောင်ရွက်နေသော စီမံကိန်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊

(ဃ) တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်းအတွက် လိုအပ်သောစက်ပစ္စည်းကိရိယာများအား အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ ကူညီထောက်ပံ့ပေးခြင်း၊

(င) စီးပွားဖြစ် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာအကြံဉာဏ်များပေးခြင်း၊ ခေတ်မီစက်ကိရိယာအသုံးပြုနည်းသင်တန်းများနှင့် SME အမြင်ဖွင့်သင်တန်းများ၊ ဈေးကွက်ရှာဖွေချိတ်ဆက်ခြင်းသင်တန်းများနှင့် လိုအပ်သော နည်းပညာဆိုင်ရာသင်တန်းများအား ဆက်စပ်ဦးစီးဌာနများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ အခါအားလျော်စွာဖွင့်လှစ်ပို့ချပေးခြင်း၊

(စ) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများအရောင်းပွဲတော်များတွင် ဒေသတွင်းစီးပွားဖြစ် စိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်းနှင့်အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသော ထုတ်ကုန်များအားထည့်သွင်းပြသနိုင်ရန် ချိတ်ဆက်ကူညီဆောင်ရွက်ပေးခြင်း။

## အခန်း(၉)

## လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း

၁။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ လူတစ်ဦးစီနှင့် အိမ်ထောင်စုများအား စီးပွားရေးနှင့် လူမှုရေး အန္တရာယ်ကျရောက်နိုင်မှုများမှ ကြိုတင်ကာကွယ်ပေးရေး၊ အခြေခံဝန်ဆောင်မှုများနှင့်အခြေခံ အဆောက်အအုံများ၊ စီးပွားရေးနှင့် အခွင့်အလမ်းများအား မြှင့်တင်ပေးရေး၊ ရုတ်တရက် ဝင်ငွေဆုံးရှုံးမှုများနှင့် အရေးပေါ်အခြေအနေများကြောင့် ဖြစ်ပေါ်လာသော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအခက်အခဲအကျပ်အတည်းများအား စီမံဖြေရှင်းနိုင်ရေးစသည်တို့ကို အစိုးရက မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အစီအမံများဖြင့် စနစ်တကျချမှတ် ဆောင်ရွက်ပေးသော လုပ်ငန်းစဉ် တစ်ရပ် ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကဏ္ဍလေးရပ်ဖြင့် ဆောင်ရွက်လျက် ရှိပါသည် -

(က) ကာကွယ်စောင့်ရှောက်မှုပေးသောလူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင်အခြေခံ လူမှုရေးဝန်ဆောင်မှုများ၊ လုပ်ငန်းအစီအစဉ်များ၊ လူမှုရေး အကူအညီပေးအပ်သော အစီအစဉ်များ၊ လူမှုရေးအာမခံအစီအစဉ်များနှင့် အများပြည်သူအလုပ်အကိုင်ရရှိရေး အစီအစဉ်များ၊

(ခ) ကြိုတင်ကာကွယ်သော လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် အခြေခံလူမှုရေး ဝန်ဆောင်မှုများပံ့ပိုးပေးခြင်းအစီအစဉ်များ၊ ဝင်ငွေဆုံးရှုံးမှု နည်းပါးသက်သာစေရေး ဆောင်ရွက်ပေးခြင်း အစီအစဉ်များ၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ကျန်းမာရေး ဘေးကင်းမှုရရှိစေရေး အစီအစဉ်များ၊

(ဂ) မြှင့်တင်ပေးသော လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် အိမ်ထောင်စုများ အနေဖြင့် လူသားအရင်းအနှီးဖွံ့ဖြိုးရေးနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ၊

(ဃ) အသွင်ပြောင်းလူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင်လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းစဉ် များဆောင်ရွက်သည့်အခါသာတူညီမျှရှိရေးနှင့် လူမှုရေးစုစည်းညီညွတ်မှုကို အဓိက လုပ်ငန်းတစ်ရပ်အဖြစ်ပေါင်းစည်းထည့်သွင်းဆောင်ရွက်ရေးအစီအစဉ်များ။

၃။ မြန်မာနိုင်ငံတွင် ယခုအခါထည့်ဝင်ငွေကောက်ခံပြီးငွေကြေးခံစားခွင့်ပေးအပ်သောအစီအစဉ် များ၊ ထည့်ဝင်ငွေမကောက်ခံဘဲ ငွေကြေးခံစားခွင့်ပေးအပ်သောအစီအစဉ်များနှင့် လူမှုရေး

ဝန်ဆောင်မှုအစီအစဉ်များကို အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ခေတ်မီစံပြကျေးရွာစီမံကိန်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေးကို ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ခေတ်မီစံပြကျေးရွာများတွင်လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်-

(က) ထိခိုက်လွယ်အုပ်စုများအတွက်ဦးတည်၍ Cash for Work စီမံကိန်းဆောင်ရွက်ခြင်း၊

( ခ) ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ခြင်း၊

(ဂ) သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်းနှင့် ထောက်ပံ့ပေးခြင်း၊

(ဃ) မိခင်နှင့် ကလေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) မူကြိုနှင့် နေ့ကလေးထိန်းဌာနများ ထူထောင်ပေးခြင်း၊

(စ) အခမဲ့အာဟာရ ထောက်ပံ့ခြင်း၊ ကျွေးမွေးခြင်း၊

(ဆ) ရပ်ရွာအခြေပြု လူမှုရေးအသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်း၊ အားပေးကူညီခြင်း၊

(ဇ) မသန်စွမ်းနှင့် ထိခိုက်လွယ်အုပ်စုများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း များ ဖန်တီးပေးခြင်း၊

(ဈ) ကျား-မရေးရာအသိပညာပေးခြင်းများ ဆောင်ရွက်ခြင်း၊

(ည) ယင်လုံအိမ်သာသုံးစွဲမှု မြှင့်တင်ခြင်း၊

(ဋ) ပြည်သူလူထုအား အသိပညာပေးလုပ်ငန်းများ (ကျန်းမာရေး၊ ယာဉ်စည်းကမ်း စသည်ဖြင့်) ဆောင်ရွက်ခြင်း။

ခေတ်မီစံပြကျေးရွာအတွင်းအထက်ဖော်ပြပါ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဓိကတာဝန်ယူဆောင်ရွက်ပေးရမည် မဟုတ်ဘဲ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဆက်စပ်ဦးစီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

**(က) ထိခိုက်လွယ်အုပ်စုများအတွက် ဦးတည်၍ Cash for Work စီမံကိန်းဆောင်ရွက်ခြင်း**

၅။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် ကျေးရွာရှိ ပြည်သူများအနေဖြင့် ၎င်းတို့ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ထိခိုက်လွယ်အုပ်စုများ

အတွက် ဦးတည်သည့် Cash for Work စီမံကိန်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းအကျိုးခံစားခွင့်ရှိသူများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စု၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ မိသားစုဝင်များသော အိမ်ထောင်စု သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါသည်များ မိသားစုဝင်အဖြစ်ပါဝင်သော အိမ်ထောင်စု၊ ပုံမှန်အလုပ်အကိုင် မရှိသောအိမ်ထောင်စု၊ ကျေးရွာတွင်(၁)နှစ်နှင့်အထက် နေထိုင်ပြီးသော အိမ်ထောင်စု၊ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ရန် စိတ်အားထက်သန်သော အိမ်ထောင်စုတို့ ပါဝင်ပါသည်။ စီမံကိန်းအကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များအား Cash for Work စီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲစာစောင်ပါလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ Cash for Work စီမံကိန်းအကျဉ်းချုပ်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

**ဆောင်ရွက်မည့်နည်းလမ်း**

၆။ Cash for Work စီမံကိန်းသည် တစ်ရွာလျှင် ကျပ်သိန်း(၁၀၀)ထောက်ပံ့ပေးပြီး ကျေးရွာ ကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်သားအင်အားအသုံးပြု ရသည့် (Labour Intensive) နည်းလမ်းဖြင့် ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**စီမံကိန်းကာလ**

၇။ စီမံကိန်းစတင်အကောင်အထည်ဖော်ချိန်မှ လုပ်ငန်းပြီးစီးသည်အထိ (၅) လထက် မပို သော ကာလဖြင့်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း**

၈။ စီမံကိန်းလုပ်ငန်းများရွေးချယ်ရာတွင် လုပ်အားခတန်ဖိုးသည် စီမံကိန်းထောက်ပံ့ငွေ၏ ပျမ်းမျှ (၅၀%) ရရှိနိုင်သော စီမံကိန်းလုပ်ငန်းခွဲမျိုးကိုသာ ရွေးချယ်ရမည်။ လုပ်အားခတန်ဖိုး သည် စီမံကိန်းထောက်ပံ့ငွေ၏ (၅၀%)ထက်ပိုမိုရရှိပါကလည်း ဆောင်ရွက်နိုင်သည်။ ချွင်းချက် အနေဖြင့် မြေပြင်အခြေအနေပေါ်မူတည်၍ လုပ်အားခတန်ဖိုး အနည်းဆုံး (၄၀%)မှ (၅၀%) အကြားရှိသော စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်လိုပါက ခိုင်လုံသောအကြောင်းပြချက်ဖော်ပြပြီး ပြည်နယ်/တိုင်း ဒေသကြီးကျေးလက်ဦးစီးဌာနမှတဆင့် ကျေးလက်ဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုချက်ရယူဆောင်ရွက် ရမည်ဖြစ်ပါသည်။

**ကော်မတီဖွဲ့စည်းခြင်း**

၉။ Cash for Work စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီကိုဖွဲ့စည်း၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာအတွင်းတွင် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းထားရှိပြီးဖြစ်ပါက အဆိုပါကော်မတီအား ဆက်လက်တာဝန်ပေးအပ်

ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းထားရှိခြင်းမရှိသေးပါက ကျေးရွာသူ/သား များ၏ အများသဘောတူညီချက်ရယူကာ Cash for Work စီမံကိန်းအကောင်အထည်ဖော်ရေး လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ငွေကြေးစီမံခန့်ခွဲခြင်း

၁၀။ Cash for Work စီမံကိန်းကျေးရွာရွေးချယ်ခြင်းနှင့် ငွေကြေးစီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရာတွင် Cash for work စီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲစာစောင် အခန်း(၁)တွင် ဖော်ပြထားသည့် အတိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## လုပ်ငန်းတာဝန်များ

၁၁။ စီမံကိန်းတွင် ကျေးရွာအဆင့်လုပ်ငန်းတာဝန်များ၊ မြို့နယ်အဆင့် လုပ်ငန်းတာဝန်များ၊ ပြည်နယ်/တိုင်းဒေသကြီးအလိုက်လုပ်ငန်းတာဝန်များနှင့် ပြည်ထောင်စုအဆင့်လုပ်ငန်းတာဝန်များကို Cash for Work စီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲစာစောင်ပါ အခန်း (၃) တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

## စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်းနှင့် စီမံကိန်းပိတ်သိမ်းခြင်း

၁၂။ စီမံကိန်းလုပ်ငန်းများအားစောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်းနှင့်စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ စစ်ဆေးအတည်ပြုခြင်းနှင့် ကျေးရွာကော်မတီထံလွှဲပြောင်းပေးအပ်ရမည့် အစီအစဉ်တို့အား Cash for Work စီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## (ခ) ကိုယ်ဝန်ဆောင်မိခင်များအားထောက်ပံ့ခြင်းနှင့် သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်း

၁၃။ မြန်မာနိုင်ငံ၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များသည် ၎င်းတို့လိုအပ်သော ပြုစုစောင့်ရှောက်မှုရရှိပြီးအာဟာရပြည့်ဝစေရန်နှင့် ရရှိသည့်ဝန်ဆောင်မှုများ ပိုမိုရယူ အသုံးပြုနိုင်စေရန် ဦးတည်၍ ကိုယ်ဝန်ဆောင်မိခင်ထောက်ပံ့ခြင်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မွေးစကလေးသူငယ်များသည် မွေးဖွားပြီး ရက်ပေါင်း (၁၀၀၀) အတွင်း ဖွံ့ဖြိုးမှုအများစု ဖြစ်ပွားသောကြောင့် ကလေးသူငယ်များကို မွေးစမှအစပြုလျက် သင့်လျော်သော ရုပ်ပိုင်း၊ အသိဉာဏ်ပိုင်းနှင့်လူမှုရေးပိုင်းဖွံ့ဖြိုးရေးပံ့ပိုးမှုပေးရန် အထူးအရေးကြီးကြောင်း သက်သေအထောက်အထားများဖြင့် တွေ့ရှိရပါသည်။

၁၄။ ခေတ်မီစံပြကျေးရွာများ၌ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ပေးခြင်းဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအနေဖြင့်ကိုယ်ဝန်ဆောင်မိခင်များအားလိုအပ်သောငွေကြေးထောက်ပံ့ခြင်း၊ ကိုယ်ဝန်ဆောင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရပြည့်ဝရေး အသိပညာ

များဖြန့်ဝေခြင်း၊ နို့တိုက်မိခင်များအားအာဟာရအသိပညာ၊ကလေးပြုစုစောင့်ရှောက်မှု၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ မိသားစုရေရှည်အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၁၅။ ခေတ်မီစံပြကျေးရွာများအတွင်း ကိုယ်ဝန်ဆောင်မိခင်များအတွက် ထောက်ပံ့ခြင်းများ လုပ်ငန်းများနှင့်ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့ကလူမှုဝန်ထမ်းဦးစီးဌာန၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်လူမှုအဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်းပေးသွားရန် ဖြစ်ပါသည်။

၁၆။ သက်ကြီးရွယ်အိုများအနေဖြင့် ဘဝရပ်တည်ရန် အခက်အခဲများနှင့် ဘေးအန္တရာယ်များကျရောက်စဉ်အတွင်းတွင် ထိခိုက်နစ်နာလွယ်မှုများ ရင်ဆိုင်နေရပါသည်။ ယင်းတို့တွင် ဝင်ငွေ များဆုံးရှုံးခြင်းနှင့် စုငွေများမလုံလောက်ခြင်း၊ တစ်ဦးတည်းနေရခြင်း၊ ပြုစုစောင့်ရှောက်သူ မရှိခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှုများ လုံလောက်စွာမရရှိခြင်းတို့ ပါဝင်ပါသည်။ သက်ကြီးရွယ်အိုများအတွက်ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ ရယူနိုင်စေရန် သက်ကြီးရွယ်အိုများထောက်ပံ့ခြင်း လုပ်ငန်းစဉ်များအား ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

၁၇။ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းကျေးရွာများ၌ သက်ကြီးရွယ်အိုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအနေဖြင့် ငွေကြေးထောက်ပံ့ပေးအပ်ခြင်း၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များအားဖွဲ့စည်းဆောင်ရွက်ခြင်းတို့ပါဝင်ပြီး အဆိုပါ လုပ်ငန်းများအား ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့က လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

### (ဂ) မိခင်နှင့် ကလေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၁၈။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကျေးရွာများ၌ မိခင်နှင့် ကလေးသူငယ်များ သည် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိစေရန်နှင့် ဆေးရုံတက်ရောက်ကုသရသည့် ကုန်ကျစရိတ်များ သက်သာစေရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ပါသည်။ စီမံကိန်းကျေးရွာများတွင် မိခင်နှင့်ကလေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအနေဖြင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိခင်နှင့် ကလေးသေဆုံးနှုန်းကျဆင်းရေးအတွက် ကျန်းမာရေးဆေးပေးခန်းများနှင့် သားဖွားခန်းများ ဖွင့်လှစ်ခြင်း၊ (၅) နှစ်အောက်ကလေးများ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကူးစက်ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

၁၉။ ထိုသို့ မိခင်နှင့် ကလေးကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် အသိပညာပေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့က ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်းပေးသွားရမည် ဖြစ်ပါသည်။

## (ဃ) မူကြိုနှင့် နေ့ကလေးထိန်းဌာနများ ထူထောင်ပေးခြင်း

၂၀။ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရပ်ရွာအခြေပြု မူလတန်းကြိုကျောင်းများနှင့် နေ့ကလေးထိန်းဌာနများအား စီမံကိန်းကျေးရွာများတွင်ဖွင့်လှစ် ပေးခြင်းများ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၂၁။ ခေတ်မီစံပြကျေးရွာများတွင် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် ရပ်ရွာအခြေပြု မူလတန်းကြိုကျောင်းများနှင့် နေ့ကလေးထိန်းကျောင်းများအား ဖွင့်လှစ် နိုင်ရေး အတွက် တည်ထောင်ခွင့်ပြုမိန့်များ လျှောက်ထားခြင်း၊ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးပြီးသော ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်းများအား နည်းပညာပံ့ပိုးပေးခြင်းနှင့် ဆရာမ ထောက်ပံ့ကြေးများ ထောက်ပံ့ခြင်း၊ သင်ထောက်ကူပစ္စည်းများ ဝယ်ယူခြင်းအတွက် သတ်မှတ်နှုန်းထားများဖြင့် ထောက်ပံ့ပေးခြင်း ၊ အုပ်ထိန်းသူ မိဘများအား ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးခြင်းအနေဖြင့် မိခင်ဝိုင်းများ ဖွင့်လှစ်ပေးခြင်းများ ပါဝင်မည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့က လူမှုဝန်ထမ်းဦးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းပေးသွားမည်ဖြစ်ပါသည်။

## (င) အခမဲ့အာဟာရ ထောက်ပံ့ခြင်း၊ ကျွေးမွေးခြင်း

၂၂။ ခေတ်မီစံပြကျေးရွာများတွင် အခမဲ့အာဟာရထောက်ပံ့ခြင်း အစီအစဉ်အနေဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ နို့စို့ကလေးရှိသော အမျိုးသမီးများနှင့် ငါးနှစ်အောက် ကလေးများ အတွက် အခမဲ့အာဟာရ ထောက်ပံ့ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ပါသည်။ အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့က အမျိုးသားအာဟာရပြည့်ဝမှုဗဟိုဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် ချိတ်ဆက်ညှိနှိုင်းပေးသွားရမည် ဖြစ်ပါသည်။

## (စ) ရပ်ရွာအခြေပြု လူထုအဖွဲ့အစည်းများ ခိုင်မာအားကောင်းစေခြင်း

၂၃။ ခေတ်မီစံပြကျေးရွာများတွင် ရပ်ရွာအခြေပြုလူထုအဖွဲ့အစည်းများ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာအတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စွမ်းဆောင်ရည် မြင့်မားလာစေပြီး ၎င်းတို့ လက်ရှိဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ထိထိရောက်ရောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် စီမံကိန်းကျေးရွာများတွင် လူမှုရေးအသင်းအဖွဲ့များ ခိုင်မာအားကောင်းစေရန်အတွက် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းများ၊ ကျေးရွာအဆင့်ခေါင်းဆောင်မှုဆိုင်ရာသင်တန်းများ၊ စီမံကိန်းစီမံခန့်ခွဲမှုသင်တန်း၊ စောင့်ကြည့်စစ်ဆေးခြင်းသင်တန်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားရမည်ဖြစ်ပါသည်။

၂၄။ အဆိုပါသင်တန်းများအား သက်ဆိုင်ရာကဏ္ဍအလိုက်ဖွင့်လှစ်နိုင်ရေး ခေတ်မီစံပြကျေးရွာ ထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့က သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အခြားဆက်စပ်ဦးစီးဌာနများနှင့် ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုး ရေး ကော်မတီဝင်များ၊ ကျေးရွာလူမှုရေးအဖွဲ့အစည်းများအား သင်ကြားပို့ချသွားမည် ဖြစ်သည်။

## (ဆ) မသန်စွမ်းနှင့် ထိခိုက်လွယ်အုပ်စုများအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဖန်တီးပေးခြင်း

၂၅။ ခေတ်မီစံပြကျေးရွာများတွင်မသန်စွမ်းသူများနှင့် ထိခိုက်လွယ်အုပ်စုများရှိပါက ၎င်းတို့၏ ဝင်ငွေရရှိရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေး သွားရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဌာနများမှ ဒေသအခြေအနေနှင့် ကိုက်ညီသည့် အသက်မွေး ဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးသွားသည့်အခါ အဆိုပါသင်တန်းများတွင် မသန်စွမ်းသူများ နှင့် ထိခိုက်လွယ်အုပ်စုများအား ပါဝင်စေ၍ သင်ကြားပေးရမည်ဖြစ်ပါသည်။

၂၆။ သင်တန်းပြီးဆုံးပါက မသန်စွမ်းသူများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် အလုပ်အကိုင် ရရှိစေရန် ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့က လူမှုဝန်ထမ်းဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ လူမှုအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာ အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်းပေးသွားရမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စတင် နိုင်ရန်အတွက် ငွေကြေးအရင်းအနှီးများရရှိစေရေး မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ချိတ်ဆက် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

## (ဇ) ကျား-မရေးရာတန်းတူမျှမှုရှိစေရေးဆောင်ရွက်ပေးခြင်း

၂၇။ ခေတ်မီစံပြကျေးရွာစီမံကိန်းကို လူထုအခြေပြုဖွံ့ဖြိုးရေးနည်းလမ်းဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ကျေးရွာအတွင်းရှိ အမျိုးသမီးများအားဦးဆောင်မှုအပိုင်း နှင့် ဆုံးဖြတ်ချက်ချသည့်အပိုင်းတို့တွင် အမျိုးသားများနည်းတူ ပူးပေါင်းပါဝင်မှု မြင့်မားလာစေ ရန်နှင့် ကျေးရွာလူထုအတွင်း ကျား/မရေးရာခွဲခြားဆက်ဆံမှုများနှင့်ပတ်သက်၍ အသိအမြင်များ ပြောင်းလဲ လာစေပြီး အတွေးအခေါ်အယူအဆများ မြင့်မားလာစေရန် ကျား/မရေးရာတန်းတူ ညီမျှမှုစနစ်ကို ထည့်သွင်းအကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။

၂၈။ ထိုသို့ ကျား/မတန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားစေသော လုပ်ငန်းများကိုဆောင်ရွက်ရာတွင် စီမံကိန်း၏ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စောင့်ကြည့်ကြီးကြပ်ရေး၊ အကြံပြုချက်ဖြေရှင်းရေးအပါအဝင် စီမံကိန်းစက်ဝန်းတစ်လျှောက်လုံးတွင် အမျိုးသမီးများ ပူးပေါင်းပါဝင် ဆောင်ရွက်စေရန် လုပ်ဆောင်ရမည်။ အမျိုးသမီးများအတွက် အခွင့်အလမ်းများ လက်လှမ်းမီမှုရှိစေရန်နှင့် တန်းတူအကျိုးခံစားခွင့်ရရှိစေရန် အောက်ပါ ဆောင်ရွက်မှုများကို ထည့်သွင်းသွားမည်ဖြစ်ပါသည်-

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွင် အမျိုးသမီးများပါဝင်နိုင်မည့် အခွင့်အရေးရှိပြီး ကော်မတီဥက္ကဌရာထူးအတွက် အမျိုးသားများသာမက အမျိုးသမီးများလည်း ပါဝင်ခွင့်ရှိသည်။

(ခ) စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ရာတွင် အမျိုးသမီးများမှ တူညီသော အလုပ်အကိုင် အခွင့်အလမ်းနှင့် တူညီသောလုပ်အားခ ရရှိခွင့်ရှိရမည်။

(ဂ) စီမံကိန်းဒေသတွင်းရှိ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများသည် စီမံကိန်းလုပ်ငန်းများတွင် လက်လှမ်းမီပါဝင်နိုင်မှုရှိရမည်။

(ဃ) စီမံကိန်းလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် အမျိုးသမီးများပူးပေါင်းပါဝင်နိုင်စေရေးဆောင်ရွက်ရမည်ဖြစ်ပြီး အမျိုးသမီးပါဝင်ဆောင်ရွက်မှုများအား မှတ်တမ်းထားရှိရမည်။

၂၉။ ခေတ်မီစံပြကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလိုအပ်ချက်များ ဖော်ထုတ်ခြင်းအပါအဝင် စစ်တမ်းကောက်ယူခြင်း၊ ကျေးရွာအစည်းအဝေးများတွင် စီမံကိန်းရေးဆွဲခြင်းနှင့်ဆုံးဖြတ်ချက်ချခြင်းတို့တွင် တက်ရောက်သူများ၏ အနည်းဆုံး ၄၀%မှာအမျိုးသမီးများဖြစ်ရမည်။ အမျိုးသမီး ပူးပေါင်းပါဝင်မှု (၄၀%)ဟုဆိုရာတွင် အရေအတွက်ကိုသာ ပြောဆိုခြင်းမဟုတ်ဘဲ အမျိုးသမီးများ၏ တက်ကြွစွာပူးပေါင်းပါဝင်မှု၊ ဝင်ရောက်ဆွေးနွေးနိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှုတို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ အမျိုးသမီးများသည် နဂိုမူလအလုပ်များတတ်ကြသည်ဖြစ်ရာ အစည်းအဝေးများပြုလုပ်ရာတွင် ၎င်းတို့လာရောက်နိုင်မည့်အချိန်နှင့် နေရာတို့ကို စဉ်းစားပေးရမည်ဖြစ်သည်။ ထို့အပြင်အမျိုးသမီးဟုဆိုရာတွင် အုပ်စုတစ်စု၊ လူမျိုးတစ်မျိုးကို ရည်ရွယ်ခြင်းမဟုတ်ဘဲ ဖယ်ကျဉ်ထားခြင်းခံရသော အမျိုးသမီးများအားလုံးကိုလည်း ပါဝင်လာနိုင်အောင် စည်းရုံးတွန်းအားပေးခြင်း တို့ပါဝင်ပါသည်။

၃၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များဖွဲ့စည်းရာတွင် အနည်းဆုံးအမျိုးသမီး (၄၀%) ပါဝင်ရမည် ဖြစ်ပါသည်။ ထို့သို့ပါဝင်ဖွဲ့စည်းခြင်းအားဖြင့် ခေါင်းဆောင်မှုတာဝန်များကို အမျိုးသားများနှင့်ပူးပေါင်း တာဝန်ယူလုပ်ကိုင်နိုင်ခြင်း၊ အမျိုးသမီးခေါင်းဆောင်များ ပိုမိုပေါ်ထွက်လာစေခြင်း၊

အမျိုးသမီးတို့၏ လိုအပ်ချက်များကိုလည်း အမျိုးသမီးထုကိုယ်စားတင်ပြနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည် ဖြစ်ပါသည်။ အထူးသတိပြုရန်မှာအမျိုးသမီးများသည် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် အရေအတွက်အားဖြင့် ပါဝင်စေခြင်းမျိုးမဟုတ်ဘဲအမှန်တကယ်ဆုံးဖြတ်ချက်ချနိုင်သည့်နေရာသို့ ရောက်ရှိလာစေရန်အတွက် တွန်းအားပေးလုပ်ဆောင်ရန် အရေးကြီးပါသည်။

၃၁။ ထို့အပြင်အမျိုးသမီးများအား အသက်မွေးဝမ်းကျောင်းနှင့်သက်ဆိုင်သည့် သင်တန်းများတက်ရောက်ခွင့်ရရှိစေခြင်း၊ စီမံကိန်းလုပ်ငန်းများတွင် အမျိုးသမီးများမှ တူညီသောအလုပ်အကိုင်များရရှိစေခြင်းတို့အား ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့သို့ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများမှတဆင့် မိသားစုဝင်ငွေတိုးပွားလာမည်ဖြစ်ပါသည်။

၃၂။ ခေတ်မီစံပြကျေးရွာများတွင် ကျား/မရေးရာ ကိစ္စရပ်များအတွက်လိုအပ်သည့် သင်တန်းပေးခြင်းများဆောင်ရွက်သွားရမည်ဖြစ်ပြီး သင်တန်းဖွင့်လှစ်ခြင်း၊ ဟောပြောပွဲများ ပြုလုပ်ပေးနိုင်ရေးအတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့က မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနများနှင့်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## (ဈ) ယင်လုံအိမ်သာသုံးစွဲမှု မြှင့်တင်ခြင်း

၃၃။ ခေတ်မီစံပြကျေးရွာများတွင် ပြည်သူများ၏ တစ်ကိုယ်ရည်ကျန်းမာသန့်ရှင်းရေး ကောင်းမွန်စေရေးအတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့က ကျန်းမာရေးနှင့် ကိုက်ညီမှုရှိသည့် ယင်လုံအိမ်သာသုံးစွဲသွားရန် ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ အသိပညာပေးခြင်း၊ ဟောပြောပွဲများဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းစသည့် ယင်လုံအိမ်သာသုံးစွဲမှုမြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## (ည) ပြည်သူလူထုအား အသိပညာပေးလုပ်ငန်းများ (ကျန်းမာရေး၊ ယာဉ်စည်းကမ်းစသည်ဖြင့်)ဆောင်ရွက်ခြင်း

၃၄။ ခေတ်မီစံပြကျေးရွာများတွင် ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ၊ ရာသီအလိုက်ဖြစ်ပွားတတ်သည့် ရောဂါများကာကွယ်နှိမ်နှင်းခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် လူမှုအဖွဲ့အစည်းတို့ဖြင့် ချိတ်ဆက်ပေးရမည်ဖြစ်ပါသည်။

၃၅။ ထို့ပြင် ကျေးရွာမီးဘေးကာကွယ်ရေးလုပ်ငန်းများအတွက် မီးသတ်ဦးစီးဌာန၊ လူမှုအဖွဲ့အစည်းများဖြင့် ချိတ်ဆက်အကူအညီတောင်းခံခြင်းများ ပြုလုပ်သွားရမည်ဖြစ်ပါသည်။ ကျေးရွာနေကျေးလက်နေပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာ ဆောင်ရွက်ရေးအတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့က ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီများဖြင့်ချိတ်ဆက်၍ ကျေးရွာအတွင်း ဟောပြောပွဲများ ကျင်းပပြုလုပ်ပေးခြင်းအစရှိသည့်လုပ်ငန်းများအား ကျေးရွာ၏ ဒေသအခြေအနေအပေါ်မူတည်၍ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## အခန်း(၁၀)

## သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၁။ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍအသီးသီးသည် သဘာဝသယံဇာတ အရင်းအနှီးများအပေါ် များစွာမှီခိုနေရသည့်အတွက် ကောင်းမွန်သော ဂေဟစနစ်များနှင့် သဘာဝ ပတ်ဝန်းကျင်များ ရေရှည်တည်တံ့နိုင်ရေးသည် များစွာအရေးကြီးလှပါသည်။ ထိုသို့ ကောင်းမွန် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် အဖိုးတန်သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရေး သည် လွန်စွာအရေးကြီးလှသည့်အတွက် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့် ရှောက်ရေးကဏ္ဍကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

### (က) ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း

၂။ စွန့်ပစ်ပစ္စည်းဆိုရာတွင် လူနှင့် တိရစ္ဆာန်တို့မှ အသုံးမပြုလိုတော့သဖြင့် စွန့်ပစ်လိုက် သည့် အရည်၊ အစိုင်အခဲ၊ အခိုးအငွေ့စသည့် အရာများအပြင် စက်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်း စသည့်တို့မှ ထွက်ရှိလာသော ဘေးအန္တရာယ်ရှိသည့် ဓါတုဗေဒပစ္စည်းများလည်း ပါဝင်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုသည် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးအပါအဝင် ကျန်းမာရေး၊ ဆင်းရဲ နွမ်းပါးမှု၊ ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အရင်းအမြစ်များ ထိရောက်စွာ သုံးစွဲမှု၊ ရေရှည်တည်တံ့သော ထုတ်လုပ်မှုနှင့် စားသုံးမှုပုံစံများစသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာများနှင့် ဆက်စပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းတွင် ရေရှည်ကောင်းမွန်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု စွမ်းရည်တည်ဆောက်နိုင်ရန်အတွက် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများကို ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

၃။ စီမံကိန်းကျေးရွာများအနေဖြင့် စွန့်ပစ်အမှိုက်စနစ်တကျစီမံခန့်ခွဲခြင်းလုပ်ငန်းကို အောက် ဖော်ပြပါ လုပ်ငန်းစဉ်များအလိုက် စနစ်တကျဆောင်ရွက်ရမည်ဖြစ်သည်-

(က) ကျေးရွာတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း၊

(ခ) ကျေးရွာလူထုအား စွန့်ပစ်အမှိုက် စုဆောင်း၊ သိမ်းဆည်းစွန့်ပစ်ခြင်းဆိုင်ရာ ပညာပေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊

(ဂ) ကျေးရွာတွင်းရှိ လူငယ်စေတနာ့ဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များကို စည်းရုံး ဆောင်ရွက်ခြင်း၊

(ဃ) စွန့်ပစ်အမှိုက်ထွက်ရှိသည့် ပမာဏခန့်မှန်းခြင်းနှင့် အမျိုးအစားခွဲခြားခြင်း၊

(င) စွန့်ပစ်အမှိုက်များ စုဆောင်းခြင်းနှင့် သယ်ယူခြင်း၊

(စ) စွန့်ပစ်အမှိုက်များကို ပြန်လည်တီထွင်သန့်စင်ခြင်း၊

(ဆ) သတ်မှတ်ထားသော မြေဖုံးအမှိုက်ကျင်းတွင် စွန့်ပစ်ခြင်း၊

(ဇ) လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ကုန်ကျစရိတ်များအတွက် လိုအပ်သော ရန်ပုံငွေထူထောင်ခြင်း။

၄။ ထိုသို့ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအစိုးမရဟုတ်သော အဖွဲ့အစည်းများ၊ ကျေးလက်ဒေသနေပြည်သူများနှင့်ပူးပေါင်းပြီးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်းကိုကျေးလက်နည်းဥပဒေနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ထုတ်ဝေသော ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်လက်စွဲစာစောင်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

## (ခ) အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးခြင်း

၅။ လေထုညစ်ညမ်းခြင်းဆိုသည်မှာ လေထုအလွှာအတွင်း မလိုလားအပ်သော ဓာတုပစ္စည်းများနှင့် အခြားအရာများပါဝင်နေမှုကြောင့် လေအရည်အသွေးကျဆင်းခြင်းဖြစ်ပြီး သက်ရှိများအသက်ရှုလိုက်သည့် လေထဲတွင် ဖုန်များ၊ အမှုန်များ၊ မွှေးသော အနံ့၊ နံသော အနံ့အသက်များ ရှိနေခြင်းသည် လေထုညစ်ညမ်းခြင်းတစ်မျိုးပင်ဖြစ်သည်။ လေထုညစ်ညမ်းမှုကြောင့် လူနှင့် တိရစ္ဆာန်များ၊ အပင်များ၊ သက်ရှိသက်မဲ့ပစ္စည်းများကိုထိခိုက်ပျက်စီးစေသည့်အပြင်လူတို့၏အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများပါ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ခေတ်မီစံပြ ကျေးရွာထူထောင်ရေးစီမံကိန်းဆောင်ရွက်သောကျေးရွာများတွင် အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချနိုင်ရေး အသိပညာပေးခြင်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့သည်သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအစိုးမဟုတ်သော အဖွဲ့အစည်းများ၊ ကျေးလက်ဒေသနေ ပြည်သူများနှင့်ပူးပေါင်းပြီး ကျေးရွာလူထုအား အသိပညာပေး သင်တန်းဖွင့်လှစ်ပို့ချပေးရမည်ဖြစ်သည်။ အဓိကအားဖြင့် အောက်ဖော်ပြပါအချက်များအား အသိပညာပေးဆောင်ရွက်သွားရမည်ဖြစ်သည် –

(က) မှိုစွဲသောကြောင့် ဖြစ်ပေါ်စေသော လေထုညစ်ညမ်းခြင်း၊

(ခ) အိမ်တွင်းအမှိုက်နှင့်အညစ်အကြေးများကြောင့်ဖြစ်သော လေထုညစ်ညမ်းခြင်း၊

(ဂ) ခြင်ဆေး၊ အမွှေးတိုင်၊ ဆေးလိပ်ငွေ့များ၊ ရေနံဆီမီးခွက်ကြောင့် ဖြစ်ပေါ်စေသော လေထုညစ်ညမ်းခြင်း၊

(ဃ) ဖုန်မှုန့်ကြောင့်ဖြစ်ပေါ်စေသော လေထုညစ်ညမ်းခြင်း၊

(င) ပိုးသတ်ဆေးများကြောင့် ဖြစ်ပေါ်စေသော လေထုညစ်ညမ်းခြင်း၊

(စ) တိရိစ္ဆာန်အညစ်အကြေးများကြောင့် ဖြစ်ပေါ်စေသော လေထုညစ်ညမ်းခြင်း၊

(ဆ) ချက်ပြုတ်ခြင်းကြောင့်ထွက်သော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းခြင်း၊

(ဇ) အိမ်တွင်းလေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသော စီးပွားရေးလုပ်ငန်းများ၊

(ဈ) လေထုညစ်ညမ်းမှု၏ အန္တရာယ်နှင့်

(ည) လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေး ဆောင်ရန်၊ ရှောင်ရန်အချက်များ။

၆။ ထိုသို့အသိပညာပေးသင်တန်းဖွင့်လှစ်ပို့ချရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေထားသော ကျေးလက်နေပြည်သူများအတွက် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင်ဖြစ်စေရေး အသိပညာပေးလက်စွဲစာစောင်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

## (ဂ) ကျေးရွာပိုင် ထင်းစိုက်ခင်း၊ အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်း

၇။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုအပေါ် အထောက်အကူဖြစ်စေရန်၊ သဘာဝပတ်ဝန်းကျင် တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရန်နှင့် ဒေသခံပြည်သူများ၏ အခြေခံ စားဝတ်နေရေးကို ဖြေရှင်းရာ၌ အထောက်အပံ့ဖြစ်စေရန်အတွက် ပြည်သူလူထု၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုဖြင့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် ကျေးရွာပိုင်ထင်းစိုက်ခင်း ထူထောင်ခြင်းနှင့် အစုအဖွဲ့ပိုင်သစ်တောထူထောင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ကျေးရွာပိုင်ထင်းစိုက်ခင်းနှင့် အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက် ရာ၌ သစ်တောဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ပါတို့ကို အဓိကထား ဆောင်ရွက်ရမည် ဖြစ်ပါသည်-

### ကျေးရွာပိုင်ထင်းစိုက်ခင်းထူထောင်ခြင်း

၈။ ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်လိုသောကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် သက်ဆိုင်ရာမြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီမှ သတ်မှတ်ထားသောသတ်မှတ်ချက်များ နှင့်အညီ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးထံသို့ လျှောက်ထားတင်ပြရမည်။ ထိုသို့ ဆောင် ရွက်နိုင်ရေးအတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့သည် သက်ဆိုင်ရာ သစ်တောဦးစီးဌာနနှင့်ချိတ်ဆက်၍ လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးရမည် ဖြစ်သည်။ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့မှခွင့်ပြုမိန့်ရရှိလျှင် ကျေးရွာပိုင်ထင်း စိုက်ခင်းကို အောက်ဖော်ပြပါ မြေနေရာများတွင် ထူထောင်စိုက်ပျိုးနိုင်သည်-

(က) ကျေးရွာရှိအများပိုင်မြေများ၊

(ခ) မြေလွတ်၊ မြေရိုင်းနှ င့် အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေ၊

(ဂ) သစ်တောမြေအတွင်းရှိ တောနိမ့်၊ တောပျက်နေရာများ။

**ကျေးရွာအစုအဖွဲ့ပိုင်သစ်တောထူထောင်ခြင်း**

၉။ ကျေးရွာအစုအဖွဲ့ပိုင်သစ်တောထူထောင်ခြင်း ဆောင်ရွက်ခွင့်ကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များ (Community Forestry Instructions) နှင့်အညီ မြို့နယ်သစ်တောဦးစီးဌာနမှတဆင့် လျှောက်ထားရမည်ဖြစ်သည်။ ခေတ်မီစံပြကျေးရွာထူထောင် ရေးမြို့နယ်လုပ်ငန်းအဖွဲ့သည် ကျေးရွာလုပ်ငန်းအဖွဲ့နှင့်ပူးပေါင်း၍ လိုအပ်သည်များကို ကူညီဆောင် ရွက်ပေးရမည်ဖြစ်သည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်လိုသော ဒေသခံ ပြည်သူများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်လိုသော အိမ်ထောင်စု များဖြင့် အသုံးပြုသူများအဖွဲ့ဖွဲ့စည်းရမည်၊

(ခ) သစ်တောကို အမှန်တကယ် မှီခိုအသုံးပြုနေသော တိုက်ရိုက်အကျိုးသက်ဆိုင်သူ များဖြင့် ဖွဲ့စည်းရမည်၊

(ဂ) ထိုသို့ဖွဲ့စည်းရာတွင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သူများနှင့် တိုင်ပင်၍ အကြံဉာဏ် ရယူနိုင်သည်၊

(ဃ) အမှတ်စဉ် (၁) ပါ အသုံးပြုသူများအဖွဲ့သည် ယင်းအဖွဲ့ဝင်များထဲမှ အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ထားသော ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အဖွဲ့ဝင် နှစ်ဦးတို့ဖြင့် စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည်၊

(င) ယင်းကော်မတီဖွဲ့စည်းရာ၌ ကျား-မတန်းတူရည်တူရှိမှုကို ထည့်သွင်းစဉ်းစားရမည်၊

(စ) စီမံခန့်ခွဲမှုကော်မတီကို အဖွဲ့ဝင်ဦးရေ မဂဏန်းဖြင့် လိုအပ်သလို (၁၁/၉/၇/၅) တိုးချဲ့ ဖွဲ့စည်းနိုင်သည်၊

(ဆ) အသုံးပြုသူများအဖွဲ့၏ အဖွဲ့ဝင်စာရင်းပြောင်းလဲခြင်းကို အဖွဲ့ဝင်အများစု၏ သဘော တူညီချက်ဖြင့် စီမံခန့်ခွဲမှုကော်မတီက အတည်ပြုဆောင်ရွက်နိုင်သည်။

၁၀။ အထက်ဖော်ပြပါ ကျေးရွာပိုင်ထင်းစိုက်ခင်းနှင့် အစုအဖွဲ့ပိုင်သစ်တောများထူထောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်၊ ပြည်နယ်/တိုင်းဒေသကြီးများမှ ပြဋ္ဌာန်းထားသော ကျေးရွာထင်း စိုက်ခင်းဥပဒေနှင့် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## (ဃ) ရေဝေရေလွှဲဒေသများတွင် သစ်ပင်စိုက်ပျိုးခြင်း

၁၁။ ရာသီဥတု ပြောင်းလဲခြင်းကြောင့် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်နေသောကြောင့် သဘာဝရေထွက်များ၊ တောတောင် စိမ့်စမ်းမှစ၍ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေတိမ်ဒေသတို့၏ ရေဝေရေလဲဧရိယာများနှင့် ရေဦးရေဖျားဒေသများရှိ သစ်တောဖုံးလွှမ်းမှုကို ကာကွယ်ထိန်းသိမ်းရန် အလွန်အရေးကြီးလှပါသည်။ ထို့ကြောင့် ကျေးရွာများတွင် မိုးခေါင်ရေရှားပါးခြင်း၊ နွေရာသီရေပြတ်လပ်ခြင်းများ မဖြစ်ပေါ်စေရေး ရေအရင်းအမြစ် နှင့်ရေဝေရေလွှဲထိန်းသိမ်းခြင်းကို ဒေသခံကျေးရွာသူ/ကျေးရွာသားများမှ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် ရေဝေရေလွှဲဒေသများ တွင် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၂။ ယင်းသို့ စီမံကိန်းကျေးရွာများ၌ ရေဝေရေလွှဲဒေသများတွင် သစ်ပင်စိုက်ပျိုးခြင်း ဆောင်ရွက်မည်ဆိုပါက ခေတ်မီစံပြကျေးရွာထူထောင်ရေးမြို့နယ်လုပ်ငန်းအဖွဲ့သည် သက်ဆိုင်သည့် သစ်တောဦးစီးဌာနနှင့် ပူးပေါင်းပြီး ရေဝေရေလွှဲသစ်တောများ ထိန်းသိမ်းခြင်းနှင့် ရေဝေရေလွှဲဒေသများတွင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ရေနှင့်ဆက်စပ်နေသော ဂေဟစနစ်များ ထိန်းသိမ်းခြင်း၊ သစ်တောများ၊ ရေဝပ်ဒေသများနှင့် မြစ်၊ချောင်း၊ အင်းအိုင်များကို ထိန်းသိမ်းကာကွယ်ခြင်းတို့ကို ရေတိုရေရှည်စီမံချက်များနှင့် အထူးစီမံချက်များချမှတ်ဆောင်ရွက်ခြင်းအပြင် ကျေးရွာသူ/သားများအား ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်း (၁၈) မျိုးနှင့်စပ်လျဉ်း၍ အသိပညာပေးအစီအစဉ်များ ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

## (င) ကျေးရွာတွင်းနှင့်ပတ်ဝန်းကျင်စိမ်းလန်းစိုပြေသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ခြင်း

၁၃။ ကျေးရွာပတ်ဝန်းကျင်နှင့် ကျေးရွာအတွင်းတွင် သစ်ပင်သစ်တောများနှင့်စိမ်းလန်းစိုပြေမည်ဆိုပါက ကျေးရွာသူ/သားများ၏ လူမှုဘဝများကို ကျန်းမာပျော်ရွှင်စေရုံသာမက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော၊ သန့်ရှင်းကောင်းမွန်သည့်ပတ်ဝန်းကျင်နှင့်အတူ လူနေမှုအဆင့်အတန်းများပါ မြင့်မားစေမည်ဖြစ်ပါသည်။ ထို့ကြောင့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ဆောင်ရွက်သောကျေးရွာများတွင် ကျေးရွာတွင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့သည် ကျေးရွာတွင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေသာယာလှပရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးရမည်။ ကော်မတီဖွဲ့စည်းခြင်းကို ကျေးရွာသူ/သားများ၏ ဆန္ဒပြုစနစ်ဖြင့် ကော်မတီ (ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့်အဖွဲ့ဝင်)တို့ဖြင့်အဖွဲ့ဝင်(၅) ဦးအောက်မနည်း မဂဏန်းဖြင့်ဖွဲ့စည်းရမည်။

၁၄။ ကျေးရွာတွင်းနှင့်ပတ်ဝန်းကျင်စိမ်းလန်းစိုပြေသာယာလှပရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျေးရွာဝန်းကျင်သန့်ရှင်းမှုလိုအပ်ချက်များကိုမှတ်တမ်းတင်ခြင်း၊

(ခ) ဆောင်ရွက်ရမည့် အပတ်စဉ်၊ လစဉ်လုပ်ငန်းများကို အစီအစဉ်ဆွဲခြင်း၊

(ဂ) သန့်ရှင်းရေးလုပ်ငန်းအတွင်လိုအပ်သောပစ္စည်းများအမှိုက်ပုံး၊အမှိုက်တောင်း၊) တံမြက်စည်း၊ဂေါ်ပြားစသည်တို့ကို စုဆောင်းခြင်း၊

(ဃ) အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရန်နှင့် စွန့်ပစ်ပြီးအမှိုက်များကို သိမ်းဆည်းဖျက်ဆီးရန် ညွှန်ကြားပြသထားသော နည်းလမ်းများအတိုင်း စီစဉ်ဆောင်ရွက်ခြင်း၊

(င) ကျေးရွာလမ်းများတွင်ချိုင့်ခွက်များ၊ ရွံ့ဗွက်များ၊ အညစ်အကြေးအမျိုးမျိုး၊ ခလုတ်ကန်သင်းများ စသည်တို့မရှိအောင် စီစဉ်ဆောင်ရွက်ခြင်း၊

(စ) ကျေးရွာလမ်းဘေး ဝဲယာတွင် သစ်ပင်များစိုက်ပျိုးခြင်း၊

(ဆ) အများပိုင်နေရာတွင် သစ်ပင်များစိုက်ပျိုးခြင်း၊

(ဇ) လူနှင့် တိရိစ္ဆာန်တို့ကို ရောဂါကူးစက်ဖြစ်ပွားစေနိုင်သည့် ပိုးမွှားများ၊ ကြွက်၊ ပိုး ဟပ်၊ ခြင်၊ ယင်စသည်များ ပေါက်ဖွားခိုအောင်းနိုင်သည့် အဆောက်အအုံဟောင်း များ၊ ပစ္စည်းဟောင်းများနှင့် အမှိုက်ပုံများမရှိစေရေးအတွက် ဆောင်ရွက်ရန်၊

(ဈ) ရေသိုလှောင်ထားသော ရေကန်၊ ပုံး၊ ခွက်၊ ပန်းအိုး စသည်တို့တွင် ပိုးလောက် လန်း၊ ခြင် စသည်တို့ မပေါက်ပွားစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ရန်၊

(ည) နေအိမ်ဝင်းခြံများအတွင်းဖြစ်စေ၊ ကျေးရွာအတွင်းဖြစ်စေ ရေဝပ်ခြင်းမဖြစ်ပေါ်စေရန် ရေစီးရေလာကောင်းမွန်သော ရေမြောင်းများ ဖော်ထုတ်ရန်နှင့် ထိန်းသိမ်းရန်၊

(ဋ) ကျေးရွာတွင်း လူနေအိမ်၊ ခြံစည်းရိုးများ စနစ်တကျကာရံခြင်းကို ဆောင်ရွက်ရန်၊

(ဌ) တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်ရန်၊ အိမ်တွင်းလေထုညစ်ညမ်းမှု ကာကွယ် ရေး အသိပညာပေးများ ဖြန့်ဝေရန်နှင့် စည်းရုံးဆောင်ရွက်ရန်၊

(ဍ) ခြံနွယ်ပိတ်ပေါင်းများမရှိစေရေးအတွက် ခုတ်ထွင်ရှင်းလင်းရန်နှင့် ထွက်ပေါ်လာသည့်အမှိုက်များကို စနစ်တကျ စွန့်ပစ်ရေးအတွက် ဦးစီးဆောင်ရွက်ရန်၊

(ဎ) ရေဆိုးများကို စနစ်တကျစွန့်ပစ်ရေးနှင့် ကောင်းမွန်သောမိလ္လာစနစ် ကျင့်သုံးရေး၊ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲစေရေးတို့အတွက် စည်းရုံးဆောင်ရွက်ရန်၊

(ဏ) ပတ်ဝန်းကျင်တွင် ကျင်ကြီး၊ ကျင်ငယ်စွန့်ခြင်း အလေ့အထကို ရှောင်ကြဉ်စေရေး ပညာပေးရန်၊

(တ) ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအတွက် လိုအပ်သော ရန်ပုံငွေရရှိစေရေးကို ကျေးလက်ဒေသနေပြည်သူများအား စည်းရုံးဆောင်ရွက်ရန်နှင့် ရန်ပုံငွေသုံးစွဲမှုများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြရန်။

၁၅။ ထို့ပြင် ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအပြင် သက်ဆိုင်ရာ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျေးလက်ဒေသနေ ပြည်သူလူထုများနှင့်ပူးပေါင်းပြီး အသိပညာပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။

## (စ) သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခြင်း

၁၆။ သဘာဝဘေးအန္တရာယ်သည် အချိန်အခါမရွေးပေါ်ပေါက်လာနိုင်သည့် မုန်တိုင်းတိုက်ခတ်ခြင်း၊ ဒီရေလှိုင်းတက်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီဖြစ်ခြင်း၊ မိုးခေါင်ခြင်း၊ မီးလောင်မှုဖြစ်ပွားခြင်း၊ တောမီးလောင်ခြင်း စသည်တို့ဖြစ်ပြီး လူသားတို့ အနေဖြင့် အသိနှင့် သတိထားကာ စဉ်ဆက်မပြတ် စောင့်ကြည့်ရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရေး အတွက် ခေတ်မီစံပြကျေးရွာထူထောက်ရေး မြို့နယ်လုပ်ငန်းအဖွဲ့မှဦးဆောင်၍ သက်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျေးလက်ဒေသနေပြည်သူများနှင့်ပူးပေါင်းပြီး သဘာဝ ပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်း အား စီမံကိန်းကျေးရွာများတွင် ကျေးလက်လူထုအား အသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချပေး ရမည်ဖြစ်သည်။

၁၇။ ကျေးလက်ဒေသများတွင်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်ပေါ်စေရေး၊ ရေရှည်စဉ်ဆက် မပြတ်တိုးတက်ကောင်းမွန်စေရေးအတွက်စနစ်ကျသောပတ်ဝန်းကျင်စီမံခန့်ခွဲမှုဖြစ်ပေါ်လာစေရေး နှင့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ချမှတ်ထားသော မူဝါဒလမ်းညွှန် ချက်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ရ မည်ဖြစ်သည်။

## (ဆ) အစိမ်းရောင်ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း

၁၈။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးများဖြစ်ဖို့ လိုအပ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေဖို့၊ လူမှုရေး ထိခိုက်မှုများ မရှိစေဖို့အပြင် သစ်တောအရင်းအမြစ်များ၊ ရေအရင်းအမြစ်များနှင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများအတွက် မြေထုအရင်းအမြစ်များကိုလည်းထိန်းသိမ်းစောင့်ရှောက်ရမည်။ ထို့ကြောင့် ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး ရေရှည်ဖွံ့ဖြိုး တိုးတက်သောကျေးရွာများ ပေါ်ထွက်လာစေရန်နှင့် ကျေးလက်လူနေမှုဘဝများ အဆင့်မြင့်မား တိုးတက်လာစေရန်အတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းတွင် အသိပညာပေး လုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ အသိပညာပေးဆောင်ရွက် ခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား လက်ရှိဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်း များကို အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး သဘောတရားများနှင့်အညီ လက်ခံ ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၉။ အသိပညာပေးသင်တန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသိပညာပေး ဆရာဖြစ်သင်တန်း တက်ရောက်ထားသူမှ ဦးဆောင်၍ အခြားဆက်စပ်ဦးစီးဌာနမှ တာဝန်ရှိသူ များနှင့် ပူးပေါင်းပြီး ခေတ်မီစံပြကျေးရွာအကောင်အထည်ဖော် ဆောင်ရွက်သော ကျေးရွာများ တွင် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်းအား သင်ကြားပို့ချရမည် ဖြစ်သည်။ အသိပညာပေးသင်တန်းအားကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များဖြစ်သည့် ကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့ဝင်များ၊ တောင်သူများ၊ စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများအား ပို့ချပေးမည်ဖြစ်သည်။ ထိုသို့ အသိပညာပေး သင်တန်းပို့ချရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှထုတ်ဝေထားသော အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းလမ်းညွှန်စာအုပ်အားကိုးကားပြီးအသိပညာပေး ခြင်းလုပ်ငန်းအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## (ဇ) ထင်းအစားထိုးလောင်စာ၊ စွမ်းအားမြင့်မီးဖိုသုံးစွဲရေး အသိပညာပေးဆောင်ရွက်ခြင်း

၂၀။ ကျေးလက်နေပြည်သူအများစုသည် နေ့စဉ်လောင်စာလိုအပ်ချက်ကို သစ်တော၊ သစ်ပင် ကနေ ထင်းအဖြစ် သုံးစွဲလျက်ရှိကြပြီး ကျေးရွာအနီးရှိ သဘာဝပတ်ဝန်းကျင်ကို အနည်းနှင့် အများ ထိခိုက်စေလျက်ရှိပါသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တော/ သစ်ပင်များထိန်းသိမ်းမှုတို့ကို အထောက်အကူပြုစေရန်အတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းတွင် ထင်းအစားထိုးလောင်စာတောင့်များ သုံးစွဲခြင်းနှင့် စွမ်းအားမြင့်မီးဖိုသုံးစွဲရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ထင်းအစားထိုးလောင်စာတောင့်များ သုံးစွဲခြင်း**

၂၁။ ထင်းအစားထိုးလောင်စာတောင့်များအား နေအိမ်များတွင်နေ့စဉ်ချက်ပြုတ်မှုနှင့်စားသောက်ဆိုင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများတွင် အစားထိုးအသုံးပြုခြင်းဖြင့် ကျေးလက်နေပြည်သူလူထုများ ကုန်ကျစရိတ်သက်သာစေပြီး လောင်စာစွမ်းအင် ပိုမိုထိရောက်စွာအသုံးချနိုင်စေရန်နှင့် ကျယ်ပြန့်စွာထုတ်လုပ်သုံးစွဲနိုင်ရေး အသိပညာပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထင်း/မီးသွေး အစားထိုးလောင်စာတောင့် အမျိုးအစားများဖြစ်သည့် အောက်ပါတို့ကို ထင်းအစား အခြားလောင်စာသုံးစွဲခြင်းဖြင့်သဘာဝသစ်တောများပြုန်းတီးမှုတစ်ဖြည်းဖြည်းလျော့နည်းသွားနိုင်ကြောင်း အသိပညာပေးလုပ်ငန်းများအား ဆောင်ရွက်ရမည် ဖြစ်သည်–

(က) စပါးခွံလောင် စာတောင့်၊

( ခ) ဆီးခွဲခြမ်းလောင်စာတောင့်၊

( ဂ) ရေနံချေး လောင် စာတောင့်၊

(ဃ) ကျောက်မီးသွေးလောင်စာတောင့်၊

( င) မီးသွေးမှုန့်လောင်စာတောင့်နှင့်

( စ) လွှစာမှုန့် လောင်စာတောင့်များ။

**စွမ်းအားမြင့်မီးဖိုသုံးစွဲရေး**

၂၂။ ကျေးရွာများတွင် သမရိုးကျ သုံးပွင့်ဆိုင် ဖိုခုံလောက်မီးဖိုများကို အသုံးပြုခြင်းကြောင့် လောင်စာစွမ်းအင်အလဟဿဖြစ်မှုများပြားပြီးအကျိုးဆက်အနေဖြင့်သဘာဝသစ်တောသစ်ပင်များ ခုတ်လှဲအသုံးပြုမှုများပြားကာ ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ ပျက်စီးပြုန်းတီးခြင်း၊ ရာသီဥတုဖောက်ပြန်လာခြင်း၊ မိုးခေါင်ရေရှားပါးမှုပြဿနာများ ဖြစ်ပေါ်လာနိုင်သောကြောင့် သမရိုးကျဖိုခုံလောက်မီးဖိုများ သုံးစွဲခြင်းမပြုဘဲ ထင်းကုန်ကျမှု (၄ဂ%)ခန့် သက်သာစေသော စွမ်းအားမြင့်မီးဖိုများအား သုံးစွဲလာစေရေးနှင့် ကျေးလက်နေပြည်သူလူထုအား သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိအမြင်များ ကျယ်ပြန့်လာစေရေး အသိပညာပေး လုပ်ငန်းများ အား ဆောင်ရွက်ရမည်ဖြစ်သည်။

၂၃။ ထင်းအစားထိုးလောင်စာတောင့်နှင့် စွမ်းအားမြင့်မီးဖိုသုံးစွဲရေးဆိုင်ရာ အသိပညာပေး သင်တန်းများအား ခေတ်မီစံပြကျေးရွာထူထောင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့သည် သက်ဆိုင်ရာ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာနတို့အပြင် ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျေးလက်ဒေသနေ ပြည်သူများနှင့်ပူးပေါင်းပြီး စီမံကိန်း ဆောင်ရွက်သောကျေးရွာများတွင် အသိပညာပေးသင်တန်းဖွင့်လှစ်ပို့ချခြင်းအား ဆောင်ရွက်ရမည်ဖြစ်သည်။

## အခန်း(၁၁)

## သတင်းအချက်အလက်များ ပြန်ကြားဆက်သွယ်မည့်အစီအစဉ်

### စီမံကိန်းသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်

၁။ သတင်းအချက်အလက်များ ပုံမှန်ပြန်ကြားပေးခြင်းဖြင့် စီမံကိန်းအပေါ် သဘောပေါက်နားလည်မှုတိုးတက်စေရန်၊ ပွင့်လင်းမြင်သာရှိမှုကို ဖော်ပြပေးခြင်းကြောင့် သက်ဆိုင်သူအားလုံးကို အပြုသဘောဆောင်သော ပုံရိပ်ဖန်တီးနိုင်ရန်၊ သတင်းအချက်အလက်များအား ကျေးလက်ဒေသအထိလွယ်ကူစွာစီးဆင်းနိုင်စေရန်၊ သတင်းအချက်အလက်အမှားများပျံ့နှံ့နိုင်မှုကိုကြိုတင်ကာကွယ်နိုင်စေရန်အတွက် သတင်းအချက်အလက်များကို ပြန်ကြားဖြန့်ဝေရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ သတင်းအချက်အလက်အသစ်များ ထွက်ပေါ်လာသည်နှင့် ရုံးချုပ်မှ ပြည်နယ်/တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်မှတဆင့် ကျေးရွာများသို့ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခြင်း၊ အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သတင်းအချက်အလက်များဖလှယ်နိုင်ရန်အတွက် အီးမေးလ်၊ ဖုန်း၊ လူမှုကွန်ယက်မီဒီယာများဖြစ်သည့် Viber၊ Facebook, Messenger များကိုအသုံးပြု၍ သတင်းအချက်အလက်များ ပြန်ကြားဆက်သွယ်ဆောင်ရွက်သွားနိုင်ရန် စီမံခန့်ခွဲသွားမည် ဖြစ်ပါသည်။

၂။ လုပ်ငန်းများစတင်ဆောင်ရွက်ခြင်းမတိုင်မီ လုပ်ငန်းဆိုင်ရာအချက်များကို ဖြန့်ဝေပေးခြင်း၊ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် အမှားအယွင်း မဖြစ်စေရန် လိုက်နာရမည့် အချက်အလက်များကို ကြိုတင်သိရှိစေရန် ဖြန့်ဝေပေးခြင်း၊ လက်စွဲစာစောင်၊ ပိုစတာ၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်း၊ ကြားခံမီဒီယာ၊ ကြော်ငြာဆိုင်းဘုတ်များဖြင့် လူထုသို့ နားလည်သိရှိစေခြင်း၊ လုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်း အထောက်အထားများအား လူထုသို့ ပွင့်လင်းမြင်သာအောင်ချပြပေးခြင်း၊ လုပ်ငန်းတိုးတက်မှုနှင့် အကောင်အထည်ဖော်ပြီးစီးမှုများကို မှတ်တမ်းထုတ်ပြန်ပေးခြင်း၊ အရိုးရှင်းဆုံး၊ အလွယ်ကူဆုံးနှင့် အကောင်းဆုံးနည်းလမ်းများကို အသုံးပြုပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ အကြောင်းအား ကျေးရွာသူ/သားများ မှတ်မိအောင် ဆောင်ရွက်ခြင်း၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို နားလည်အောင် ဆောင်ရွက်ခြင်းတို့အား ပြုလုပ်သွားမည် ဖြစ်သည်။

### ဝေဖန်အကြံပြုဖြေရှင်းဆောင်ရွက်ခြင်း

၃။ စီမံကိန်းအနေဖြင့်လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ဖြစ်ပေါ်လာနိုင်သောအခက်အခဲများ အချိန်နှင့်တပြေးညီဖြေရှင်းနိုင်ရန်တို့အတွက် ဝေဖန်အကြံပြုတိုင်ကြားခြင်းစနစ်ကို ထည့်သွင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ယင်းစနစ်တွင်

ကျေးရွာလူထုက မကျေနပ်ချက်များ၊ အကြံပြုချက်များရှိခဲ့ပါက အစည်းအဝေးများတွင် တင်ပြ အကြံပြုခြင်း၊ တယ်လီဖုန်း၊ စာဖြင့်၊ Email ၊ Social Media တို့မှတဆင့် အကြံပြုတိုင်ကြားနိုင်ရန် စီစဉ်ပါမည်။ စီမံကိန်းဆောင်ရွက်သည့် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် ပြည်ထောင်စုအဆင့်ရှိ ဆက်သွယ်ရမည့် အမည်၊ ဖုန်းနံပါတ်များကို ဆောင်ရွက်မည့် ကျေးရွာ အဆင့်ထိ အသိပေးဖော်ပြထားပြီး စီမံကိန်းနှင့် ပတ်သက်ပြီးဖြစ်ပေါ်လာသည့် အကြောင်းအရာ များကို ဝေဖန်အကြံပြုစေပါမည်။

**ပြည်သူ့ဆက်ဆံရေး**

၄။ စီမံကိန်းအကြောင်းအား ကျေးရွာလူထုပိုမိုသိရှိစေရန်အတွက် ကျေးရွာများတွင် စီမံကိန်း မိတ်ဆက်ပွဲများပြုလုပ်ခြင်း၊ သတင်းအချက်အလက်များ စီမံကိန်းကျေးရွာများသို့ ကောင်းမွန်စွာ စီးဆင်းရန်အတွက် စီမံကိန်းလက်ကမ်းစာစောင်များ၊ စီမံကိန်းပိုစတာများနှင့် စီမံကိန်းလက်စွဲ စာအုပ်များဖြန့်ဝေပေးခြင်း၊ Multi-Media အသုံးပြု၍ စီမံကိန်းနှင့် သက်ဆိုင်သည့် အသိပညာ ဗဟုသုတများ မျှဝေပေးခြင်း၊ လူထုစကားဝိုင်းများ၊ ဒီဂျစ်တယ်နည်းပညာ အသုံးပြု၍ ကျေးရွာ တွင်း သတင်းအချက်အလက် ဖြန့်ကြက်မှုစနစ်များ တည်ထောင်ပေးခြင်း စသည်တို့ ဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအား အများပြည်သူ ပိုမိုသိရှိနိုင်စေရန်အတွက် Mass Communication စနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် ပေးသွားမည်ဖြစ်ပြီး ဒေသတွင်း သက်ဆိုင်သူအားလုံးနှင့် ပြည်သူတစ်ရပ်လုံး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းတိုးတက်မှု အခြေအနေများကို သိရှိလေ့လာနိုင်ရန် တို့အတွက် နေ့စဉ်ထုတ်သတင်းစာများ၊ မြန်မာ့ရုပ်မြင်သံကြား၊ သတင်းမီဒီယာများ၊ Website နှင့် Social Media များမှတဆင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးသွားမည် ဖြစ်ပါသည်။

## အခန်း(၁၂)

## စောင့်ကြည့်စစ်ဆေးအကဲဖြတ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း

### စောင့်ကြည့်စစ်ဆေးခြင်း

၁။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းသည် လူထုအခြေပြုဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးရေး စီမံကိန်းဖြစ်သည့်အလျောက် စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ်အောင်မြင်မှုရရှိစေရန် စီမံကိန်း ကျေးရွာများရှိ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား သက်ဆိုင်ရာစီမံကိန်း ကျေးရွာကော်မတီနှင့်ကျေးရွာလူထုမှအနီးကပ်ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့အပြင် စီမံကိန်းအကောင်အထည်ဖော်သောအဖွဲ့အစည်းများဖြစ်သည့် သမဝါယမဦးစီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် အခြားဆက်စပ် ဦးစီးဌာနများမှ ချိတ်ဆက်ပူးပေါင်းကာ ကွင်းဆင်းစစ်ဆေးကြီးကြပ်ခြင်း၊ လိုအပ်သည့် နည်းပညာ များပံ့ပိုးပေးခြင်း၊ စီမံကိန်းဆိုင်ရာ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းများကို ဆောင်ရွက်သွား မည်ဖြစ်ပြီး ပြည်နယ်/ တိုင်းဒေသကြီး၊ ခရိုင်ကျေးလက်ဦးစီးဌာနမှလည်း တိုက်ရိုက်ကြီးကြပ် ဆောင်ရွက်ရပါမည်။ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတာဝန်ရှိဝန်ထမ်းများသည် စီမံချက် ဒေသများသို့ကွင်းဆင်းကြည့်ရှုခြင်းနှင့်ရှောင်တခင်စစ်ဆေးခြင်းမျိုးများပြုလုပ်သွားမည်ဖြစ်ပါသည်။

### အစီရင်ခံစာများ ပြုစုပေးပို့ခြင်း

၂။ စီမံကိန်းလုပ်ငန်းတိုးတက်မှုအခြေအနေများအား လစဉ်၊ သုံးလပတ်၊ ခြောက်လပတ်နှင့် နှစ်စဉ်အစီရင်ခံစာများပြုစုပေးပို့ ရမည်ဖြစ်ပါသည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသည် လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများကို လစဉ်၊ (၃) လပတ်၊ (၆) လပတ် ပြုစု၍ လုပ်ငန်းကဏ္ဍ (၁)၊ (၂)၊ (၅) နှင့် (၆) အား ပူးတွဲဖော်ပြပါ ပုံစံ (က) ဖြင့်လည်းကောင်း၊ လုပ်ငန်း ကဏ္ဍ (၃) နှင့် (၄) တို့အား ပူးတွဲဖော်ပြပါ ပုံစံ (ခ) ဖြင့်လည်းကောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

၃။ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှပေးပို့လာသောစာရင်းများအား စိစစ်၍ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများ ကို လစဉ်၊ (၃) လပတ်၊ (၆) လပတ်ပြုစု၍ ပူးတွဲပါ နောက်ဆက်တွဲ (ဂ)၊ (ဃ) နှင့် (င) တို့ဖြင့် လည်းကောင်း ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်လက် ပေးပို့တင်ပြရမည် ဖြစ်ပါသည်။

၄။ ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှပေးပို့လာသောစာရင်းများကိုစိစစ်၍စုစည်းပြီးလုပ်ငန်းတိုးတက်

မှုအစီရင်ခံစာများကို လစဉ်၊ (၃)လပတ်၊ (၆)လပတ်ပြုစု၍ ပူးတွဲပါ နောက်ဆက်တွဲ (စ)၊ (ဆ)နှင့် (ဇ) တို့ဖြင့်လည်းကောင်း ကျေးလက်ဦးစီးဌာန (ရုံးချုပ်) သို့ ပေးပို့တင်ပြရမည် ဖြစ်ပါသည်။

၅။ ကျေးလက်ဦးစီးဌာန(ရုံးချုပ်)သည်ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှပေးပို့လာသော ပြန်တမ်းများ၊ လစဉ်အစီရင်ခံစာများ၊ လုပ်ငန်းဆောင်ရွက်ချက်များကို စိစစ်အကဲဖြတ်ရမည်။ လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ရမည်။

၆။ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းများအားလုံး (အခြားဌာနဆိုင်ရာများမှဆောင်ရွက်သည့်လုပ်ငန်း)၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှပြုစုရမည်ဖြစ်ပြီး မြို့နယ်အဆင့်ကျေးလက်ဝန်ထမ်းများမှ မိမိဦးစီးဌာနမှ ဦးဆောင် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများအား စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်းဆောင်ရွက်ရမည်ဖြစ်ပြီးအခြားဌာနဆိုင်ရာများမှဆောင်ရွက်သည့်လုပ်ငန်းများအပေါ် တိုးတက်မှုကိုတောင်းခံပြုစုရမည်ဖြစ်သည်။

## စီမံကိန်းဆောင်ရွက်မှု အကဲဖြတ်သုံးသပ်ခြင်း

၇။ စီမံကိန်းကျေးရွာများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များအပေါ် စီမံကိန်းကဏ္ဍအလိုက် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့မှကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ကျေးရွာကော်မတီများပါဝင်သောဆန်းစစ်သုံးသပ်ပွဲကို ကျင်းပသွားရမည် ဖြစ်ပါသည်။း

## စီမံကိန်းယာယီရပ်ဆိုင်းခြင်း

၈။ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း စီမံကိန်းအား ယာယီရပ်ဆိုင်းလိုပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) သို့ ခိုင်လုံသောအကြောင်းပြချက်ဖြင့်တင်ပြ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ၏ ခွင့်ပြုချက်ဖြင့် စီမံကိန်းအား ယာယီရပ်ဆိုင်းနိုင်ပါသည်။

## ဝေဖန်အကြံပြုတိုင်ကြားခြင်း

၉။ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူ တစ်ဦးတစ်ယောက်၏ ထောက်ပံ့ငွေကို လွဲမှားစွာ အသုံးပြုခြင်းနှင့် အခြားမသင့်လျော်သည့် အပြုအမူများပြုလုပ်ခြင်းကဲ့သို့ တလွဲအသုံးပြုမှုများရှိပါက ထုတ်ဖော်တိုင်ကြားခွင့်ရှိပြီး ကျေးရွာလူထုအနေဖြင့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းနှင့်ပတ်သက်၍ မိမိတို့၏ ကိုယ်ပိုင်အမြင်၊ စိုးရိမ်ပူပန်မှု၊ အကြံပြုချက်နှင့် ကန့်ကွက်ချက်များကို တရားဝင်

တင်ပြနိုင်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှု၊ အလွဲသုံးစားပြုမှု၊ ကိုယ်ကျိုးရှာမှုများ လျော့နည်းလာစေမည်ဖြစ်ပါသည်။

၁၀။ စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သည့် ပုဂ္ဂိုလ်များအားလုံး မည်သူမဆို ဝေဖန်အကြံပြုတိုင်ကြားနိုင်ပါသည်။ သို့ရာတွင် ပုဂ္ဂိုလ်ရေးအရ မလိုမုန်းတီးမှုများကြောင့် မမှန်မကန် လိမ်လည်တိုင်ကြားခြင်းများ မပြုလုပ်ရန် လိုအပ်ပါသည်။

၁၁။ ဖြေရှင်းချက်များအား ပြန်လည်အသိပေးနိုင်ရန်အတွက် အကြံပြုတိုင်ကြားရာတွင် တိုင်ကြားသူ၏ အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ဖော်ပြတိုင်ကြားရန် ဖြစ်ပါသည်။ လိုအပ်ပါက တိုင်ကြားသူနှင့် ပတ်သက်သောအချက်အလက်များအား လုံခြုံစွာထိန်းသိမ်းပေးရမည်။

၁၂။ ဝေဖန်အကြံပြုတိုင်ကြားရာတွင် အောက်ဖော်ပြပါနည်းလမ်းများအသုံးပြု၍ တိုင်ကြားနိုင်ပါသည်-

(က) အစည်းအဝေးများတွင် တင်ပြအကြံပြုခြင်း၊ တိုင်ကြားခြင်း၊

( ခ ) တယ်လီဖုန်းဖြင့် အကြံပြုတိုင်ကြားခြင်း၊

( ဂ) စာဖြင့်ရေးသားပေးပို့ အကြံပြုတိုင်ကြားခြင်း၊

(ဃ) အီးမေးလ်၊ ဝက်ဘ်ဆိုက်၊ Social Media တို့မှတဆင့် အကြံပြုတိုင်ကြားခြင်း။

၁၃။ တိုင်ကြားချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်းစီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) တိုင်ကြားခြင်းခံရသည့် အဖွဲ့အစည်းထက် အနိမ့်ဆုံး တစ်ဆင့်မြင့် အဖွဲ့အစည်းမှ ဦးဆောင်၍ စုံစမ်းစစ်ဆေးခြင်း၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည်တိုင်ကြားစာပါအချက်အလက်များနှင့်ပတ်သက်၍လိုအပ်သည့်သက်သေများ၊စာရင်းဇယားအထောက်အထားများအားတောင်းယူစစ်ဆေးခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ အစီရင်ခံစာပြုစု၍ သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး ဦးစီးမှူး၏ ထောက်ခံတင်ပြချက်နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) သို့ တင်ပြခြင်း၊

(ဃ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရမည်၊

(င) စစ်ဆေးတွေ့ရှိချက်အပေါ် အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်၍ မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသည် တိုင်ကြားသူနှင့် ကျေးရွာသို့ ချပြ ရှင်းလင်းရမည်။

၁၄။ အကြံပြုတိုင်ကြားရာတွင် အောက်ဖော်ပြပါ လိပ်စာများသို့ လိပ်မူတိုင်ကြားနိုင်ပါသည်-

(က) မြို့နယ်ဦးစီးမှူး
---------------- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဖုန်းနံပါတ်-------------------။

( ခ) ခရိုင်ဦးစီးမှူး
--------------- ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
ဖုန်းနံပါတ်-------------------။

( ဂ) ပြည်နယ်/တိုင်းဒေသကြီးဦးစီးမှူး
-------------ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
ဦးစီးဌာန၊ဖုန်းနံပါတ်-------------------။

(ဃ) တိုင်းဦးစီးမှူး
ပြည်ထောင်စုနယ်မြေ(နေပြည်တော်)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
ဖုန်းနံပါတ် ---------------။

( င) ညွှန်ကြားရေးမှူး
စီမံကိန်းရေးဆွဲရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ်(၃၆)၊နေပြည်တော်
ဖက်စ်/ဖုန်းနံပါတ်၊ ၀၆၇-၄၂၈၆၂၂ / ၂၃
Email address – ir.hq@drdmyanmar.net
Website - www.drdmyanmar.gov.mm

နောက်ဆက်တွဲ (က)

**------------------------ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစာရင်း**

**------------------------------------------ ကဏ္ဍ**

| စဉ် | ကျေးရွာ<br>အမည် | လုပ်ငန်းအမည် | | အမျိုးအစား | အတိုင်းအတာ/<br>ယူနစ် | ကုန်ကျငွေ<br>(ကျပ်သန်း) | စတင်ရက် | ပြီးစီးရက် | ဆောင်ရွက်သည့်<br>အဖွဲ့အစည်း/ဌာန | လုပ်ငန်း<br>ပြီးစီးမှု % | မှတ်<br>ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | ပေါင်း | | | | | | | | |
| | | | စုစုပေါင်း | | | | | | | | |

**မှတ်ချက်။** **ကဏ္ဍ(၁)ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊**
**ကဏ္ဍ(၂)သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှုထောက်ပံ့ကူညီခြင်း၊**
**ကဏ္ဍ(၃)လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း** နှင့်
**ကဏ္ဍ(၆)သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ** အတွက် အသုံးပြုရမည့် ပုံစံဖြစ်ပါသည်။

နောက်ဆက်တွဲ (က)

------------------ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစာရင်း

------------------------------------------------------ ကဏ္ဍ

| စဉ် | ကျေးရွာအမည် | သင်တန်းအမည် | | ဖွင့်လှစ်မည့်ရက် | | သင်တန်းသားဦးရေ | | | လုပ်ငန်းခွင်အသုံးချနိုင်မှု | | | | အသုံးချနိုင်မှု % | ကုန်ကျငွေ (ကျပ်သန်း) | ဆောင်ရွက်သည့် ဌာန/အဖွဲ့အစည်း | ဆောင်ရွက်ပြီးစီးမှုအခြေအနေ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | မှ | ထိ | ကျား | မ | ပေါင်း | ကုမ္ပဏီ | ပုဂ္ဂလိက | ကိုယ်ပိုင် | ပေါင်း | | | | ပြီး | ဆဲ | ကျန် | |
| ၁ | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | ပေါင်း | | | | | | | | | | | | | | | | |
| | | | စုစုပေါင်း | | | | | | | | | | | | | | | | |

မှတ်ချက်။ ကဏ္ဍ(၃)အသက်မွေးဝမ်းကျောင်းနှင့်ကျေးလက်စီးပွားမြင့်မားစေရေးလုပ်ငန်းများ၊

ကဏ္ဍ(၄)အသင်းအဖွဲ့များနိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ အတွက် အသုံးပြုရမည့် ပုံစံဖြစ်ပါသည်။

နောက်ဆက်တွဲ (ဂ)

------------------- ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစာရင်း

------------------------------------- ကဏ္ဍ

| စဉ် | မြို့နယ် | ကျေးရွာ အမည် | လုပ်ငန်းအမည် | | အမျိုးအစား | အတိုင်းအတာ/ ယူနစ် | ကုန်ကျငွေ (ကျပ်သိန်း) | စတင်ရက် | ပြီးစီးရက် | ဆောင်ရွက်သည့် အဖွဲ့အစည်း/ဌာန | လုပ်ငန်း ပြီးစီးမှု % | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | ပေါင်း | | | | | | | | |
| | | | | စုစုပေါင်း | | | | | | | | |

မှတ်ချက်။ ကဏ္ဍ(၁)ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊
ကဏ္ဍ(၂)သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှုထောက်ပံ့ကူညီခြင်း၊
ကဏ္ဍ(၃)လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း နှင့်
ကဏ္ဍ(၆)သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အတွက် အသုံးပြုရမည့် ပုံစံဖြစ်ပါသည်။

နောက်ဆက်တွဲ (ဃ)

--------------------- ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစာရင်း

------------------------------ ကဏ္ဍ

| စဉ် | မြို့နယ် | ကျေးရွာအမည် | သင်တန်းအမည် | | ဖွင့်လှစ်မည့်ရက် | | သင်တန်းသားဦးရေ | | | လုပ်ငန်းခွင်အသုံးချနိုင်မှု | | | | အသုံးချနိုင်မှု % | ကုန်ကျငွေ (ကျပ်သန်း) | ဆောင်ရွက်သည့်ဌာန/အဖွဲ့အစည်း | ဆောင်ရွက်ပြီးစီးမှုအခြေအနေ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | မှ | ထိ | ကျား | မ | ပေါင်း | ကုမ္ပဏီ | ပုဂ္ဂလိက | ကိုယ်ပိုင် | ပေါင်း | | | | ပြီး | ဆဲ | ကျန် | |
| ၁ | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | |
| | | | | ပေါင်း | | | | | | | | | | | | | | | | |
| | | | | စုစုပေါင်း | | | | | | | | | | | | | | | | |

**မှတ်ချက်။** **ကဏ္ဍ(၃)အသက်မွေးဝမ်းကျောင်းနှင့်ကျေးလက်စီးပွားမြင့်မားစေရေးလုပ်ငန်းများ၊**
**ကဏ္ဍ(၄)အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ** အတွက် အသုံးပြုရမည့် ပုံစံဖြစ်ပါသည်။

နောက်ဆက်တွဲ (င)

-------------------- ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၄-၂၀၂၅ ၊ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာထူထောင်ရေးအတွက် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ

ရက်စွဲ-(        )

| စဉ် | မြို့နယ် | ကျေးရွာအမည် | ဖွံ့ဖြိုးရေးလုပ်ငန်းအမျိုးအစား | | | | | | | | | | | | | | | | | | | | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရေး | | | | | သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှုများ ကူညီထောက်ပံ့ခြင်း | | | | | အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားရေး | | | | | အသင်းအဖွဲ့များခိုင်မာ အားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း | | | | | လူမှုကာကွယ် စောင့်ရှောက်ရေး | | | | | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | |
| | | | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန်ရှိ | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန်ရှိ | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန်ရှိ | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန်ရှိ | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန်ရှိ | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန်ရှိ | ပြီးစီးမှု (%) | |
| ၁ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| စုစုပေါင်း | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |

နောက်ဆက်တွဲ (ဧ)

**------------------- ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစာရင်း**

**--------------------------------------------- ကဏ္ဍ**

| စဉ် | ခရိုင် | မြို့နယ် | ကျေးရွာ အမည် | လုပ်ငန်းအမည် | | အမျိုးအစား | အတိုင်းအတာ/ ယူနစ် | ကုန်ကျငွေ (ကျပ်သန်း) | စတင်ရက် | ပြီးစီးရက် | ဆောင်ရွက်သည့် အဖွဲ့အစည်း/ဌာန | လုပ်ငန်း ပြီးစီးမှု % | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | ပေါင်း | | | | | | | | |
| | | | | | စုစုပေါင်း | | | | | | | | |

**မှတ်ချက်။** **ကဏ္ဍ(၁)ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊**
**ကဏ္ဍ(၂)သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှုထောက်ပံ့ကူညီခြင်း၊**
**ကဏ္ဍ(၃)လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း** နှင့်
**ကဏ္ဍ(၆)သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ** အတွက် အသုံးပြုရမည့် ပုံစံဖြစ်ပါသည်။

နောက်ဆက်တွဲ (ဆ)

--------------------- ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစာရင်း

------------------------------------------- ကဏ္ဍ

| စဉ် | ခရိုင် | မြို့နယ် | ကျေးရွာအမည် | သင်တန်းအမည် | | ဖွင့်လှစ်မည့်ရက် | | သင်တန်းသားဦးရေ | | | လုပ်ငန်းခွင်အသုံးချနိုင်မှု | | | | အသုံးချနိုင်မှု % | ကုန်ကျငွေ (ကျပ်သန်း) | ဆောင်ရွက်သည့်ဌာန/အဖွဲ့အစည်း | ဆောင်ရွက်ပြီးစီးမှုအခြေအနေ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | မှ | ထိ | ကျား | မ | ပေါင်း | ကုမ္ပဏီ | ပုဂ္ဂလိက | ကိုယ်ပိုင် | ပေါင်း | | | | ပြီး | ဆဲ | ကျန် | |
| ၁ | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | | |
| | | | | | ပေါင်း | | | | | | | | | | | | | | | | |
| | | | | | စုစုပေါင်း | | | | | | | | | | | | | | | | |

မှတ်ချက်။ ကဏ္ဍ(၃)အသက်မွေးဝမ်းကျောင်းနှင့်ကျေးလက်စီးပွားမြင့်မားစေရေးလုပ်ငန်းများ၊

ကဏ္ဍ(၄)အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ အတွက် အသုံးပြုရမည့် ပုံစံဖြစ်ပါသည်။

နောက်ဆက်တွဲ (ဇ)

-------------------- ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာထူထောင်ရေးအတွက် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ

ရက်စွဲ-(        )

| စဉ် | ခရိုင် | မြို့နယ် | ကျေးရွာအမည် | ဖွံ့ဖြိုးရေးလုပ်ငန်းအမျိုးအစား | | | | | | | | | | | | | | | | | | | | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရေး | | | | | သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှုများ ကူညီထောက်ပံ့ခြင်း | | | | | အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားရေး | | | | | အသင်းအဖွဲ့များနိုင်မာ အားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း | | | | | လူမှုကာကွယ် စောင့်ရှောက်ရေး | | | | | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | |
| | | | | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | |
| ၁ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| စုစုပေါင်း | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |

## တိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာထူထောင်ရေးအတွက် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ

( - - ၂၀၂၄)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် အရေ အတွက် | ကျေးရွာ အရေ အတွက် | VDP ရေးဆွဲ ပြီး/မပြီး | ဖွံ့ဖြိုးရေးလုပ်ငန်းအမျိုးအစား | | | | | | | | | | | | | | | | | | | | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရေး | | | | | သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှုများ ကူညီထောက်ပံ့ခြင်း | | | | | အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေး မြင့်မားရေး | | | | | အသင်းအဖွဲ့များခိုင်မာ အားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း | | | | | လူမှုကာကွယ် စောင့်ရှောက်ရေး | | | | | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | |
| | | | | | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | လျာထား | ဆောင်ရွက်ပြီး | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | ပြီးစီးမှု (%) | |
| ၁ | နေပြည်တော် | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၂ | ကချင် | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၃ | ကရင် | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၄ | စစ်ကိုင်း | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၅ | တနင်္သာရီ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၆ | ပဲခူး | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၇ | မကွေး | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၈ | မန္တလေး | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၉ | မွန် | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၀ | ရခိုင် | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၁ | ရန်ကုန် | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၂ | ရှမ်း(တ) | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ရှမ်း(မ) | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၄ | ရှမ်း(ရ) | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| ၁၅ | ဧရာဝတီ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| စုစုပေါင်း | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |

SMART VILLAGE